www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ

# ကလေးကို စာဖတ်ပြတဲ့အခါ

ခင်ခင်သင်း



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတာဝန်အရေးသုံးပါး

သ်ထောင်စု မပြိုကွဲရေး — ဒို့အရေး
င်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
ချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး နှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်

# ကလေးကို စာဖတ်ပြုတဲ့အခါ

ခင်ခင်သင်း

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ
ပထမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ကလေးကိုစာဖတ်ပြတဲ့အခါ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၂၆၄၀၂၁၁ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၃၃၉၀၃၁၁ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း m.s.o ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၉(က)၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၁၊ ဇူလိုင်လတွင် တန်ဖိုး ၁၂၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် · ကိုတင်အေး (လှိုင်)

ခင်ခင်သင်း ၇၉၅ · ၇၄

ကလေးကိုစာဖတ်ပြတဲ့အခါ/ခင်ခင်သင်း။ - ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁။
စာမျက်နှာ ၁၀၄ မျက်နှာ၊ ၁၃ · ၂ စင်တီ× ၂၀ · ၅ စင်တီ
(၁) ကလေးကိုစာဖတ်ပြတဲ့အခါ

## မာတိကာ

| | | |
|---|---|---|
| ၁။ | ပုံပြင်တွေဘာကြောင့် အရေးကြီးသလဲ | ၁ |
| ၂။ | စာပေစွမ်းရည် | ၁၆ |
| ၃။ | မူကြိုအရွယ်အတွက် ပုံပြောချိန် | ၄၅ |
| ၄။ | ဖတ်ရှုခြင်းခရီးတာနှင့် မိုင်တိုင်များ | ၅၈ |
| ၅။ | ကလေးကို စာဖတ်ပြတော့ ဘာဖြစ်မှာလဲ | ၇၀ |
| ၆။ | အရေးအသား | ၇၃ |
| ၇။ | အရေးအသားကြိုက်သူကို ဘယ်လိုထပ်မံတည်ဆောက်ကြမလဲ | ၈၁ |
| ၈။ | အရေးအသား မှတ်တိုင်များ | ၉၀ |
| ၉။ | ရင်ခွင်ပိုက်၊ လမ်းလျှောက်စနဲ့ ကလေးသူငယ်မှန်သမျှကို စာဖတ်ပြခြင်းနဲ့ ပတ်သက်၍ .. | ၉၅ |

❑

www.burmeseclassic.com

www.burmeseclassic.com

## ပုံပြင်တွေ ဘာကြောင့်အရေးကြီးသလဲ

ကလေးတွေ နေ့စဉ်နေ့တိုင်း ရင်ဆိုင်ကြုံတွေ့ နေကြရတဲ့ အခက်အခဲတွေ၊ ခံစားချက်တွေကို ကျော်လွှားဖြတ်သန်းနိုင်ဖို့မှာ ပုံပြင်တွေရဲ့ အကူအညီအများကြီးလိုအပ်ပါတယ်။ ခံစားချက်ကို ပြောပြဖွင့်ဟဖို့ စကားလုံးမရှိသေးတဲ့ ကလေးတွေရဲ့အခက်အခဲကို မိဘတွေ ဘယ်လိုသိပြီးကူညီနိုင်မှာလဲ။ ပြောမပြတတ်သေးတဲ့၊ ပြောပြရကောင်းမှန်းလည်း နားမလည် မသိတတ်သေးတဲ့ကလေးတွေကို အချိန်မှန် အာဟာရကျွေး၊ ဖင်ကလေးပုပ်သိပ်ရုံနဲ့ သူတို့ရဲ့ခံစားမှုနဲ့ အခက်အခဲတွေ ပြေလည်မသွားနိုင်ပါဘူး။

ဘာတစ်ခုမှ မသိသေးတဲ့ကလေးငယ်တွေအတွက် သူစိမ်းဆန်နေသေးတဲ့ လောကကြီးထဲမှာ စိတ်အာရုံ လွှဲပြောင်းသက်သာစေဖို့ အကောင်းဆုံးနည်းလမ်းကတော့ ပုံ ပြင်ပြောပြခြင်းပါပဲ။ ဒါဟာ မိဘနဲ့ကလေးရဲ့ ကြားထဲမှာ ဆက်သွယ်ရေးစနစ်တစ်ခု စတင်တပ်ဆင်လိုက်ခြင်းလည်း ဖြစ်ပါတယ်။ ကလေးတွေအတွက် (ရင်ခွင်ပိုက်အရွယ်က စပြီး) ခေတ်မီပစ္စည်းအကောင်းစားကြီးတွေ ဝယ်ပေးထားပြီး ဆော့ချင်သလိုဆော့လို့ ပစ်ထားတာထက် ပုံမှန်အချိန်လေးတစ်ချိန် သတ်မှတ်ပြီး ကလေးနဲ့လက်ပွန်းတတီး ယုယုယယနေထိုင်ပေးရင်း ပုံပြောပြနေလိုက်ပါ။ ဒါဆို သားသမီးနဲ့ မိဘရဲ့ သံယောဇဉ်ဟာလည်း ပိုမိုခိုင်မာလာမယ်။ မိဘ ပြောဆိုဆုံးမတာကို နားထောင်တတ်တဲ့၊ နာခံတတ်တဲ့ သားသမီးဆိုတာ ပုံပြောင်းကောင်းတဲ့မိဘကို ပိုင်ဆိုင်ခွင့်ရခဲ့တဲ့ ကလေးတွေပါပဲ။ ဘဝတစ်လျှောက် အမှတ်ရစရာကလေး

www.burmeseclassic.com



ဘဝဆိုတာလည်း မိဘက ပြောပြနေတဲ့ပုံပြင်ကို နှစ်သက်ကြည်နူး၊ စိတ်ဝင်တစား နားထောင်ခဲ့ရတဲ့အချိန်တွေပဲပေါ့။

ကိုယ်တိုင်ဖန်တီးပြောရတဲ့ ပုံပြင်ပဲဖြစ်ဖြစ်၊ စာအုပ်ကိုင် ဖတ်ပြရတဲ့ ပုံပြင်ပဲဖြစ်ဖြစ် ပုံပြင်နားထောင်ရတာဟာ စာဖတ်တဲ့အလေ့ကို နှစ်လိုတတ်ဖို့အတွက် သင်ပေးနေတဲ့ လမ်းကြောင်းတစ်ခုပါပဲ။ စာအုပ်တွေရယ်၊ စာအုပ်ထဲက ပုဂ္ဂိုလ်တွေရယ် အားလုံးဟာ ကလေးရဲ့မိတ်ဆွေတွေ ဖြစ်လာမှာပါ။ အသုံးဝင်ပြီး အရေးပါတဲ့ အချက်အလက်၊ နည်းလမ်း ဥပဒေသတွေကို စာအုပ်ထဲမှာ ရှာလို့ရတယ်ဆိုတဲ့ အသိတရား တိုးတက်မြင့်မားလာဖို့လည်း လမ်းကြောင်းပေးခြင်းဖြစ်ပါတယ်။ ပြန်တွေးချင်စရာကောင်းတဲ့ အတိတ်ဆိုတာ ငယ်ဘဝက အနှစ်သက်ဆုံး ပုံပြင်စာအုပ်တစ်အုပ် ဖြစ်နေတတ်ပါတယ်။

## ကလေးနဲ့အတူ ဖတ်ရမှာလား

စာဖတ်ခြင်းဟာ လူတိုင်းအတွက် ပျော်မွေ့စရာကောင်းသလို လုပ်ကိုလုပ်သင့်တဲ့ အလေ့အထတစ်ခုဖြစ်ပါတယ်။ အပြင်သွားတိုင်း၊ လမ်းပေါ်ထွက်တိုင်း၊ သတိပေးဆိုင်းဘုတ်၊ အသိပညာပေးစာတန်း၊ လမ်းညွှန်စာတန်း စသဖြင့် ဖတ်ရ မှတ်ရမယ့် အရေးကြီးကိစ္စတွေရှိနေပါတယ်။ သတင်းစာ၊ ဂျာနယ်ကအစ စက်ပစ္စည်းတွေအသုံးပြုပုံ အညွှန်းတွေက လည်း မဖတ်မဖြစ် ဖတ်ရမယ့် စာတွေချည်းပါပဲ။

* စာဖတ်ခြင်းနဲ့ပတ်သက်ပြီး ကောင်းကျိုးရှိတာကို နားလည်စေဖို့ စာဖတ်တဲ့ပုံစံနဲ့ စာဖတ်ရတဲ့အကြောင်း အရာမျိုးစုံကို ကလေးမြင်အောင် ပြလုပ်သင့်ပါတယ်။ စာရွက်နဲ့ စာဖတ်တာ၊ ကတ်ပြား၊ ဘောက်ချာ စတဲ့ စာတွေအပြင် စာတန်းတွေ့တိုင်း စိတ်ဝင်တစား ဖတ်ရှု အကဲခတ်လေ့လာတဲ့ အမူအကျင့်လေးတွေ ကလေးရှေ့မှာ လုပ်ပေးပါ။
* စာဖတ်တာကို ကြိုက်နှစ်သက်တဲ့ ကလေးတွေဟာ ယုံကြည်ချက် ခိုင်မာတဲ့ သင်ယူလေ့လာသူတွေ ဖြစ်လာပါတယ်။
* စာဖတ်ခြင်းကနေ ရရှိနိုင်တဲ့အကျိုးဆက်တွေအပြင် တစ်သက်လုံး



ကျင့်သုံးနိုင်တဲ့ ပျော်မွေ့စရာ ဝါသနာတစ်ခုကိုပါ ပိုင်ဆိုင်သွားပါလိမ့်မယ်။

ဘာသာစကားဆိုတာ တစ်ယောက်နဲ့ တစ်ယောက် ဆက်သွယ်နိုင်တဲ့ ဆက်သွယ်ရေးကိရိယာပါပဲ။ ကိုယ်တိုင်အတွက် နားလည်မှု အသိပညာဖြစ်စေရုံတွင်မဟုတ်ဘဲ တစ်လောကလုံးကို အာရုံခံဖို့အတွက်လည်း အသုံးဝင်ပါတယ်။ ဒီကမ္ဘာကြီးဟာ ဘာသာစကားနဲ့ ဆက်သွယ်တည်ဆောက်ထားတာတဲ့ ကမ္ဘာကြီးပါ။ အဲဒီဘာသာစကားနဲ့ လောကသဘာဝကို သင်ယူဖို့အတွက် စာဖတ်ခြင်းဟာ အရေးကြီးတဲ့ လမ်းကြောင်းတစ်ခုပါပဲ။

* စာဖတ်ပြခြင်းနဲ့ ပုံပြောခြင်းတွေလုပ်နေတဲ့ သီးသန့်အချိန်လေးဟာ မိဘနဲ့သားသမီးအတွက် ထူးခြားတဲ့အချိန်တစ်ခုပါ။ ဒီအချိန်လေးမှာ သက်သောင့်သက်သာနဲ့ ပျော်မွေ့ကြည်နူးစရာဖြစ်နေမယ်ဆိုရင် ကလေးနဲ့မိဘကြားမှာ ကောင်းမြတ်တဲ့ မျိုးရိုးဆက်သွယ်မှုတစ်ခုဖြစ်ပြီး စာဖတ်ခြင်းဟာ နှစ်သက်ဖွယ်ရာ အလုပ်တစ်ခုဖြစ်ကြောင်း ကလေးကို ပြသရာရောက်ပါတယ်။
* နေ့စဉ်ဘဝအတွေ့အကြုံအပေါ်မှာ ရင်ဆိုင်ရတဲ့ အခက်အခဲ၊ စိုးရိမ်ထိတ်လန့်စိတ်နဲ့ အကြောက်တရားတွေကို အောင်အောင်မြင်မြင် ကျော်လွှားဖြတ်သန်း ထိုးဖောက်သွားနိုင်ဖို့ ပုံပြင်ဖတ်ပြခြင်းနဲ့ ပုံပြောခြင်းတို့က ကူညီပေးမှာပါ။
* မိဘကိုယ်တိုင်ပင် စာဖတ်ရန်အတွက် အကြောင်းမျိုးစုံနှင့် အခက်အခဲဖြစ်နေခဲ့လျှင် စာဖတ်ခြင်းဟာ အရေးကြီးတဲ့ကိစ္စတစ်ခုဖြစ်ကြောင်း ကလေးကို ပိုပြီး ပြသပြောဆိုရမှာပါ။ တတ်နိုင်သမျှ အိမ်မှာ စာအုပ်မျိုးစုံ ရှိနေဖို့ လိုပါတယ်။ စာဖတ်ဖို့အခွင့်အရေးဆိုတာ ကိုယ့်ရဲ့ ပြင်းထန်တဲ့ဆန္ဒတစ်ခုဖြစ်ကြောင်း ကလေးကို အလျဉ်းသင့်တိုင်း ပြောဆိုသင့်ပါတယ်။

## စာအုပ်နှင့်ပုံပြင်များရဲ့ အကူအညီ

ဘာသာစကားနဲ့ တွေးတောကြံဆခြင်းအတွက် အထောက်အကူကောင်းကောင်းပြုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



* ကလေးလေးတွေဟာ စာအုပ်ထဲကပုံတွေကိုကြည့်ပြီး ကမ္ဘာလောကကို သင်ယူနိုင်တယ်။ သိပ်ငယ်လွန်းသေးတဲ့အရွယ်မှာကတည်းက ဘယ်ပစ္စည်းကို ဘယ်လိုခေါ်တယ်ဆိုတာ သူတို့ သိရှိမှတ်သားသွားနိုင်ပါတယ်။
* စာအုပ်ကနေ သင်ယူနိုင်တာ အများကြီးရှိပါတယ်။ အရွယ်အစား၊ အရောင်၊ ပုံပန်းသဏ္ဌာန်၊ ဘယ်ပစ္စည်းဟာ ဘာနဲ့ပုံစံတူ၊ သဏ္ဌာန်တူဖြစ်တယ်၊ တခြားလူတွေနဲ့ သူတို့ရဲ့ ဘဝအကြောင်းတွေ၊ လောကခံတရားတွေ ဒါတွေအားလုံးကို စာအုပ်ကနေ သင်ယူရတာပါ။
* ကိန်းဂဏန်းနဲ့ အရာဝတ္ထု တစ်ခုနဲ့တစ်ခုကြားက အကြားအဟာ၊ အကွာအဝေးတွေကိုလည်း သင်ယူရရှိ နိုင်ပါတယ်။ ဥပမာ ဝက်ဝံသုံးကောင်ပုံပြင်မှာ ဝက်ဝံ သုံးကောင်ရှိတယ်။ ဖေဖေဝက်ဝံကြီးက တစ်ကောင်၊ မေမေဝက်ဝံကြီးက တစ်ကောင်၊ သားသားဝက်ဝံလေးက တစ်ကောင်၊ အားလုံးစုစုပေါင်း သုံးကောင်ဆိုတာမျိုးပေါ့။ နောက်ပြီး အကြီးအသေးပမာဏ၊ အပြင်နဲ့အတွင်း၊ အနေအထား အခေါ်အဝေါ် စတာတွေ အားလုံးကို သင်ပေးစရာမလိုဘဲနဲ့ နားထောင်နေတဲ့ပုံပြင် တွေဆီကနေ တတ်မြောက်သွားမှာပါ။
* ကလေးရဲ့ စိတ်ကူးစိတ်သန်းနဲ့ စိတ်ကူးဉာဏ်ကို ရင့်သန်စေအောင်လည်း ပုံပြင်တွေက ကူညီပေးပါတယ်။ အမြင်အကြားကတစ်ဆင့် ဆက်စပ်တွေးခေါ်မှုလမ်းကြောင်း မှန်အောင်လည်း တည့်မတ်ပေးနိုင်ပါတယ်။

**ကလေးရဲ့ခံစားမှုကို ထိုးဖောက်ဖြတ်သန်းဖို့**

ပုံပြင်တွေထဲမှာ ခံစားချက်တွေကို ပုံဖော်ထားတဲ့ အကြောင်းအရာတွေ ပါဝင်ပါတယ်။ ဒါကြောင့် ဒီလို ပုံပြင်တွေဖတ်ပြနေခြင်းက ကလေးကို သူ့ခံစားချက်တွေအားလုံးဟာ လက်ခံနိုင်စရာအကြောင်းတွေဖြစ်ကြောင်း သိရှိစေပြီး တခြားသူတွေရဲ့ ခံစားချက်ကိုလည်း ကိုယ်ချင်းစာနာ နားလည်လာစေနိုင်ပါတယ်။ ကလေးဟာ သူတစ်ယောက်တည်း အထီးကျန်မဟုတ်ဘဲ





[redacted]

တခြားကလေးတွေမှာလည်း သူ့လိုပဲ အလားတူခံစားချက်တွေ ရှိနေတယ်ဆိုတာ သိနားလည်လာမှာပါ။ အဓိအကြောင်းအရာကတော့ သူခံစားနေရသမျှဟာ ထူးခြားနိမ့်ကျတာ ဒါမှမဟုတ် မြင့်တက်သွေဖီနေတာ မဟုတ်ဘဲ ဖြစ်တတ်တဲ့သဘာဝတစ်ခုအဖြစ် အဆင်ပြေကြောင်း နားလည်သွားတာပါပဲ။

မိဘအနေနဲ့လည်း ပုံပြင်ပြောနေရင်း ကိုယ့်ရဲ့ကလေး ဘယ်လို ခံစားနေရတယ်ဆိုတာ သူ့ရဲ့တုံ့ပြန်မှုကို အကဲခတ်ပြီး သိနိုင်ပါတယ်။ ကလေးသိပ်ကြိုက်တဲ့ ပုံပြင်တစ်ပုဒ် ဒါမှမဟုတ် ပုံပြင်စာအုပ်တစ်အုပ်ထဲမှာ သူ့အတွက် တိုက်ရိုက်အထူးပြုသက်ရောက်စေတဲ့ အဓိပ္ပာယ်တစ်ခုခုပါမှန်း နားလည်ပါစေ။ အဲဒီအဓိပ္ပာယ်ဟာ သူ့ရဲ့ခံစားချက်ကို အကျိုးပြုကြောင်းလည်း သူ သိပါစေ။

ကလေးကို ပုံပြင်ဖတ်ပြနေခြင်းဟာ ကလေးရဲ့ခံစားချက်ကို နားလည်သိရှိမှန်း ပြသနေတာလည်းဖြစ်ပါတယ်။

ဥပမာ– မိဘက ဖတ်ပြနေတဲ့ပုံပြင်ထဲမှာ အမှောင်ကို ကြောက်တဲ့ တခြားကလေးတစ်ယောက် (တိရစ္ဆာန်တစ်ကောင်ပဲဖြစ်ဖြစ်) ပါမယ်ဆိုရင် မိဘက သူ့ကို နားလည်တယ်ဆိုတာ ကလေး သိသွားပါပြီ။ သိပ်ငယ်တဲ့အရွယ် ကလေးတိုင်း အမှောင်ကို ကြောက်တတ်ကြပါတယ်။

စာအုပ်တွေဟာ အကြောက်တရားကိုလည်း ရင်ဆိုင် ဖြေရှင်းပေးပါတယ်။ ထိတ်လန့်စိုးရွံ့မှုတွေပါတဲ့စာအုပ်က စိုးရွံ့ထိတ်လန့်မှုတွေကို ရင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ဖြတ်ကျော်ဖို့ ကလေးကို တွန်းအားပေးပါတယ်။ ဒီလိုပုံပြင်ကို ထပ်တလဲလဲ ကြားရ ဖတ်ရတဲ့ကလေးဟာ သူ့ရဲ့ကြောက်ရွံ့ထိတ်လန့်မှုတွေကို ကိုင်တွယ်ဖြေရှင်း ရဲလာပါတယ်။ တစ်နည်းအားဖြင့် ရဲရင့်လာတယ်ပေါ့။ ဒါကြောင့် ကလေး ဖတ်စေချင်တဲ့စာအုပ်ကို ဘယ်နှကြိမ်ပဲဖြစ်ဖြစ် ထပ်ခါထပ်ခါ ဖတ်ပြ ရှင်းပြဖို့ ဝန်မလေးပါနဲ့။

## ယုံကြည်မှုဖွံ့ ဖြိုးဖို့ပုံပြင်နှင့် သိစေ(တတ်)ခြင်း

မိဘတွေအနေနဲ့ ကိုယ်ဟာ လောကထဲမှာ ဘယ်နေရာမှာ အံဝင်နေသလဲဆိုတာ သိရှိခြင်းက ကောင်းတဲ့သဘောတရား၊ ခံစားနားလည်မှုနဲ့ ယုံကြည်မှုကို တည်ဆောက်နေတဲ့ အစိတ်အပိုင်းပါပဲ။ အဘိုးအဘွားနဲ့ မိဘက ပြောပြနေတဲ့ မိသားစုပုံပြင်တွေထဲမှာ "မေမေ ချာတိတ်မလေးဘဝမှာပေါ့" ဆိုတဲ့စကားစုတွေဟာ "မိသားစုဝင်အဖြစ် ပါရှိနေခြင်း"ဆိုတဲ့ အာရုံခံစားမှုကို ဖွံ့ဖြိုးလာစေပါတယ်။ မိဘကိုယ်တိုင်က တခြားမိသားစုဝင် ဘဝက လာခဲ့တာချည်းဖြစ်ပြီး မိသားစုပြိုကွဲခဲ့ဖူးတဲ့သူတွေအတွက် ဒီအချက်က ပိုပြီး အရေးကြီးပါတယ်။ အချိန်တန်ရင် ကလေးက ဒီကိစ္စကို သိနားလည်နေတာ တွေ့ရပါလိမ့်မယ်။

ပုံပြင်ပြောဖို့ သီးသန့်အချိန်တစ်ခု သတ်မှတ်ထားလိုက်ရင် ကလေးဟာ အဲဒီအချိန်ရောက်တာနဲ့ အိပ်ရာဝင်ဖို့ မငြင်းတော့ပါဘူး။ အလိုလို အိပ်ရာဆီ ခြေဦးလှည့်ပြီးသား ဖြစ်နေမှာပါ။ မိဘနားကပ်နေပြီး အေးဆေးသက်သာစွာနဲ့ ပုံပြင်နားထောင်ပြီး အိပ်ဖို့ အဆင်သင့်ပြင်နေတတ်ပါလိမ့်မယ်။

* ပုံပြင်စာအုပ်တွေဟာ ကလေးကို သူ့လောကရဲ့ ဖိအားနဲ့ စိတ်ဖိစီးမှုတွေကနေ လွတ်မြောက်ကင်းရှင်းတဲ့ စိတ်ကူးယဉ် ထူးခြားဆန်းကြယ်တဲ့ ကမ္ဘာလေးတစ်ခုဆီကို ခေါ်ဆောင်ရောက်ရှိသွားစေပါတယ်။
* အရေးအကြီးဆုံးအချက်ကတော့ ကလေးဟာ မိဘနဲ့အတူတူ အချိန်တွေကို ဖြတ်သန်းနေရင်း သန်မာ ဖွံ့ဖြိုးစွာ အရွယ်ရောက်နေတယ်ဆိုတာပါပဲ။



ကလေးကို စာဖတ်ပြခြင်းနဲ့ ပုံပြင်ပြောပြနေခြင်းဟာ သူတို့ကို ချစ်ခင်စရာ လူတစ်ယောက်အဖြစ်ကို ခံစားသိရှိစေတဲ့အပြင် စာအုပ်တွေကို ချစ်တတ်လာအောင် သီးသန့်"ရှယ်"အချိန်ကလေးတွေ ဝေမျှပြီး သင်ပေးနေခြင်းပါ။ ကလေးတိုင်း ဒီအချိန်တွေကို မက်မောကြပါတယ်။

## ပုံပြောသူများအတွက် မှတ်စု

ပုံပြင်ဖတ်ပြတာပဲဖြစ်ဖြစ်၊ ပြောပြတာပဲဖြစ်ဖြစ် ဒါဟာ ကလေးကို နည်းလမ်းများစွာနဲ့ ကူညီနေတာပါ။ အကောင်းဆုံးလုပ်ပေးနိုင်ရင် အပြန်အလှန် အကျိုးရှိပါတယ်။ တချို့မိဘတွေက ပုံပြင်ပြောရတာ သိပ်မကြိုက်ကြဘူး။ တချို့ ဆို စာမဖတ်ချင်ကြပါဘူး။ ကိုယ်တိုင်အတွက်ရော၊ ကလေးအတွက်ပါ အကောင်းဆုံးနည်းလမ်းကို လုပ်ဆောင်ရမှာ မဟုတ်လား။

* စာမပါတဲ့ ပုံပြစာအုပ်တွေရှိပါတယ်။ ဇာတ်လမ်းတစ်ခု ဖန်တီးပြီး ပုံတွေကို ပြလို့ရပါတယ်။

  စာဖတ်ပြနေရင် ဒါမှမဟုတ် ပုံပြောနေရင် ကလေးရဲ့ ဦးဆောင်မှုကို လိုက်ဖို့ကြိုးစားပါ။ ဒါဆိုရင် မိဘဟာ ကလေးအတွက် အဖော်တစ်ယောက်ဖြစ်ခွင့်ရသွားပါတယ်။ ထပ်ကာ ထပ်ကာ နားထောင်ချင်တဲ့စာကို များများဖတ်ပြပါ။ ကလေးက ရပ်ဆိုမှရပ်ပါ။ ကလေးက ကျော်ဖတ်ပါလို့ ပြောရင်လည်း ကျော်သာဖတ်ပြလိုက်ပါ။ ကလေး ကြိုက်သလို ညွှန်ကြားပါစေ။ တတ်နိုင်သလောက်တော့ စာအုပ်တစ်အုပ်လုံး ခြုံငုံမိအောင် ဖတ်ပြပါ။ ဒါမှလည်း ကလေးက ရွေးချယ်ရှာဖွေခွင့်ရမှာပါ။
* စာကြည့်တိုက်အသင်းဝင်ထားပါ။ ပထမတော့ အကျင့်မရှိရင် စာကြည့်တိုက်မှာ ကြောင်တောင်တောင် ဖြစ်နေဦးမှာပဲ၊ ကြားရက်တွေမှာ သွားရင် စာကြည့်တိုက်က လူနည်းပါတယ်။ စာကြည့်တိုက်ကို မေးမြန်းစုံစမ်းပြီး ကလေးအတွက် အရွယ်နဲ့လိုက်တဲ့စာအုပ်ကို ရှာနိုင်းပါ။ စာကြည့်တိုက်မှူးဆိုတာ ဒီကိစ္စအတွက် သီးသန့် လေ့ကျင့်ထားတဲ့သူတွေမို့ သူတို့ ကျေကျေနပ်နပ် ကူညီကြမှာပါ။
* စာအုပ်သုံးလေးအုပ် ငှားရမ်းသွားပါ။ ဒါပေမဲ့ ကလေးက ထပ်တလဲ

www.burmeseclassic.com



လဲ မှာနေတဲ့စာအုပ်ဆိုရင်တော့ ကိုယ်ပိုင် ဝယ်ထားရမယ့်စာအုပ်ပဲလို့ နားလည်ပါ။

* စာအုပ်ဆိုင်နဲ့ စာအုပ်ဈေးပွဲတော်တွေကို လှည့်ပတ်သွားပါ။ သိပ်ကောင်းတဲ့စာအုပ်တချို့ဟာ တစ်ခါတစ်ရံ အဖုံးမပါဘဲ ဈေးသက်သာတဲ့စာအုပ် ဖြစ်နေတတ်ပါတယ်။
* စာအုပ်ဖတ်တာကို ကြိုက်လာပြီဆိုရင် ဆိုင်ကြီးတွေက ဈေးသက်သာတဲ့ စာအုပ်တွေကို ကလေးအတွက် အပိုင်ဝယ်ပါ။
* ကလေးကို စာအုပ်လက်ဆောင်ပေးတဲ့အလေ့ လုပ်ပါ။ မွေးနေ့ကအစ နာမည်တပ်လို့ရတဲ့ နေ့တွေမှာပေါ့။ ဒါဟာ ကြီးကျယ်တဲ့ လက်ဆောင်ပါပဲ။

## ရင်ခွင်ပိုက်ကလေးများ

* ယုယုယယ ထွေးပိုက်ကြင်နာတာကို နှစ်သက်ကြတယ်။ ပြီးတော့ မိဘရဲ့အသံနဲ့ ညင်သာငြိမ့်ညောင်း တဲ့ စကားသံတွေကို ကြိုက်တယ်။ ***စကားလုံးတွေ ရဲ့အဓိပ္ပာယ်ကို နားမလည်သေးသမျှ ကာလပတ်လုံး ဒါဟာ လိုအပ်ပါတယ်။***





* မွေးကင်းစကစပြီး စာအုပ်တွေကို သင်ယူနိုင်တယ်။ တောက်ပတဲ့ ရောင်စုံအရုပ်တွေကိုပြပြီး အရာဝတ္ထုတွေရဲ့ အခေါ်အဝေါ်တွေကို ပြောပြပါ။ ဒါမှမဟုတ် ရုပ်ပုံလေးအကြောင်း သီချင်းကဗျာလေးလုပ်ပြီး ရွတ်ဆိုပြပါ။ မိဘနဲ့နေရတာ ပျော်ရွှင်နှစ်သက်ပြီး မိဘပြောတဲ့ စကားလုံးတွေကို စကားမပြောတတ်ခင်ကတည်းက နားလည်လာမှာပါ။ ကတ္တူ ပလတ်စတစ်အဖုံးနဲ့ စာရွက်တွေဟာ ရင်ခွင်ပိုက်အရွယ်အတွက် သင့်တော်ပါတယ်။ ရေနဲ့ သန့်ရှင်းရေးလုပ်ပြီး အကောင်းအတိုင်း ဆက်ဖတ်လို့ရတယ်လေ။
* စာအုပ်ထဲက ဖတ်ရမယ့်ခေါင်းစဉ်တွေကို ကလေးနဲ့အတူ ကြည့်ပါ။ ခေါင်းစဉ်ကို အရင်ဖတ်ရမယ်ဆိုတာ ကြိုတင်လေ့ကျင့်တဲ့ သဘောပါ။

## လမ်းလျှောက်တတ်စကလေးများ

* ညစဉ်ညတိုင်း အိပ်ရာဝင်ပုံပြင်အတွက် အချိန်တစ်ခု သီးသန့် သတ်မှတ်ထားပါ။ ပုံပြင်တွေဟာ ရိုးစင်းပြီး ရှင်းလင်းတိုတောင်းပါစေ။ ဒီအရွယ်မှာ အကြာကြီး အာရုံမစိုက်နိုင်သေးပါဘူး။
* ဒီအရွယ်ကလေးတွေဟာ သူတို့သိပြီးသားပစ္စည်းတွေပါတဲ့ စာအုပ်၊ ရိုးရှင်းတဲ့ သားချော့တေးနဲ့ ရောင်စုံရုပ်ပုံတွေပါတဲ့စာအုပ်တွေကို နှစ်သက်ကြပါတယ်။
* ကလေးတွေရဲ့ ဖွံ့ဖြိုးကြီးပြင်းမှုနဲ့ သင်ယူခြင်းအတွက် ကလေးအကြိုက်ဆုံးဖြစ်တဲ့ ပုံပြင်၊ စာအုပ်ကို သူ နားထောင်ချင်တိုင်း ပြောပြဖတ်ပြပေးခြင်းဟာ အရေးပါတဲ့လိုအပ်ချက်ပါ။
* ၂ နှစ်သားအရွယ်ကလေးက မိဘကျန်ခဲ့တဲ့ စကားလုံးနဲ့ အမှားတွေကို ထောက်ပြနိုင်ပါတယ်။ သူတို့ ကြိုက်တဲ့ပုံပြင်ထဲက သူတို့နားလည် ခံစားရတဲ့ အပိုဒ်ကလေးတွေကိုလည်း တစ်ခါထက်ပိုပြီး ကြားချင်ကြပါတယ်။ "မင်းသားလေးက လွှတ်သွားတာပေါ့" ဆိုတာမျိုးပါ။ "လူဆိုးတွေ အားလုံးကြောက်ပြီး ထွက်ပြေးကုန်တယ်" ဆိုတာမျိုးပါ။

www.burmeseclassic.com



**မူကြိုအရွယ်ကလေးများ**

* ကလေးကြိုက်တဲ့ ပုံပြင်၊ စာအုပ်ကို သူ့ဟာသူ ရွေးချယ်ခွင့်ပေးပါ။
* ပုံပြင်တွေကို ပြဇာတ်အဖြစ် ဖန်တီးဆော့ကစားဖို့ ကြိုးစားစီစဉ်ပါ။
* ဒီအရွယ်ကလေးဟာ ပုံပြင်ထဲကဇာတ်လိုက်ရဲ့ ပုံနဲ့ သူတို့ အကြိုက်ဆုံးပုံတွေကို ရေးဆွဲဖို့ အားထုတ်လာပါပြီ။
* ကလေးကို ပုံပြောပြခိုင်းပါ။ သေသေချာချာ နားထောင်ပြီး စိတ်ဝင်စားကြောင်းလည်း ပြပါ။ ပြီးရင် ပုံပြင်ကို ဝေဖန်ဆွေးနွေးပါ။ ရှက်သွားအောင် မလုပ်ပါနဲ့။ ကလေးက စိတ်ကူးနဲ့ အလုပ်လုပ်နေတာဖြစ်ပါတယ်။ ဒါ အနုပညာတစ်ခုပါ။
* ပုံပြင်ရှည်ကြီးတွေ မပြောပါနဲ့ဦး။ ကလေးအိပ်သွားချိန်မှာ အဆုံးသတ်နိုင်မယ့် စာအုပ်မျိုးပဲရွေးပါ။
* ကလေးကို စာကြည့်တိုက်ခေါ်သွားပါ။ သူ့အရွယ် အတွက် စီစဉ်ထားတဲ့နေရာမှာ သူ့ဟာသူ စာအုပ်တွေရွေးပါစေ။ ကလေးက စာအုပ်တွေအကုန် ကြိုက်ချင်မှ ကြိုက်မှာပါ။ တချို့တလေတော့ ကြိုက်မယ်၊ အကြောင်းမဟုတ်ပါဘူး။ စာကြည့်တိုက်နဲ့ မိတ်ဆက်ပေးပြီး စာကြည့်တိုက်ဟာ အသုံးပြုစရာမှန်း သိနားလည်သွားဖို့ပါပဲ။ ငှားရင်လည်း သူရွေးပေးတာ ငှားပါ။ သူမလုပ်တတ်သေးရင် မိဘက လမ်းကြောင်းပေး ပြသရမှာပါ။ ဒါဆို ကလေးဟာ စာအုပ်တွေနဲ့ သူ့ဟာသူ ရွေးချယ်ခြင်းဆိုတဲ့အကြောင်းကို စဉ်းစားသွားပါပြီ။

**ကျောင်းတက်စကလေးများ**

* ပုံပြင်ပြောတဲ့အချိန်မှာ စာရေးစာဖတ်လေ့ကျင့်ခန်းပုံစံ မလုပ်ပါနဲ့။ ဒီအချိန်ဟာ မျှဝေခံစားခြင်း၊ အပန်းဖြေခြင်းနဲ့ ပျော်ရွှင်စရာ အချိန်လေးပဲဖြစ်ပါစေ။
* ကလေးက သူ့ဟာသူ ပုံပြင်တွေကို ဖတ်ဖို့သင်ယူနေတုန်းမှာ အများကြီး မမျှော်လင့်ထားပါနဲ့။ စာဖတ်တတ်လာတဲ့အချိန်မှာတောင် ပုံပြင်ကို သေသေချာချာ နားလည်သဘောပေါက်ပြီး ကြိုက်နှစ်သက်လာတဲ့အထိ အချိန်တော်တော်ကြာပါတယ်။ ကိုယ်တိုင်ဖတ်တတ်နေတဲ့အရွယ်မှာလည်း မိဘက ဖတ်ပြဖို့ လိုအပ်ပါသေးတယ်။ ဒီကိစ္စနဲ့ပတ်သက်တဲ့ ထူးခြားတဲ့အကြောင်းအရာတွေလည်း ရှိနေပါတယ်။ ဘယ်အရွယ်ရောက်ရောက် ကိုယ့်ကို ပုံပြင်ပြန်ဖတ်ပြတဲ့အခါတွေပေါ့။



* ကိုယ့်အကြိုက်မဟုတ်ရင်တောင် ကလေးကြိုက်တဲ့ စာအုပ်တွေ ရွေးချယ်ခွင့်ပေးရမယ်။
* ကလေးစိတ်ဝင်စားတဲ့အကြောင်းအရာတွေပါနိုင်တဲ့ စာအုပ်ရွေးဖို့ ကလေးကို ကူညီပါ။ "နင်သိတာပဲ နင့်ဟာနင်ရွေး"ဆိုတာမျိုး မလုပ်ပါနဲ့။ ခွေးတွေ၊ ကားတွေ၊ ဒိုင်နိုဆောတွေကြိုက်ရင် အဲဒါတွေပါတဲ့ စာအုပ်မျိုး ရှာပေးလိုက်ပါ။
* စာအုပ် စဖတ်တဲ့ကလေးတွေအနေနဲ့ ရိုးစင်းတဲ့ဝါကျနဲ့ စကားလုံးတွေပါတဲ့ စာအုပ်မျိုးလိုအပ်ပါတယ်။ ဒါမှလည်း စာဖတ်တဲ့အလုပ် ဖြစ်မြောက်အောင်မြင်ပြီး ကလေးက သူ့စွမ်းရည်အပေါ် သူ့သဘောကျပျော်ရွှင်ကျေနပ်လာမှာပေါ့။ သိပ်ခက်ပြီး ပညာသားပါလွန်းတဲ့ အရေးအသားတွေက ကလေးကို နာလန်မထူအောင် ဖိချနှိပ်ကွပ်ပစ်နိုင်ပါတယ်။
* ကလေးတွေဟာ တစ်ယောက်နဲ့တစ်ယောက် မတူနိုင်ပါဘူး။ အရွယ်တူ အဆင့်တူ စာဖတ်တတ်တဲ့အချိန်မှာတောင် သူတို့ကြိုက်တဲ့ စာအုပ်ချင်း မတူနိုင်ပါဘူး။ ကလေးရဲ့အစ်ကို အစ်မတွေ သူ့အရွယ်က ဖတ်ခဲ့တဲ့ စာအုပ်တွေတောင် ကလေးက ကြိုက်ဖို့ဆိုတာ သိပ် မသေချာပါဘူး။ ဒါကြောင့် ကလေးတွေကို တစ်ယောက်နဲ့တစ်ယောက် နှိုင်းယှဉ်မပြောမိပါစေနဲ့။ လူကြီးတွေတောင် ဂျိမ်းစ်ဘွန်းပရိသတ်နဲ့ ကျော်ဟိန်းပရိသတ် ကွဲပြားနေနိုင်သေးတာပဲ။
* အရွယ်ရောက်လာလို့ ကာတွန်းရုပ်ပြောင်တွေချည်း ဖတ်နေရင်လည်း စိတ်မပူပါနဲ့။ စာအုပ်တိုင်းဟာ စာဖတ်ခြင်းရဲ့အစိတ်အပိုင်းတွေပါပဲ။ သူတို့ကိုယ် သူတို့ယုံကြည်လာတာနဲ့ ကွဲပြားတဲ့စာအုပ်တွေ တစ်မျိုးပြီး တစ်မျိုး ပြောင်းလဲဖတ်သွားကြမှာပါ။

ကလေးတော်တော်များများဟာ အရွယ်ရောက်သွားရင်လည်း ငယ်

www.burmeseclassic.com

www.burmeseclassic.com



ငယ်က အကြိုက်ဆုံးစာအုပ်တွေကို ပြန်ကောက်ကိုင်တတ်ကြပါတယ်။ စာကြီးပေကြီးတွေ လေ့လာနိုင်တဲ့အရွယ် ရောက်လာရင်တောင် ကာတွန်းစာအုပ်တော့ ပြန်ဖတ်တတ်ကြပါသေးတယ်။ *ကလေးတွေဟာ စိတ်ညစ်ညူးပြီး မပျော်ရွှင်နိုင်တဲ့အခါမျိုးတွေမှာ လုံခြုံမှုနဲ့ ရှင်သန် ရပ်တည်မှုကောင်းတွေဆီကို ပြန်ရောက်ဖို့အတွက် ရင်းနှီးပြီးသာ စာအုပ်တွေကို ပြန်ဖတ်ကြပါတယ်။ ဒါဟာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကုတဲ့ စိတ်ကျရောဂါ ကုထုံးတစ်ခုပါပဲ။*

### ဘာစာအုပ်တွေရှာကြ/ ရှာရမလဲ

ကလေးအတွက် စာအုပ်တွေရွေးမယ်ဆိုရင် အောက်ပါအချက်ကလေးတွေက ကူညီနိုင်ပါတယ်။

* ပုံစံအမျိုးမျိုးနဲ့ အရေးကြီးတဲ့ ဇာတ်ကွက်တွေပါတဲ့ စာအုပ်တွေ၊ ဥပမာ ဇာတ်လမ်းရဲ့တစ်နေရာမှာ မင်းသမီးကို မင်းသားက ကယ်တင်သွားတယ်။ နောက်တစ်နေရာမှာ မင်းသားကို မင်းသမီးက ကယ်တင်သွားတယ်ဆိုတာမျိုးပါ။
* လုပ်ချင်တာထက် လုပ်သင့်တာကို ဦးစားပေးတဲ့ ဇာတ်လမ်းမျိုး၊ အံ့မဝင်တော့တဲ့ ဓလေ့ဟောင်းတွေကို ဖယ်ရှားထိုးဖောက်သွားတဲ့ ဇာတ်လမ်းမျိုး။ ဥပမာ–ယောကျ်ားက ကားကို နေ့တိုင်းရေမဆေးဘဲ ကလေးနဲ့ ဆော့ကစားနေတာ၊ မိန်းမက မီးဖိုချောင်ထဲမှချည်းပဲ မနေဘဲ ကုမ္ပဏီအစည်းအဝေးသွားတက်နေတာ၊ ဝန်ထမ်းတွေဟာလည်း လူဆိုးတွေမဖြစ်သင့်တဲ့အကြောင်း စတာတွေ။
* အသေးစိတ်အချက်အလက်လေးတွေ၊ သတိပြုစရာပါတဲ့ အကြောင်းအရာမျိုး၊ ဥပမာ–နာရီနဲ့ အချိန်ကိုကြည့်တာ၊ သွားပွတ်တံပေါ်က သွားတိုက်ဆေးဆိုတာမျိုးပေါ့။
* ကလေးရဲ့ မျှော်လင့်ချက်နဲ့ ဆန္ဒတွေပါတဲ့ ဇာတ်လမ်း။ ဥပမာ–အရွယ်တူကလေးတစ်ယောက်ရဲ့ ကျောင်းစတက်တဲ့နေ့အကြောင်း၊ မွေးနေ့ပွဲအကြောင်း။
* ကလေးသိတဲ့ အကြောင်းအရာတွေပါတဲ့ ဇာတ်လမ်း။



* မပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းနဲ့ ဒေါသတွေကနေ စိတ်ကျေနပ်စရာ ပျော်ရွှင်စရာ ခံစားချက်တွေကို ရှာဖွေရရှိ သွားတဲ့ဇာတ်လမ်း၊ ဥပမာ – အိမ်ပြောင်းရတဲ့ ကလေးတစ်ယောက်ရဲ့စိတ်လှုပ်ရှားမှု၊ မရေရာမှုနဲ့ စွန့်စားခန်းတွေပေါ့။
* ကလေးတစ်ယောက်နဲ့ ပျော်ရွှင်ဖွယ်ဇာတ်သိမ်းပါတဲ့ ဇာတ်လမ်း။
* နှစ်ပေါင်းများစွာကတည်းက နတ်သမီးပုံပြင် အပါအဝင် ရိုးရာပုံပြင်စာအုပ်တွေ ရှိနေခဲ့တာဟာ ကလေးတွေအတွက် အရေးတကြီးလိုအပ်နေလို့ပါပဲ။ ဒီပုံပြင်တွေဟာ ကလေးတွေကို ကြောက်ရွံ့ထိတ်လန့်မှု ကြီးကြီးမားမား မပေးပါဘူး။ "ဟိုးရှေးရှေးတုန်းက …"လို့ အစချီထားတာကို သူတို့ သဘောပေါက်ကြပါတယ်။ ဘဝရဲ့ အခက်အခဲတချို့ကိုလည်း ဖြေရှင်းပေးနိုင်ပါတယ်။ တစ်ရွာကနေ တစ်ရွာပြောင်းရွှေ့တာ၊ လူတစ်ယောက် ရောဂါနဲ့ သေခါနီးဖြစ်နေတာ စသဖြင့်ပေါ့။ ကြောက်စရာကောင်းတာတွေ ဖတ်ပြတာနည်း နည်းများသွားရင် ခဏရပ်လိုက်ပြီး ပြောနေတဲ့အကြောင်းကလေးကို ပြန်မေးကြည့်ပါ။ ကလေးမကြိုက်တဲ့ဇာတ်လမ်းမျိုး လုံးဝမဖတ်ပြပါနဲ့။ ဘယ်ပုံ ပြင်ကြိုက်တတ်သလဲဆိုတာ ကလေးရဲ့ဦးဆောင်မှု အတိုင်း လိုက်လျောပေးပါ။

အဆင့်မြင့်တဲ့ စာအုပ်ကောင်းမဟုတ်ရင်လည်း မိဘက ရွေးချယ်ခွင့်ပြုထားတဲ့ စာအုပ်တွေကို စာဖတ်တတ်လာတာနဲ့ သူ့ဟာသူဖတ်ရတာ ကလေးက ပိုကြိုက်ပါတယ်။ မိဘက ဖတ်ပြတဲ့ စာအုပ်တွေထဲကနေပဲ အဆင့်မြင့်တဲ့ စာအုပ်ကောင်းဆိုတာကို ကလေးတွေ အမြဲရရှိကြပါတယ်။ ပုံပြင်နဲ့ စာဖတ်ခြင်းကိုကြိုက်တဲ့ ကလေးတွေဟာ စာအုပ်အမျိုးမျိုးတွေကို ပြောင်းလဲ ဖတ်လာကြမှာပါ။

### မိဘတွေ ဘာလုပ်နိုင်သလဲ

မိနစ်ပိုင်းပဲဖြစ်ဖြစ် နေ့တိုင်း ကလေးနဲ့အတူ စာဖတ်ဖို့ အချိန်ပေးပါ။

* ကလေးတစ်ယောက်ထက်မကရှိရင် အားလုံးအကြိုက်တူတဲ့ပုံပြင်ကို ဖတ်ပြပါ။ ငယ်ငယ်က ကိုယ်ကြိုက်ခဲ့တဲ့ ပုံပြင်လေးတွေပေါ့။ မိသား

www.burmeseclassic.com

www.burmeseclassic.com



စုလိုက် အကြိုက်တူတဲ့ ပုံပြင်လေးတွေ ရှိတတ်ပါတယ်။

* ဘဝတစ်လျှောက် မှတ်တမ်းဓာတ်ပုံတွေနဲ့ ပုံပြင်တစ်ခုလို ဖန်တီးထားပါ။ တစ်နှစ်ထက်တစ်နှစ် အရေးကြီးတဲ့ အချိုးအကွေ့တွေရောက်တိုင်း ဓာတ်ပုံ အယ်လ်ဘမ်လေးတွေလုပ်ထားပါ။ အမှတ်တရအချိန်လေးတွေကိုလည်း မှတ်တမ်းတင်ထားမိပါစေ။ ဓာတ်ပုံမဟုတ်ရင်လည်း ပြောစမှတ်ဖြစ်လောက်တဲ့ အကြောင်းကိစ္စတွေ ဖန်တီးထားနိုင်ပါတယ်။ ပထမဆုံး ဆံပင်ညှပ်တဲ့အကြောင်း၊ စကားစပြောကာစက စပြောတဲ့စကား၊ ကျောင်းစအပ်တဲ့နေ့ စသဖြင့်ပေါ့။
* ဖတ်ပြထားတဲ့ အကြောင်းအရာနဲ့ စကာပြောခြင်းကို ဖန်တီးပါ။ စာဖတ်တာဟာ အရေးပါတဲ့ကိစ္စတစ်ခုမှန်း ကလေးတွေ သိသွားပါလိမ့်မယ်။
* ပုံပြင်ထဲမှာပါတဲ့ ဓာတ်ကောင်ပုံစံ အရုပ်၊ ရုပ်သေးတွေ ဝယ်ပေးပါ။ ပုံပြင်ထဲကလို အပြင်မှာ သရုပ်တူ ဆော့ကစားဖို့လည်း တိုက်တွန်းပါ။
* လမ်းညွှန်သတိပေးဆိုင်းဘုတ်ကအစ မုန့်ဘူးပေါ်က စာတန်းအဆုံး ကလေးဖတ်ပြတာကိုနားထောင်ပြီး သဘောကျချီးကျူးပါ။ ဖတ်တတ်လျက်နဲ့ မဖတ်မိသေးရင်လည်း ဖတ်ပြဖို့ ခိုင်းစေပါ။


**ထပ်မံသတိပေးချက်**

စာအုပ်တွေဟာ ကလေးတွေရဲ့ သူငယ်ချင်းမိတ်ဆွေ၊ အပေါင်းအသင်း ဖြစ်ပါတယ်။ ဘဝတစ်လျှောက် ပျော်ရွှင်အေးချမ်းမှုတွေလည်း ဖန်တီးပေးနိုင်ပါတယ်။

* ကြောက်ရွံ့မှုနဲ့ အခက်အခဲတွေကို ရင်ဆိုင်ဖြေရှင်းဖို့ အထောက်အပံ့ဖြစ်ပါတယ်။
* စာဖတ်ခြင်းနဲ့ ပုံပြောခြင်းဟာ ကလေးတို့ရဲ့ပညာရေးအတွက် အရေးပါတဲ့ ကွန်ယက်တစ်ခုကို တည်ဆောက်ပေးတဲ့ အံ့သြစရာ အခွင့်အလမ်းတစ်ခု ဖြစ်ပါတယ်။
* နေ့စဉ် သီးသန့်ပုံပြောချိန်ကို အထူးကန့်သတ်ထားပါ။
* မိဘကိုယ်တိုင်လည်းကြိုက်ပြီး အရေးကြီးကြောင်းပြတဲ့ အနေနဲ့ အိမ်မှာ စာအုပ်များများ စုဆောင်းထားရှိပါ။
* အဘိုးအဘွားတွေကိုလည်း ငယ်ငယ်ကပုံပြင်တွေ ပြန်ပြီးပြောပြဖို့ တိုက်တွန်းပါ။
* ဒဏ်ပေးတဲ့အနေနဲ့ ပုံပြောချိန်ကို ပယ်ဖျက်တာမျိုး မလုပ်သင့်ပါဘူး။ မလုပ်ပါနဲ့။
* ကလေးဘဝတစ်လျှောက်လုံး ပုံပြောချိန်ဟာ မိဘနဲ့ သားသမီးကြားမှာ ချည်နှောင်ထားခဲ့တဲ့ သံယောဇဉ်ကြိုးပါပဲ။
* မိဘကပေးနိုင်တဲ့ အမြဲနုပျိုနေမယ့် အကောင်းဆုံးလက်ဆောင်ကတော့ စာဖတ်ရာမှာ မွေ့လျော်ခြင်းပါပဲ။

❑





www.burmeseclassic.com

# စာပေစွမ်းရည်

### အရေးအဖတ်ဆိုတာ

စာရေးစာဖတ်ခြင်းဟာ ကလေးတွေအတွက် အရေးကြီးပါတယ်။ စာရေးစာဖတ်ထက် အခွင့်အလမ်းတွေ ဖန်တီးနိုင်တာ၊ လောကကို စာလုံးတွေကတစ်ဆင့် သင်ယူနားလည်နိုင်တာက ပိုပြီး အရေးပါပါတယ်။ ဒါဟာ စာပေစွမ်းရည်ပါပဲ။ စာပေစွမ်းရည်ဆိုတာနဲ့ လူတော်တော်များများက ကျောင်းစာကို ပြေးမြင်တတ်ကြတယ်။ မိဘအများစုကလည်း စာသင်ကျောင်းက စရတယ်လို့ မျှော်လင့်ထားတတ် ကြပါတယ်။

- ကလေးတွေဟာ စာပေစွမ်းရည် ဖွံ့ဖြိုးဖို့အတွက် ကျောင်းတက်တဲ့ အရွယ်ထိ မစောင့်ကြပါဘူး။
- မွေးစကတည်းက အချိန်တိုင်းမှာ အရာရာကို သင်ယူ နေကြပါတယ်။
- စာပေစွမ်းရည်ဟာ လူတိုင်းအတွက် နေ့စဉ်ဘဝထဲက အစိတ်အပိုင်း ပါပဲ။

*ဗဟုသုတနဲ့ လောကကိုနားလည်ဖို့အတွက် စာပေစွမ်းရည်က ကလေးတွေကို အတွေ့အကြုံအရလွှမ်းမိုးပါတယ်။ ယုံကြည်မှု ပြည့်ဝတဲ့ သင်ယူနိုင်သူတွေဖြစ်လာဖို့အတွက် ကလေးတွေ အနေနဲ့ ဒီစွမ်းရည်ကို လေ့ကျင့်ပျိုးထောင်ဖို့ အခွင့်ရေး ရသင့်တယ်။ ဒီအခွင့်အရေးကိုတော့ ကလေးနဲ့ မိဘကြားက နေ့စဉ် လှုပ်ရှားနေတဲ့ နားလည်မှုသဘောထားတွေဆီကပဲ ရရှိနိုင်တာဟာ အံ့သြစရာပါပဲ။*



### စာပေစွမ်းရည်ဆိုတာ

စာဖတ်ခြင်းနဲ့ စာရေးခြင်းပဲလို့ ထင်မြင်ခဲ့ဖူးမှာပါ။ ဒီထက်ပိုတာက တော့ ...

- စကားပြောခြင်းနဲ့ ကြားနာမှတ်သားခြင်း
- စာဖတ်ခြင်းနဲ့ ကြည့်ရှုလေ့လာခြင်း
- ရေးဆွဲခြင်းနှင့် ရေးသားခြင်း

ဆိုတဲ့ နယ်ပယ်တွေမှာ သုံးရမယ့် ဘာသာစကားကျွမ်းကျင်မှုတွေ ပါပဲ။

ဒီစွမ်းရည်ဟာ မိသားစုထဲကစပြီး မိသားစုအနေနဲ့ပဲ ဆက်လက်ရှင်သန်လာရပါတယ်။ ပြီးတော့ အကျွမ်းဝင် ထိစပ်လာမယ့် ပတ်ဝန်းကျင်မှာပါ ဆက်ပြီး တည်ဆောက်ရပါတယ်။

### စာပေစွမ်းရည် ဖွံ့ ဖြိုးခြင်း

ကလေးမှာ ဒီစွမ်းရည်ဖွံ့ဖြိုးလာသလားဆိုတာ ဘယ်လို သိနိုင်မလဲ။ ဒါတွေမြင်ရမယ်။

- မိသားစုဝင်တွေနဲ့ စကားပြောမယ်။ စကားပြောတဲ့နေရာမှာ ကိုယ့်အလှည့်စောင့်မယ်။ တခြားလူပြောတာကို နားထောင်ပြီး တုံ့ပြန်မယ်။ တယ်လီဖုန်း ဖြေမယ်။
- ညွှန်ကြားချက်တွေအပေါ် လိုက်နာမှုရှိလာမယ်။ "ခွက်ကို စားပွဲပေါ် တင်ထားပေးပါ" ဆိုတာမျိုးကနေ "အရုပ်တွေကို ဖယ်ထားလိုက်၊ ရေချိုးခန်းကိုသွားပြီး မျက်နှာသစ် သွားတိုက်လိုက်ပါ" ဆိုတာမျိုးကို လိုက်လုပ်နိုင်လာရမယ်။
- သူ့လှုပ်ရှားမှုနဲ့ သူ့အကြောင်းကို ပြောနိုင်လာမယ်။ "သားသား ငှက်ပျောသီးစားနေတယ်" "မီးမီး ကော်ကော်သောက်နေတာ" ဆိုတာမျိုးပေါ့။
- လူကြီးတွေနဲ့ တခြားကလေးတွေ လုပ်တာကို စောင့်ကြည့်ပြီး နားစိုက်ထောင်တတ်လာမယ်။ ဒါမှ သူတို့ ဘာလုပ်ရမယ်ဆိုတာ သိလာမယ်။

www.burmeseclassic.com

www.burmeseclassic.com



* ခံစားချက်ကို ပြောပြလာနိုင်မယ်။ "စိတ်ဆိုးတယ်" ဒါမှမဟုတ် လိုအပ်တာကို တောင်းယူလာနိုင်မယ်။ "ရေသောက်ချင်တယ်" "ရေတစ်ခွက် လာတိုက်ပါ" စသဖြင့်။
* သားချော့တေးကဗျာ၊ ပဟေဠိ၊ ပုံပြင်ဇာတ်လမ်းနဲ့ ဟာသတွေကို နားထောင်နိုင်လာမယ်။ ဒါမှမဟုတ် ပြောနိုင်လာမယ်။
* မေးခွန်းတွေ မေးနိုင်လာရမယ်။ ဒါကတော့ ပြောစရာမလိုပါဘူး။ (ဖေကြီးက ဟိုမမကို ဘာလို့ ကြည့်တာလဲဆိုတာမျိုးပေါ့)
* အခက်အခဲနဲ့ပြဿနာတွေကို မှတ်မိနိုင်လာမယ်။ ဖြေရှင်းနိုင်လာမယ်။ ဥပမာ – ကြိုးက ပြန်ပြေသွားပြီ။ သေသေချာချာ ချည်မှပေါ့။
* ကိုယ်ကြိုက်တဲ့စာအုပ်တွေ ရွေးချယ်လာမယ်၊ ဒါမှမဟုတ် ပုံပြင်တွေကို ဝေဖန်ကောက်နုတ်ပြီး မေးမြန်းလာမယ်။
* ဇာတ်လမ်းတွေအကြောင်း ဆွေးနွေးလာမယ်။ ဘာဆက်ဖြစ်မယ်ဆိုတာ တွေးတတ်လာမယ်။
* ပုံဆွဲခဲတံ၊ စုတ်တံ၊ ပိတ်စတွေနဲ့ ဆက်စပ်ပုံဖော်တာ၊ မျဉ်းတွေနဲ့ ပုံရေးဆွဲတာ၊ အရောင်ခြယ်တာတွေ လုပ် လာမယ်။
* စာလုံးတွေရဲ့အရိပ်ပုံစံတွေ ဖန်တီးရေးခြစ်လာမယ်။
* သူ့နာမည်ပါတဲ့ စာကြောင်းတွေရေးချလာမယ်။
* 'ရေး' 'ဆွဲ'ဆိုတဲ့ စကားလုံးတွေ စပြီး ပြောလာမယ်။

မိဘတွေက ဥပမာရှေ့ဆောင်လမ်းပြတွေနဲ့ သင်ပေးပြီး ကလေးလုပ်ရမှာတွေကို အတွေ့အကြုံရဖို့ အထောက်အကူပေးရမယ်။ သူတို့ သင်ယူ သိရှိထားတာတွေကိုလည်း လေ့လာဖို့ အခွင့်အရေးတွေ ဖန်တီးပေးရမယ်။ အသုံးပြုရမယ့် ပစ္စည်းတွေကိုလည်း ဝယ်ယူစုဆောင်းထားကြရပါမယ်။

### စကားပြောခြင်းနဲ့ ကြားနာမှတ်သားခြင်း

မိသားစုတွင်းဖြစ်တဲ့အတွက် မိသားစုက ကျွမ်းဝင်ရင်းနှီးနေတဲ့စကားပြောတွေကိုပဲ အသုံးပြုရမှာဖြစ်ပါတယ်။ စံပြ ဥပမာဆောင်ဖို့ အနေအထားတွေ ဖြစ်ပါတယ်။



* စကားစမြည်ပြောခြင်း
* ရှင်းပြပြောဆိုခြင်း၊ ညွှန်ကြားခြင်း
* မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း
* လတ်တလော ဖြစ်ပျက်သမျှအပေါ် ပြောဆိုဆွေးနွေးခြင်း
* တခြားလူပြောနေချိန်မှာ နားစိုက်ထောင်ခြင်း၊ ပတ်ဝန်းကျင်မှ မြည်သံများကို နားစွင့်ခြင်း၊
* ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေနဲ့ စပ်လျဉ်းပြောဆိုခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ ဥပမာ – 'မိုးရွာနိုင်မလား မသိဘူး၊ ထီးယူသွားသင့်တယ်ထင်တယ်"
* ပုံပြောခြင်း၊ သီချင်းဆိုခြင်း၊ ကဗျာတိုလေးများ ရွတ်ဆိုခြင်း၊ သားချော့တေးများ သီဆိုခြင်းနှင့် ထပ်ကာ ထပ်ကာ အော်ဆိုခြင်း
* အခက်အခဲများဖြေရှင်းခြင်း။( ဥပမာ– သားကြီးက ဘောလုံးကန်သွားမယ်၊ ဖေဖေက မိတ်ဆွေ တစ်ယောက်ဆီသွားရမယ်၊ ကားက တစ်စီးပဲ ရှိတယ်။ ဘယ်လိုလုပ်ကြမလဲ)
* အတွေးကို ပြောဆိုခြင်း။
  (ဥပမာ–ငါအလုပ်သွားဖို့ အချိန်နီးပြီ၊ ဘာမေ့ကျန်နေသေးလဲ စဉ်းစား
စမ်း ... ဪ ... ဟုတ်ပြီ မီးတွေမှိတ်၊ တံခါးတွေ စစ်ရမယ် ...)

လက်တွေ့လုပ်ပြရန် အနေအထားတွေကတော့ ....

### အသံနဲ့ စကားလုံးတွေကို နားထောင်ဖို့တိုက်တွန်းခြင်း

* ရင်ခွင်ပိုက်နဲ့ ဝမ်းလျားမှောက်အရွယ်ကလေးတွေကို သားချော့တေးနဲ့ သီချင်းတွေ ရွတ်ဆိုပြခြင်း
* ကလေးတွေကြားတဲ့အသံကို အသံတူလိုက်တု အော်ခြင်း၊ ဥပမာ – ကြက်အတောင်ပံခတ်သံ၊ အော်သံ၊ ကားအင်ဂျင်သံ၊ ခွေးဟောင်သံ
* ပုံပြင်ကို အတူနားထောင်ခြင်း
* သီချင်းတိုလေးများနဲ့ ဟာသများကို မျှဝေခံစားခြင်း
* လေတိုက်လို့သစ်ပင်မြည်သံ၊ ကမ်းစပ်မှ လှိုင်းပုတ်သံ၊ လေယာဉ်သံနဲ့ ငှက်အော်သံတွေကို နားထောင်နိုင်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



* တီးတိုးပြောဆိုခြင်းနဲ့ အသံအမျိုးမျိုးပြောင်းပြောခြင်း
* စကားလုံးရဲ့ပထမဆုံး အစမြည်သံကိုကြားနိုင်ဖို့ ကူညီပေးခြင်း။ ဥပမာ စ ...စ...စ ...စက်သေနတ်။ စကားထစ်တာမျိုး မဖြစ်ပါစေနဲ့။ တစ်ခွန်းချင်း ဖြည်းဖြည်းနေးနေးနှင့် ပီပီသသရွတ်ပြပါ။

## သင်ပေးရမယ့်ကိစ္စ

* အရာဝတ္ထုနဲ့ လူတွေရဲ့နာမည်၊ လှုပ်ရှားမှုရဲ့ အခေါ်အဝေါ်၊ ကိန်းဂဏန်းများ၊ ပုံသဏ္ဍာန်များ၊ အရွယ်အစားနဲ့ ခံစားချက်များရဲ့ အမည်အမှတ်အသား
* တခြားသူများနှင့် ရောနှောဆက်ဆံရာတွင် ပြောရမယ့် အသုံးပြုရမယ့် စကားများ၊ ဥပမာ 'စိတ်မရှိပါနဲ့' 'ငါ ပါရမလား' 'ငါလည်း ကစားပါရစေ'
* ယဉ်ကျေးတဲ့အသုံးအနှုန်း (ဦးဦး၊ ဒေါ်ဒေါ်၊ ကိုကို၊ မမ .. စသည်)

## ပြောရမယ့်ကိစ္စ

* ဘာတွေဖြစ်ခဲ့ပြီးပြီလဲ – အတိတ်
* အခု ဘာတွေဖြစ်နေသလဲ – ပစ္စုပ္ပန်
* ဘာတွေထပ်ဖြစ်လာနိုင်သလဲ – အနာဂတ်
* လူတွေအကြောင်း၊ ဘယ်လိုအလုပ်မျိုးတွေ လုပ်ကြသလဲ။ ဘယ်လူမျိုးစု၊ ဘယ်မိသားစုဝင်ဖြစ်သလဲ၊ ကလေးနဲ့ ဆက်စပ်မှု ဘယ်လိုရှိသလဲ။

## ညွှန်ပြရမယ့်ကိစ္စ

* လူတွေ ဘယ်လိုပြောပြီး ဘယ်လိုကြားနာကြသလဲ။
  ဥပမာ – "တိတ်တိတ်ကလေး နားထောင်"
  စကားပြောတာကို သုံးတဲ့ကိစ္စရပ်အလိုက် ပုံစံကွဲပြားမှု။
  ဥပမာ– "စိတ်ဆိုးတဲ့လူတစ်ယောက်က အသံကျယ်ကျယ်နဲ့ ပြောမယ်။ ကြောက်နေတဲ့အချိန်ဆို တိုးတိုးလေး ပြောလိမ့်မယ်။



* လူမျိုးခြားများရဲ့ စကားလုံးတွေ။ (ဥပမာ–'ကပ္ပချီနို က တကယ်နိုင်ငံခြားကလာတာ မင်းသိလား' 'ဒီလိုဟာက တီဗီမဟုတ်ဘူး၊ မော်နီတာလို့ ခေါ်တယ်'


## ကလေးချစ်တတ်သူတွေကို ကလေးတွေလိုအပ်တယ်

ညီအစ်ကိုမောင်နှမကစပြီး ဝမ်းကွဲနဲ့ သူငယ်ချင်းတွေ အဆုံးပေါ့။

* စိတ်ဝင်တစားပြောမယ်၊ နားထောင်မယ်။
* ပုံပြင်တွေ ပြောမယ်၊ အတွေ့အကြုံတွေ ဝေမျှမယ်။
* မေးခွန်းတွေ မေးမယ်၊ ဖြေမယ်။
* သဘောတူမယ်၊ ငြင်းချက်ထုတ်မယ်။
* သင်ယူမယ်။

## စကားလုံးများနှင့် ဆော့ကစားခြင်း

* နွားကြီးက ဘယ်လိုအော်မလဲ။
  (မြန်မာကတော့ ဘွတ်အဲ၊ အင်္ဂလိပ်လိုတော့ Moo တဲ့)
* ဒေါက် ...!! ဒေါက် ...!! ဘယ်သူလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အပြုအမူကို ကလေးအားလုပ်မပြခြင်း
* အိပ်ရာဝင်ချိန်၊ ရေချိုးချိန်၊ အချိန်နာရီ အပြောင်းအလဲဖော်ပြခြင်း။
* အိမ်အလုပ်များ ကူညီခြင်း၊ အိမ်သန့်ရှင်းခြင်း၊ အပင်စိုက်ခြင်း။
* တိရစ္ဆာန်များကို အစာကျွေးခြင်း။
* ပျော်ပွဲရွှင်ပွဲ၊ မွေးနေ့ပွဲများ စီစဉ်ခြင်း။
* မီးထွန်းပွဲ၊ သင်္ကြန်ပွဲနှင့် တခြားအထိမ်းအမှတ် ပျော်ရွှင်စုဝေးနေပုံတွေကို ကြည့်ခြင်း။

သင်ယူခြင်းဟာ အရေးကြီးကြောင်း ပြသခြင်း
* မိဘကိုယ်တိုင် စကားကို ပီသစွာပြောခြင်း။
* ကလေးပြောသမျှ စိတ်ဝင်တစား ဂရုစိုက်နားထောင်ခြင်း။
* ကလေးက သူသိချင်တဲ့ စကားလုံးကိုရှာနေရင် ဘယ်လောက်ကြာကြာ အချိန်ပေးခြင်း။
* ကလေး မလုပ်တတ် မကိုင်တတ်၊ မပြောတတ်တော့တဲ့ အခြေအနေကို ရောက်လာလျှင် ကူညီပေးခြင်း။
* ကလေးရဲ့မေးခွန်းတွေကို အရေးတကြီးဖြေဆိုဖို့ ကြိုးစားခြင်း၊ ကလေး ပြန်ဖြေရမယ့်အဖြေအတွက် ကူညီခြင်း။
* လိုက်နာရမည့်စည်းကမ်းများ ရှင်းပြခြင်း၊ စကားပြော ရမယ့်ပုံစံနဲ့ အချိန်အခါ၊ နားထောင်ရမည့်အချိန်၊ အခြေအနေပေါ်မှာမူတည်ပြီး ပြုမူနေထိုင်သင့်ကြောင်း။

စာဖတ်ခြင်းနဲ့ စောင့်ကြည့်လေ့လာခြင်း

<u>စံပြုပြုရမယ့်အနေအထား</u>

မိဘ စာဖတ်တာနဲ့ လေ့လာမှတ်သားနေတာကို ကလေးမြင်စေခြင်း။
* မဂ္ဂဇင်း၊ ဝတ္ထု၊ ဂျာနယ်၊ သတင်းစာ။
* လက်ခံဖြတ်ပိုင်း၊ ညွှန်ကြားလွှာ၊ စာ၊ ရည်ညွှန်းချက်နှင့် အသိပေးစာတန်းများ။
* ဆိုင်းဘုတ်များ၊ မြေပုံများ၊ မီးပွိုင့်များ။



* ရုပ်မြင်သံကြား၊ ကွန်ပျူတာ၊ ရုပ်ရှင်။

ကိုယ် ကြည့်နေ ဖတ်နေသည့်အကြောင်းအရာကို ကလေးအား ပြောပြခြင်း
* ဒီဘောက်ချာကို စစ်နေတာ။
* ဒီအစီအစဉ်က မြေထဲပင်လယ်က လူတွေအကြောင်းပဲ။
* စက်တွေအကြောင်းရေးထားတဲ့စာအုပ်လေ ... ငါ သိပ်ကြိုက်တာ။
* ဒီလူ စက်ဘီးစီးတာ အလျင်စလိုနဲ့၊ အရေးကြီးနေတယ်ထင်တယ်။
* ဒီစာအုပ်က ဒီဗီဒီစက် ဘယ်လိုသုံးရမယ်ဆိုတာ ရေးပြထားတာကွ။

လက်တွေ့လုပ်ပြရမယ့်အနေအထား

အမြင်နှင့် ဆော့ကစားရသည့် ကစားနည်းများကို အသေးစိတ်ထောက်ပြခြင်း။
* ဖိနပ်အနီဝတ်ထားတဲ့လူကိုရှာကြည့်။
* ကြွက်ကလေး ဘယ်နားမှာလဲ ရှာပါဦး။
* အက်စ်နဲ့ စတဲ့စကားလုံးကို ရှာပါဦး။
* နံပါတ်သုံးပါတဲ့ပန်းကန်ပြားဟာ ဘယ်ဟာလဲ။
* သဲပေါ်မှာ ခြေရာတွေတွေ့လား ... အဲဒီလမ်းကြောင်းအတိုင်း လိုက်ကြည့်ရအောင်။
* မုန့်ဆိုင်တွေ တစ်ဆိုင်ပြီးတစ်ဆိုင် သွားသလို စားလုံးတွေ ရှာရအောင်။

ဆော့ကစားခြင်း
* ဟန်ဆောင်ခြင်းနှင့် ထပ်တူပြုလုပ်ခြင်းများပါဝင်သည့် ကစားနည်း။
* မြွေလှေကား ကစားနည်းကစားခြင်း။
* ပုံစံတူရှာခြင်း (အရာဝတ္ထုများ၊ ပုံသဏ္ဍာန်များ၊ ရုပ်ပုံများ၊ စကားလုံးများ)။
* အရုပ်ဆက်ကစားနည်းနှင့် စကားလုံးဆက်ပဟေဠိ ကစားနည်း။

www.burmeseclassic.com

www.burmeseclassic.com



**ညွှန်ပြခြင်း**

* လမ်းမှဆိုင်းဘုတ်များ၊ ဆိုင်ပြတင်းပေါက်များ၊ တီရှပ်များ၊ ပိုစတာများ၊ အစားအသောက်တင်ယာဉ်များ၊ စာတိုက်ပုံးနံပါတ်များ၊ ဘတ်စ်ကားနှင့် ရထားမှတ်တိုင်များ။

**မေးခွန်းများ**

* တို့ ဘယ်လမ်းက သွားရမှာလဲ။
* အခု တို့စားနေတဲ့ပဲက ဘာပဲလဲ။
* တို့ ဒီမှာ ရပ်လို့ရမလား။
* ဘာဖြစ်တာလဲ ... နောက်ပြီးတော့ရော ဘာဆက်ဖြစ်မှာလဲ။

**ပုံပြောခြင်း ပုံပြင်ဖတ်ခြင်း**

* အိပ်ရာဝင်ချိန်နှင့် အခြားအချိန်များ။

**အချိန်အခါ**

* အဝေးရောက်မိသားစုဝင်များနှင့် သူငယ်ချင်း မိတ်ဆွေများထံမှ စာ၊ အမှတ်တရ ကတ်ပြားများအကြောင်း ပြောပြရှင်းပြဖို့။
* အကြိုက်ဆုံးစာအုပ်နှင့် ပုံပြင်များအကြောင်း၊ ပြောပြရှင်းပြဖို့။
* တီဗီကြော်ငြာနှင့် အစီအစဉ်များအကြောင်း ရှင်းပြ ပြောပြဖို့။
* ပြန်လှန်မေးခွန်းနှင့် အနှောင့်အယှက်များကင်းသည့် စာများဖတ်ဖို့ သို့မဟုတ် စောင့်ကြည့်ဖို့။

**ရွေးချယ်ရန်အခွင့်အလမ်း**

* ရုပ်ရှင်ကား၊ သတင်းစာမှပြဇာတ် သို့မဟုတ် တီဗီအစီအစဉ်။
* အစားအသောက်စာရင်းမှ အစားအသောက်အမျိုးအမည်များ။

**သုံးရမည့်ပစ္စည်းများ**

* ဖတ်ဖို့၊ လေ့လာဖို့၊ ကစားဖို့ ပစ္စည်းပစ္စယများ တစ်အိမ်လုံးတွင် ရှာဖွေစုဆောင်းထားခြင်း။



– မဂ္ဂဇင်းဟောင်းများ၊ ပြက္ခဒိန်များ၊ ကတ်တလောက်များ၊ စာပုံစံအလွတ်များ(CV Form အလွတ်များ)
– သေတ္တာတစ်ခုခု ထုပ်ပိုးထားသည့် ပစ္စည်းများ
– ကတ်ပြားဟောင်းများ၊ ထုပ်ပိုးစက္ကူများ
– စာအုပ်များ၊ ဖောင်းကြွအရုပ်စာအုပ်များ၊ (ဖွင့်လှန်လိုက်လျှင် အရုပ်ဖြစ်သွားသည့်စာအုပ်) လှန်လှောရုပ်ရှင်ကာတွန်း (စာမျက်နှာ အမြန်လှန်လိုက်လျှင် ရုပ်ရှင်ကဲ့သို့ မြင်ရသော စာအုပ်)၊ စိတ်ဝင်စားစရာ ရုပ်ပုံများပါသည့် စာအုပ်၊ ကလေး စိတ်ဝင်စားနိုင်သည့် အကြောင်းအရာများ ရေးထားသည့်စာအုပ်၊ သားချော့တေးစာအုပ်၊ ကလေးကဗျာစာအုပ်နှင့် ကလေးသီချင်းစာအုပ်၊ ပုံပြင်စာအုပ်နှင့် ဗဟုသုတ စာအုပ်များ
– နည်းပညာဆိုင်ရာ မှန်ဘီလူး ပုံစံအမျိုးမျိုးနှင့်မိုက်ခရိုစကုပ်

**သင်ယူခြင်းသည် အရေးကြီးကြောင်း ပြသခြင်း**

* ကလေး၏နာမည်၊ နာမည်၏အဓိပ္ပာယ်၊ မိဘက မည်ကဲ့သို့ ရွေးချယ်ခဲ့ကြောင်း၊ နာမည်သည် အရေးကြီးကြောင်းပြောပါ။
* ကလေးနာမည်၊ စာလုံးပေါင်း၊ အထူးသဖြင့် ပထမဦးဆုံး သူ့နာမည် အစ စာလုံး စသည်တို့ကို ကလေးမှတ်မိအောင် အထပ်ထပ်ပြောပြပေးပါ။
* တခြားဘာသာစကားနဲ့ နာမည်စာလုံးပေါင်းများ ရှာဖွေထားပြီး သင်ပေးပါ။
* ကလေးက ရေးဖို့ ဖတ်ဖို့ ကြိုးစားလာလျှင် ဂုဏ်ပြုချီးကျူးပါ။


**ရေးဆွဲခြင်းနှင့် ရေးသားခြင်း**

* ကိုယ် ဒါတွေလုပ်တာ ကလေးမြင်ပါစေ။
– ပြောသည့်ကိစ္စနှင့်မတူသည့် အရုပ်ကလေးများ ရေးခြစ်ခြင်း၊ ပုံဆွဲခြင်း၊ ပန်းချီဆွဲခြင်း

www.burmeseclassic.com

www.burmeseclassic.com





- စာချုပ်တွင်လက်မှတ်ထိုးခြင်း (လက်မှတ်ထိုးသည့် အခြင်းအရာ)၊ ကျသင့်ငွေပေးချေခြင်း၊ ပုံစံ(ဖောင်) ဖြည့်စွက်ခြင်း (စာရင်းဇယားနှင့် လျှောက်လွှာ)
- စာရင်းပြုစုခြင်း၊ အမှတ်တရကတ်ပြားဖန်တီးခြင်း၊ ပေးပို့ရန်စာရေးသားခြင်း
- စာလုံးကစားနည်းများ ကစားပြခြင်း

* ပြောပြ အသုံးပြုပြရမည့်ကိစ္စများ။
- လူပုံ အရုပ်ပုံများ၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ တိရစ္ဆာန်များနှင့် နေရာဒေသများ
- သံလိုက်နှင့် ကပ်ရသည့်စာလုံးများ
- ပစ္စည်းအသုံးပြုပုံနှင့် တပ်ဆင်ပုံ လမ်းညွှန်စာအုပ်များ၊ ချက်နည်း ပြုတ်နည်း စာအုပ်နှင့် လက်ခံဖြတ်ပိုင်းများ
- ပန်းချီနှင့် ဂီတဆိုင်ရာ စာအုပ်များ

* ရေးဆွဲခြင်းနှင့် ရေးသားခြင်းဆိုင်ရာကျိုးကြောင်းပြ ပြောဆိုမှု။
- ဈေးဝယ်ရမယ့်စာရင်း ရေးနေတာ ... ဒါမှ မေ့ မကျန်ခဲ့မှာပေါ့
- မင်းက ပုံဆွဲရတာ ပျော်တယ်နော်၊ နာမည်ကြီး ပန်းချီဆရာများ ဖြစ်လာမလားပဲ
- သားအစ်ကိုက အိမ်ပြန်နောက်ကျမယ်လို့ စာရေးပြီး စာရိုက်



သွားတယ်ကွ
- ကြည့်စမ်း ... မမက ဒီစာအုပ်ထဲမှာ ပုံလေးတွေ ဆွဲထားတာ သိပ်လှတာပဲ
- ဒီမှာ သားအန်တီက သူ့အိမ်ကို လာတတ်အောင် မြေပုံဆွဲပေးလိုက်တယ်

**လက်တွေ့လုပ်ပြရမည့်အနေအထား**

* ကလေးရဲ့ မျက်လုံးနဲ့လက် အချိတ်အဆက်မိစေရန်။
- ခွက်တစ်ခွက်ထဲမှ နောက်တစ်ခွက်ထဲသို့ ရေ လောင်းထည့်ခြင်း
- မုန့်ဖုတ်ခြင်းကို အစအဆုံး လုပ်ကိုင်ပြခြင်း (ဆော့ကစားခြင်းမဟုတ်)
- စာလုံးပဟေဠိများဖြေဆို ဖြေရှင်းခြင်း
- ဆေးရောင်ခြယ်ခြင်း၊ သီချင်းအလိုက်ညည်းခြင်း၊ ရုတ်တရက်အလန့်တကြား ခြောက်လှန့်ကျီစယ်ခြင်း

* သင်ကြားပြောဆိုရန်
- ရေးဆွဲခြင်း၏အခက်အခဲများဖြေရှင်းပေးခြင်း (ဥပမာ မျဉ်းဖြောင့် တစ်ကြောင်းကို ဘယ်လိုဆွဲရမလဲ)
- ခဲတံကိုင်နည်းနှင့် ကွန်ပျူတာခလုတ်များ အသုံးပြုပုံကို ပြသပေးခြင်း
- စာလုံးများရေးဆွဲပုံ ပြသခြင်း (အထူးသဖြင့် ကလေး၏နာမည်တွင်ပါသည့် စာလုံးများ)

* စာအုပ်တစ်အုပ်ဖန်တီးခြင်း။
(စာရွက်လွတ်များကို ပင်နှင့်ချုပ်ပြီး စာအုပ်လုပ်၍)
- ကလေးရဲ့အကြောင်း၊ မိသားစုအကြောင်း၊ တိရစ္ဆာန်များအကြောင်း၊ မွေးနေ့များအကြောင်း၊ ဈေးဝယ်ထွက်ခြင်းများအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



- ရေးဆွဲထားသည့်ပုံများ၊ ရုပ်ပုံများ၊ ဓာတ်ပုံများအား အသုံးပြုခြင်း
- ကလေးပြောသမျှ ရေးချထားခြင်း

စသည်တို့ထည့်သွင်းပြီး စာအုပ်တစ်အုပ်ကို အတူတူ ဖန်တီးလိုက်ပါ။

* ကလေးရဲ့ ရေးသားခြင်းနှင့်ရေးဆွဲခြင်းကို တိုက်တွန်းပြီး ထိုကိစ္စကို ဆွေးနွေးရန်။
  - ကလေးမြင်ဖူးသမျှနှင့် လုပ်ကိုင်ပြီးစီးသမျှ အရာများကို ပုံစံရေးဆွဲခြင်း
  - ပုံပြင်သရုပ်ဖော်ပုံ ရေးဆွဲခြင်း
  - ကိုယ်နာမည်ကိုယ် စာလုံးပေါင်းရေးသားခြင်း
  - ဈေးဝယ်စာရင်းပြုစုခြင်း (ဝယ်ရန်၊ ဝယ်ပြီးစာရင်း အားလုံး)

**သုံးရမည့် ပစ္စည်းများ**

မိသားစုက ဒါတွေ အထောက်အပံ့ပေးရမယ်။

* ရွှံ့နှင့်သဲ၊ မုန့်ဖုတ်ရာတွင်သုံးသည့် ပစ္စည်းများနှင့် အုတ်ဖုတ်ရာတွင် သုံးသည့် မြေမှုန့်များ (ညှစ်ချ နယ် ဖတ်ရန်၊ ပုံစံဖော်ရန်၊ ရေးဆွဲရန်)
* စာရွက်များ(အလွတ်၊ မျဉ်းပါစာရွက်)၊ စာအိတ်ဟောင်းများ၊ ပေးစာနှင့် လိပ်စာကဒ် အစရှိသည်။
* ပစ္စည်းစာရင်းကဒ်ပြား၊ ဒိုင်ယာရီစာအုပ်အဟောင်းများ။
* ရောင်စုံခြယ်ဖယောင်းခဲတံများ၊ မြေဖြူရောင်စုံများ၊ မင်တံ၊ ခဲတံနှင့် ပိတ်စများ။
* ပေတံနှင့်ခဲဖျက်။
* ကွန်ပျူတာ။
* လက်နှိပ်စက်။

**သင်ယူခြင်းဟာ အရေးကြီးကြောင်းပြသခြင်း**

* လက်တွေ့ပြုလုပ်လေ့ကျင့်ရန် အချိန်လုံလောက်စွာပေးပါ။



* ကလေးရဲ့ ပြီးစီးအောင်မြင်သည့်အလုပ်မှန်သမျှ အသိအမှတ်ပြု ခံစားပြပေးပါ။
* ရေးဆွဲရန်၊ ရေးသားရန်၊ အားထုတ်သမျှ လုပ်ဆောင်မှုများကို လက်ခံပါ။
* အခက်အခဲတွေ့နေလျှင် ကူညီပါ။
* ဆက်ပြီး ကြိုးစားဖို့ တိုက်တွန်းအားပေးပါ။
* ကလေးဆွဲသမျှ၊ ရေးသမျှပုံနှင့်စာများကို ကပ်ထားပြီး ထိုပုံများ၊ စာများနှင့်ပတ်သက်၍ ကြုံတိုင်း ပြောဆိုဆွေးနွေးပါ။

**မိဘ၊ ဆရာနှင့် ကလေးအားပြုစုဂရုစိုက်သူများအားလုံး ညှိနှိုင်းအလုပ်လုပ်ခြင်း**

* မိဘတိုင်းဟာ ပြုစုဂရုစိုက်သူများ၊ စာသင်ပေးတဲ့ ဆရာ ဆရာမများနဲ့ ကိုယ့်သားသမီးတို့ရဲ့ကြားက ဆက်ဆံရေးကို သေသေချာချာ သိနားလည်ထားသင့်ပြီး တိုးတက်လာဖို့လည်း အာရုံစိုက်သင့်ပါတယ်။ ဒီပုဂ္ဂိုလ်တွေဟာ ကလေးထိန်းများ၊ နေ့ကလေးထိန်းများ၊ မူကြိုဆရာများ၊ ကျောင်းဆရာများနဲ့ မိသားစု ဆရာဝန်အပါအဝင် ကလေးရဲ့ စိတ်ပညာဆိုင်ရာ ပညာရှင်များအားလုံးကို ဆိုလိုပါတယ်။




www.burmeseclassic.com

www.burmeseclassic.com



* ဒီပုဂ္ဂိုလ်တွေဟာ ကလေးရဲ့စာပေစွမ်းရည် တိုးတက်လာစေမယ့် အစီအစဉ်ကောင်းတွေ ချမှတ်ဖို့၊ ကလေးရဲ့လိုအပ်ချက်နဲ့ စိတ်ဝင်စားတတ်တာမှတ်သမျှ သိနေဖို့ လိုအပ်ပါတယ်။
* သူတို့ဟာ ကလေးရဲ့တိုးတက်မှု၊ မိဘနဲ့ သားသမီးကြားက လိုအပ်ချက်တွေကို မျှဝေခံစားပေးနိုင်ရပါမယ်။

ဒါတွေဟာ မိသားစုတစ်ခုအနေနဲ့ သူတို့ကို ကိုယ့်မိသားစုရဲ့အကြောင်း အတတ်နိုင်ဆုံး ပြောဆိုဆွေးနွေးပြီး ရှင်းပြထားရမယ်လို့ ဆိုလိုတာပါ။ တစ်ယောက်နဲ့တစ်ယောက် အတိုင်းအတာတစ်ခုအထိ ယုံကြည်စိတ်ချထားဖို့ ဒီအချက်ဟာ လိုအပ်ပါတယ်။

* ညှိနှိုင်းယှဉ်တွဲလုပ်ဆောင်ရာမှာ အဆင်ပြေ ကောင်းမွန်ဖို့အတွက် ကလေးစိတ်ဝင်စားတာ၊ ကလေးရဲ့ ပုံမှန်လုပ်ဆောင်ချက်နဲ့ ကြောက်တတ်တဲ့ကိစ္စ စတာတွေကို ဒီပုဂ္ဂိုလ်တွေကို ပြောပြထားရပါလိမ့်မယ်။
* ကလေးရဲ့လက်ရှိအနေအထားနဲ့ မျှော်မှန်းအနာဂတ်အပေါ်အမြင်၊ မိဘက ကူညီနိုင်မယ့်အရာတွေ မေးမြန်းရမယ်။
* နေ့ကလေးထိန်းကျောင်း၊ ထိုမှ မူကြို၊ ကျောင်းကြီးတိုင်အောင် မိဘက ပါဝင်ဆောင်ရွက်သင့်တာတွေ ဝင်ရောက်လုပ်ဆောင်ပါ။
* မိဘဆရာအသင်း ဖွဲ့စည်းပါဝင်ပြီး ဆုံးဖြတ်ချက် ချနိုင်တဲ့ အနေအထားအထိ ပါဝင်ထားပါ။
* ကျောင်းများကို ပုံမှန်သွားရောက်လည်ပတ်ပါ။
* နေ့ကလေးထိန်း၊ မူကြိုနဲ့ ကျောင်းကြီးတိုင်အောင် ကလေးများနဲ့ ဆွေးနွေးခြင်း၊ ပုံပြင်ပြောခြင်း၊ ကလေးများအတွက် ချက်ပြုတ်ခြင်းများ ဝင်ရောက်ကူညီ လုပ်ဆောင်ပါ။
* ကလေးနေမကောင်းလျှင် ကိုယ်တိုင်သွားရောက်ခွင့် တိုင်ကြားပါ။
* ကလေးအတွက် ကျောင်းမှာ လိုအပ်ရင်အသုံးပြုဖို့ ဖဲကြိုးများ၊ မိတ်ဆက် ကတ်ပြားများ၊ စက္ကူဘူးခွံလွတ်များ စုထားပေးပါ။
* ထိုဌာနများနှင့်ပတ်သက်၍ ကောင်းခြင်း ဆိုးခြင်းများအပေါ် ခံစားရသည်များကို ထိုဌာနများမှ တာဝန်ခံများသိအောင် ပြောပြပါ။



**ထပ်မံသတိပေးခြင်း**

* ကလေးဟာ မွေးစကတည်းက သင်ယူနေတယ်။ စာပေစွမ်းရည် တိုးတက်လာဖို့ ကျောင်းနေချိန်အထိ စောင့်နေရမှာ မဟုတ်ပါဘူး။
* စကားပြောဆွေးနွေးခြင်း၊ ဆော့ကစားခြင်းအပါအဝင် ကလေးနဲ့ အချိန်ပေးပြီး ပျော်ပျော်ရွှင်ရွှင် နေပေးပါ။
* စံပြပြုရမည့် အဆင်အပြင်တွေ၊ လက်တွေ့ထောက်ပံ့အားပေးမှုတွေ၊ ကလေးက သူသိသမျှ လေ့ကျင့်ပြုလုပ်ဖို့ အခွင့်အလမ်းပေးတာတွေ စနစ်တကျနဲ့ သေသေသပ်သပ် လုပ်ပေးပါ။
* တစ်ယောက်တည်းပဲဖြစ်ဖြစ် အများနဲ့ပဲဖြစ်ဖြစ် ဆော့ကစားခွင့် ပြုထားပေးပါ။ အရာရာကို သင်ခန်းစာကြီးတွေ လုပ်မထားပါနဲ့။
* ရေးဆွဲဖို့၊ ရေးသားဖို့ ကလေးကို ဖိအားပေးတာမျိုး မလုပ်ပါနဲ့။ ကလေးအနေနဲ့ လူလားမြောက်လာတာနဲ့အမျှ သူလုပ်ချင်တာတွေ ပေါ်လာ၊ လုပ်လာမှာပါပဲ။ အဲဒီအချိန်ကျမှ တိုက်တွန်းတာ၊ ကူညီတာတွေ လုပ်ပေးမယ်ဆို ပိုပြီး အကျိုးကျေးဇူးရှိပါတယ်။
* ဈေးသိပ်ကြီးတဲ့ အရုပ်တွေ၊ စာအုပ်တွေ၊ အသုံးပြု စရာမလိုပါ။
* ကလေးရဲ့စာပေစွမ်းရည် တိုးတက်မှုနဲ့ ပတ်သက်ပြီး စိတ်ပူလာရင် ကျွမ်းကျင်သူတွေဆီ ချဉ်းကပ်ပါ။ ကလေးကို ပစ်မထားလိုက်ပါနဲ့။

**ကလေးသူငယ်များနှင့် စာဖတ်ခြင်း**

မွေးကာစ ရင်ခွင်ပိုက်အရွယ် ကလေးများကို စာဖတ်ပြမယ်ဆိုရင် ကလေးက ဘယ်ကြားနိုင်မှာလဲလို့ ထင်ကြပါလိမ့်မယ်။ ဟုတ်ပါတယ်။ မွေးကာစမှာ ကလေးငယ်ဟာ မကြားရသေးပါဘူး။ နားလည်း မလည်ကြသေးပါဘူး။ ဒါပေမယ့် စာအုပ်တွေဟာ ဒီကလေးတွေကို ပျော်ဖြေဖို့အတွက် ကြိုးမားတဲ့လမ်းကြောင်းတစ်ခုပါ။ ပြီးတော့ ကလေးနဲ့ မိဘကြားက ဆက်သွယ်မှုနဲ့ နားလည်မှုကို ဘဝရဲ့ ပထမဆုံးလတစ်လမှာစပြီး တည်ဆောက်ပေးနေတာပါ။ လူကြီးမိဘတွေမှာတောင် ကိုယ့်ကိုယ် ဂရုစိုက် အရေးပေးတဲ့သူကို ပိုပြီး ခင်မင်ရင်းနှီးရှိကြပါတယ်။ ကိုယ့်ကိုယ် ပျော်အောင်ထားနိုင်တဲ့သူကိုလည်း ကိုယ့်လူလို့ သဘောထားတတ်ကြတယ် မဟုတ်လား။ ကလေး

www.burmeseclassic.com



တွေလည်း ဒီအတိုင်းပါပဲ။

ဆက်သွယ်မှုကို သင်ယူဖို့ စာဖတ်ခြင်းဟာ နည်း လမ်းကောင်းတစ်ခု ဖြစ်ပါတယ်။

ဆက်သွယ်ရေးမှာ ကြားနာခြင်းအပြင် တခြားတစ်ယောက်က ပေးပို့လိုက်တဲ့ အချက်အလက်တွေကို နားလည်ခြင်းနဲ့ ပီသတဲ့ ပြန်ကြားချက်တစ်ခုနဲ့ တုံ့ပြန်နိုင်ခြင်းလည်း ပါဝင်ပါတယ်။ ပီသတဲ့ ပြန်ကြားချက်ဆိုတာ အသံထွက်နဲ့ စကားလုံး၊ စကားစု ဝါကျတွေကို အသုံးပြုပြီး ထုတ်လုပ်ရခြင်းဖြစ်ပါတယ်။ နောက်ပြီး အသံမဲ့သဘောတရားတစ်ခုဖြစ်တဲ့ မျက်နှာပြင်အမူအရာနဲ့ ခြေဟန်လက်ဟန်တွေလည်း ပေါင်းစပ်ပါဝင်ပါသေးတယ်။

*ကလေးကို ပွေ့ချီထားပြီး စာအုပ်တစ်အုပ်ရဲ့ အကြောင်းအရာကို မျှဝေခံစားရတာ သိပ်ကိုထူးခြားတဲ့ အချိန်တစ်ခုပေါ့။*

* ကလေးကို ချီပြီး စာအုပ်ထဲက အရုပ်တွေပြတာ၊ အဲဒီအရုပ်တွေအကြောင်း ပြောပြတာကိုက စာဖတ်ခြင်းဟာ အရေးပါတဲ့ အလေ့အကျင့်အဖြစ် ကလေးက သိနားလည်သွားမှာပါ။
* စာဖတ်ပြတာကို ကလေးတွေ ကြိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိဘရဲ့ သံနေသံထားနဲ့ ပျော့ပျောင်းညင်သာမှုရယ်၊ မိဘနဲ့ အနီးကပ်ဆုံး နွေးထွေးလုံခြုံတဲ့ သီးသန့်အချိန်လေးရယ်ကို ကလေးတွေ သိပ်ကို နှစ်သက်ကြပါတယ်။
* အရုပ်ကလေးတွေကြည့်ရတာ၊ မိဘရဲ့အသံနဲ့ သားချော့တေးကဗျာတွေကို ကြားနာခံစားရတာကို စကားလုံးအဓိပ္ပာယ်တွေ မသိခင်ကတည်းက ကလေးတွေ သိပ်နှစ်ခြိုက်ကြပါတယ်။

စာအုပ်တွေဟာ သိပ်အရေးကြီးတဲ့စွမ်းရည်အရပ်ရပ်ကို သင်ယူရရှိဖို့ ကြီးကျယ်တဲ့ တွန်းအားတွေပါ။ အဲဒီစွမ်းရည်တွေကတော့ ...

* စကားပြောခြင်းနဲ့ ဘာသာစကားကို နားလည် သဘောပေါက်ခြင်း။
* စိတ်ကူးစိတ်သန်းနဲ့ စိတ်ကူးကြံစည်မှု။
* စိတ်အာရုံကို ထိန်းချုပ်ကွပ်ကဲမှု။
* တီထွင်ကြံဆဖန်တီးနိုင်စွမ်းရှိမှု။
* နားထောင်ကြားနာတတ်လာမှု။



* အခက်အခဲတွေကို ရင်ဆိုင်ဖြတ်ကျော်နိုင်မှုတွေပါပဲ။

*မိဘက စာဖတ်ပြတာကို နားထောင်ခဲ့ရဖူးတဲ့ ကလေးဟာ ဘယ်လောက်ပဲ ငယ်ပါစေ စကားပြော၊ စာရေးနဲ့ စာဖတ်သင်ယူတဲ့အခါ ပိုပြီး လွယ်ကူချောမွေ့တာကို တွေ့ရပါလိမ့်မယ်။*

## ကလေးနဲ့အတူတူ စာ ဘယ်လိုဖတ်ကြရမှာလဲ

* ကလေးဟာ သူ့ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတာတွေနဲ့ ပတ်သက်ပြီး စိတ်ဝင်တစားရှိနေနိုင်တဲ့ အချိန်မျိုးကို စာဖတ်ချိန်တစ်ခုအဖြစ် နေ့စဉ်သတ်မှတ်ဖို့ ကြိုးစားပါ။ စာဖတ်ချိန်မှာလည်း နေ့စဉ် ပုံမှန်အချိန်ဖြစ်ပြီး သက်သောင့်သက်သာရှိတဲ့ ထိုင်ခုံကိုပါ ရွေးချယ်သတ်မှတ်ထားရင် ပိုကောင်းပါတယ်။ ဒီနေရာ၊ ဒီ အချိန်မှာ ဒီအလုပ်ဆိုတာမျိုးပေါ့။
* ရင်ခွင်ပိုက်ကလေးတွေဟာ ၂၀–၂၅ စင်တီမီတာရှိတဲ့ ပုံရိပ်ကို ကြည်ကြည်လင်လင် မြင်နိုင်ပါတယ်။ သိပ်ငယ်သေးတဲ့ ဒီအရွယ်မှာ ပြတ်သား ပီပြင်ပြီး ရိုးရှင်းတောက်ပတဲ့ ရောင်စုံရုပ်ပုံတွေကို သဘောကျနှစ်သက်ပါတယ်။
* စာဖတ်ပြတဲ့နေရာမှာ စာအုပ်ကိုရော ကလေးကိုပါ ကြည့်ရှုနိုင်ဖို့ ကြိုးစားပါ။ ရုပ်ပုံကိုထောက်ပြပြီး ကလေးကြည့်နေတဲ့ အရာဝတ္ထုအကြောင်းကို ပြောပြပါ။




www.burmeseclassic.com

www.burmeseclassic.com



* ဖြစ်နိုင်ရင် စာကို အသံထွက်ဖတ်တဲ့အခါ အသံကို ပုံပြင်ဇာတ်လမ်းရဲ့ အကြောင်းအရာပေါ်မူတည်ပြီး အမျိုးမျိုး ပြောင်းလဲပြောဆိုခြင်းနဲ့ စိတ်ဝင်စားစရာ ပုံပြောချိန်လေး ဖြစ်နေပါစေ။ အော်ဟစ်မယ်၊ တိုးညှင်းမယ်၊ ပျော်ရွှင်မယ်၊ ဝမ်းနည်းမယ်ပေါ့။
* ကလေး သိပ်ကြိုက်တဲ့ပုံပြင်စာအုပ်မျိုးရရင် ထပ်ကာ ထပ်ကာ ဖတ်ပြပါ။ ဖတ်ပြတဲ့အခါတိုင်းမှာလည်း တစ်ခါနဲ့ တစ်ခါ အသံထွက်ခြင်း တူညီပါစေ။ ဒါမှ ကလေးက တိကျတဲ့ပုံစံကို ခံစားမှတ်မိနိုင်မှာဖြစ်ပါတယ်။
* ကလေးကို စာဖတ်ပြတဲ့အခါ နှစ်ကျော့ သုံးကျော့ ဖတ်ပြဖို့ လိုပါတယ်။ ပုံပြင်အပေါ် ဂရုစိုက်နားထောင်ချင်တဲ့စိတ် နိုးကြားလာပြီး နားလည်ခံစားမှုက စာဖတ်ချိန်ကြာရင် ကြာသလို တိုးတက်လာပါလိမ့်မယ်။

တချို့မိဘတွေဟာ စာဖတ်လေ့မရှိပါဘူး။ စိတ်မပါဘူး။ ဒါပေမယ့် ကလေးကို ပွေ့ပိုက်ထားပြီး စာအုပ်ကိုကြည့်၊ စာအုပ်ထဲက ရုပ်ပုံလေးတွေ အကြောင်း ပြောတာဟာ စာဖတ်ပြခြင်းအတွက် အကောင်းဆုံးလမ်းစ ဖြစ်ပါတယ်။

စာမျက်နှာပေါ်က စာတွေချည်း ဖတ်ပြရမှာမဟုတ်ပါဘူး။ ရုပ်ပုံတွေ ညွှန်ပြပြီး တခြားကိုယ်ပိုင်ဇာတ်လမ်း တစ်ခုခုကိုလည်း ဖန်တီးပြောဆိုနိုင်ပါတယ်။

စာအုပ်တွေနဲ့ပတ်သက်လို့ အတတ်နိုင်ဆုံး ကလေးကို ပျော်စရာကောင်းသည်ထက် ကောင်းအောင် ဖတ်ပြ ပြောပြရမှာပါ။

### ကလေးအတွက် သင့်တော်မယ့်စာအုပ်အမျိုးအစား

ကလေးတွေဟာ ပုလုကွေးအရွယ်ကတည်းက စာလုံးနည်းနည်းနဲ့ ရှင်းလင်းပြီး ရောင်စုံရုပ်ပုံတွေ အပြည့်ပါတဲ့ စာအုပ်မျိုးကို ကြိုက်တတ်ကြပါတယ်။

နည်းနည်းပိုကြီးတဲ့ကလေးတွေနဲ့ တွားသွားအရွယ်၊ လမ်းလျှောက်တတ်စ ကလေးအရွယ်တွေကလည်း သူတို့သိပြီးသား အရာဝတ္ထုတွေကို



ရိုးရိုးရှင်းရှင်း သရုပ်ဖော်ထားတဲ့ စာအုပ်တွေကိုပဲ ကြိုက်ကြပါတယ်။ (ဥပမာ– ကစားစရာအရုပ်၊ စားသောက်ဖွယ်ရာ၊ ကား၊ တိရစ္ဆာန် စသည်ဖြင့်)

ကလေးတွေဟာ စာအုပ်ကို ကိုင်နိုင်တဲ့အရွယ်ရောက်တာနဲ့ စာမျက်နှာတွေကို ကိုယ်တိုင် လှန်လှောချင်တယ်၊ စာရွက်တွေကို ဖြဲချမယ်၊ ပါးစပ်ထဲထည့်ပြီး ကိုက်ဝါးမျိုချချင်ကြတယ်၊ ဒါကြောင့် ကလေးတွေကို ကိုင်ခွင့်ပေးရမယ့် စာအုပ်ဟာ ဈေးသက်သာရမယ်၊ ရိုးရှင်းရမယ်။ ပြီးတော့ ခိုင်ခံ့ရမယ်။ ဒါဆို စာအုပ်ပျက်စီးသွားမှာ မပူရတော့ဘူးပေါ့။ နိုင်ငံတကာမှာ ထုတ်ဝေနေတဲ့ ...

* အဝတ်စာအုပ်
* ရေချိုးခန်းမှာ သုံးနိုင်တဲ့ ပလတ်စတစ်စာအုပ်
* ကတ္တူစာအုပ်
* စာလုံးနည်းနည်း ဒါမှမဟုတ် လုံးဝမပါဝင်တဲ့ ရုပ်ပုံစာအုပ်
* ကလေးကဗျာနဲ့ သားချော့တေးစာအုပ်
* သီချင်းတိုလေးများ၊ လက်နဲ့ လက်ချောင်းလှုပ်ရှားမှုတွေ ပါဝင်တဲ့ စာအုပ်
* တေးသံစုံနဲ့ အသံပေါင်းစုံ ထွက်တဲ့စာအုပ်
* စာမျက်နှာကို သတ္တုဘောင်ကွပ်ထားတဲ့စာအုပ်
* မိသားစုဓာတ်ပုံ၊ မဂ္ဂဇင်းထဲက ရုပ်ပုံနဲ့ ဆွဲထားသမျှပုံတွေ စုချုပ်ထားတဲ့ စာအုပ်
* စာရွက်ပါးပါးနဲ့လုပ်ထားတဲ့ အဖိုးတန်စာအုပ်မျိုးတွေ လုံးဝ အသုံးမပြုပါနဲ့။ ကလေးတိုင်း စာရွက်ဖြဲတတ်တဲ့ ဝါသနာရှိတယ်။

### ကလေးအတွက် စာအုပ်တွေရှိမယ့်နေရာ

* ဒါကတော့ ထုံးစံအတိုင်း ရုပါမားကက်နဲ့ စာအုပ်ဆိုင်ကြီးတွေမှာ ရှာရ မှာပေါ့။
* ဈေးသက်သာပြီး အဝတ်၊ ပလတ်စတစ်နဲ့ လုပ်ထားတဲ့ မျက်နှာဖုံးပျော့ပျော့ စာအုပ်တွေက အဲဒီလိုနေရာတွေမှာပဲ ရှိတတ်တာပါ။
* စာအုပ်အဟောင်းဆိုင်တွေဆီက တစ်ပတ်ရစ်စာအုပ်တွေ ရှာဝယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



* အိမ်မှာရှိသမျှ စာအုပ်တွေထဲက ရုပ်ပုံတွေနဲ့လည်း စာအုပ်ချုပ်ထားလို့ ရပါတယ်။
* စာကြည့်တိုက်က ငှားလို့ရရင်တော့ အကောင်းဆုံးပါပဲ။ အသက်အရွယ်အလိုက် စာအုပ်မျိုးစုံတဲ့အပြင် အကောင်းဆုံးအကြံဉာဏ်နဲ့ ရွေးချယ်မှုတွေပါ ရရှိနိုင်လို့ပဲဖြစ်ပါတယ်။

### ကလေးတွေနဲ့ ဆော့ကစားဖို့ တခြားနည်းလမ်းများ

* ဘယ်လောက်ငယ်ငယ် ဆော့ရတဲ့အချိန်ကိုတော့ ကြိုက်ကြတာပါပဲ။
* ကလေးအငိုတိတ်ပြီး ငြိမ်သက်နိုးကြားနေတဲ့အချိန်မှာ သီချင်းဆိုပြရင်း ကလေးရဲ့လက်၊ ခြေသလုံးနဲ့ ခြေဖဝါးလေးတွေကို ဆုပ်နယ်ပေးပါ။
* ကလေးက တခစ်ခစ်ရယ်နေရင် ကိုယ်ကလည်း သူ့ အသံနီးပါး ပြန်လုပ်ပြပါ။
* ကလေးရဲ့အခန်းထဲက အရာဝတ္ထုတွေ၊ အိမ်ထဲက တခြားနေရာတွေဆီ ချီပိုးခေါ်ဆောင်သွားပြီး လက်ညှိုးထိုးပြ၊ နာမည်ပြောပြပြီး လှည့်လည်သွားလာပါ။

### ဖတ်ရှုခြင်းကို သင်ယူရန် ကလေးအား ကူညီခြင်း

အစဉ်အမြဲ ပြောင်းလဲနေပြီး အချိန်တိုင်းမှာ စိန်ခေါ်နေတဲ့ လောကကြီးထဲ ရှင်သန်နေထိုင်ဖို့၊ ရုန်းကန်ရင်ဆိုင်ဖို့ "ဖတ်ရှုခြင်း" ဟာ ကလေးအတွက် လိုအပ်တဲ့စွမ်းရည်တစ်ခုဖြစ်တဲ့အတွက် သင့်ရဲ့ကလေးကို ကူညီလိုက်ကြရအောင်။ ဒါမှလည်း ကလေးဟာ အရာရာကို သင်ယူနိုင်လာမယ်၊ နားလည်နိုင်စွမ်း ရှိလာမယ်။ တစ်လောကလုံးနဲ့ အဆက်အစပ် ရှိလာမယ် မဟုတ်လား။

ပြောဆိုခြင်းနဲ့ ကြားနာခြင်း၊ ဖတ်ရှုခြင်းနဲ့ ကြည့်ရှုခြင်း၊ ရေးဆွဲခြင်းနဲ့ ရေးသားခြင်းဆိုတာတွေဟာ စာပေစွမ်းရည်လို့ ခေါင်းစဉ်တပ်ထားတဲ့ ဖတ်ရှုနားလည်၊ သဘောပေါက် စဉ်းစား၊ တွေးခေါ်ရေးသားမှုတွေကို လုပ်နိုင်တဲ့ သဘာဝစွမ်းရည်ပါ။ ဒီစွမ်းရည်ကို ကျောင်းမတက်သေးတဲ့ စာမဖတ်နိုင်ခင်



မွေးကင်းစအရွယ်ကတည်းက သင်ယူဖြည့်ဆည်းတဲ့သဘာဝ ကလေးတိုင်းမှာ ရှိပါတယ်။

ဒီစွမ်းရည် ဖွံ့ဖြိုးသန်မာဖို့ သာမန်ရေးတတ် ဖတ်တတ် အနေအထားကို ကျော်လွန်နိုင်မယ့် အကြံဉာဏ်တချို့ ပေးချင်ပါတယ်။ ဒီအကြံဉာဏ်ထဲက လက်တွေ့လေ့ကျင့်ခန်း အကြံပြုချက်တွေဟာ ကလေးတစ်ယောက်ကို "စာဖတ်သူ" တစ်ဦး ဖြစ်လာစေဖို့ တိုက်တွန်းကူညီပါလိမ့်မယ်။

### ကြည့်ရှုခြင်းနှင့် ဖတ်ရှုခြင်း

ကလေးဟာ အောက်ပါအကြောင်းအရာတွေနဲ့ ကြုံ လာတဲ့အခါ ဖတ်ရှုချင်စိတ်ဖြစ်ပေါ်လာတတ်ပါတယ်။

* တခြားတစ်ယောက်ယောက် ဖတ်နေတာမြင်ရရင်၊ အထူးသဖြင့် မိဘပေါ့။
* တစ်အိမ်လုံးမှာ စာတန်းတွေ၊ သင်္ကေတတွေ ရေးထိုးချိတ်ဆွဲထားတဲ့ အရာဝတ္ထုတွေကိုမြင်ရတဲ့အခါ
* မိဘက ပုံပြင်ဖတ်ပြတဲ့အခါ၊ ညွှန်ကြားချက် စတဲ့ စာရွက်စာတမ်းတွေ ဖတ်ကြည့်နေတဲ့အခါ၊ စာကို အသံထွက်ဖတ်ပြီး တချို့စာတွေအတွက် ကလေးကို အကူအညီတောင်းခံတဲ့အခါ ဖတ်ရှုခြင်းမှာ အကျိုးကျေးဇူးတွေ အများကြီးရှိမှန်းလည်း ကလေးက နားလည်လာပါတယ်။
* ပုံပြင်တွေနဲ့ပတ်သက်လို့ ခြေရာကောက်၊ သဲလွန်စရှာရ ရိုးရှင်းလွယ်ကူတဲ့ ရုပ်ပုံစာအုပ်တွေ ဖတ်စပြုလာတဲ့အခါ။
* မိဘက ပတ်ဝန်းကျင်တစ်ခုလုံးက ဖတ်စရာတွေ (ကားရပ်နားရန်နေရာ၊ လမ်းနာမည်၊ ဈေးဆိုင် ဆိုင်းဘုတ်နဲ့ စားစရာထုတ်ပိုးထားတဲ့ ဘူးခွံပေါ်က စာတန်း စသည် ....) ကို ညွှန်ပြတဲ့အခါ။
* အိမ်က ပစ္စည်းပစ္စယတွေ၊ ဈေးသွားတဲ့အခါ၊ မှတ်မှတ်ရရ မှတ်မိနေပြီး ဈေးဝယ်တဲ့နေရာမှာ မိဘကို ကူညီရတဲ့အခါ၊ ကူညီဖို့ကြိုးစားနေတဲ့အခါ (ဥပမာ ကော်ဖီမှုန့်ထုပ်၊ ပန်းစည်းနဲ့ အိမ်မှာ သူစားနေကျမုန့်ထုပ်ကို ကူညီရှာဖွေပြီး မိဘကို သတိပေး ညွှန်ပြတာမျိုးပေါ့။)

www.burmeseclassic.com

www.burmeseclassic.com



### အခေါ်အဝေါ်နှင့်အသံ

အသံတွေစုစည်းပြီး စကားလုံးဆိုတာ ဖြစ်ပေါ်လာတာပါ။

စာလုံးတစ်လုံးချင်းရဲ့ အခေါ်အဝေါ်သတ်မှတ်ချက်ဟာ မြည်ထွက်လာတဲ့ အသံနဲ့မတူပါဘူး။ နာမည်ကို စာလုံးပေါင်းဖို့ စာလုံးပေါင်းတစ်လုံးချင်းရဲ့ အသံကို မှတ်သားဖို့၊ စာလုံးတစ်လုံးစီရဲ့ အခေါ်အဝေါ်ကို မှတ်မိဖို့ ကလေးတွေအတွက် ပဏာမ အစမှာ ခက်ခဲမှာအမှန်ပါပဲ။

အသံထွက်ကို ကြားနာမှတ်သားဖို့ အသံပြခြင်းကို အရင် လုပ်ဆောင်ရပါတယ်။ စကားလုံးဖြစ်ဖို့ စာလုံးတွေ ပေါင်းစပ်အသံထွက် လုပ်ယူရမှန်းနားလည်ဖို့ အဆင့်ဆင့် လုပ်ဆောင်ရမှာပါ။ ဥပမာ စီ-အေ-တီ (တစ်လုံးချင်း ထောက်ပြရင်း တစ်ပြိုင်နက်တည်း ရွတ်ပြ၊ ပြီးတော့ အားလုံးကို လက်နဲ့တစ်ချက်တည်း ဆွဲပြပြီး ကက်ထ်လို့ အသံထွက်ပြပါ) ဒီနေရာမှာ စာလုံးရဲ့တစ်လုံးချင်းစီ အခေါ်အဝေါ်အသံထွက်နဲ့ အားလုံး စုပေါင်းထွက်လာတဲ့အသံအဓိပ္ပာယ်ရော အသံပါ မတူတာကို သတိထားမိဖို့ ကလေးကို အကြိမ်ကြိမ်ရွတ်ပြရပါတယ်။

အသံထွက်တစ်ခုချင်း၊ တစ်ဆင့်ချင်း ကြားသိမှတ်သားလိုက်ရတဲ့ကလေးအနေနဲ့ စာလုံးရဲ့အခေါ်အဝေါ်က ပြဿနာ မရှိတော့ပါဘူး။ အသံထွက်နဲ့ အဓိပ္ပာယ်လည်း ရှုပ်ထွေးရောယှက်မသွားနိုင်တော့ဘူးပေါ့။

မြန်မာစာလုံးမှာလည်း အလားတူပါပဲ။ အမြင်မှာ (ခ)ကို ပါးစပ်က 'ခ' လို့ အသံထွက်မယ်။ အမြင်မှာ ( ု) ကို တွေ့မယ်။ နားက 'ဝဆွဲ' လို့ကြားမယ်။ အမြင်မှာ(-း) ကိုထောက်ပြပြီး 'ဝစ္စပေါက်' လို့ ရွတ်မယ်။ စာလုံးတစ်ခုလုံးကို လက်နဲ့ထောက်ပြပြီး 'ခွေး' လို့ အသံထွက်လိုက်ပေါ့။ တစ်ခုသတိထားရမှာ အသံထွက်ကို ခွဲခြမ်းစိတ်ဖြာပြီး 'ခဝေး' လို့တော့ ထွက်မပြမိပါစေနဲ့။ 'ခွအေး' လို့လည်း မလုပ်ပါနဲ့။ စာသင်တဲ့အရွယ်ရောက်မှ 'စာ' သင်တာ ကောင်းပါတယ်။ ဒီအရွယ်မှာ သဒ္ဒါသင်ပေးလို့ မရသေးပါဘူး။

စာလုံးကို 'ကြည့်ပြီးအသံထွက်' တဲ့နည်းစနစ်ကိုပဲ သုံးရမှာပါ။ ဒါမှ စာလုံးရဲ့ပုံသဏ္ဌာန်နဲ့ အခေါ်အဝေါ်ကို မှတ်မိသွားပြီး အသံထွက်ကိုပါ ရင်းနှီးလာမှာပါ။

အချိန်တွေ အများကြီးရှိပါသေးတယ်။ အလောတကြီး



ဖိမသင်ပါနဲ့။ အခုလို လုပ်နေတာဟာ ကျောင်းစအပ်တာနဲ့ ဘွဲ့လက်မှတ်ထုတ်ယူနိုင်ဖို့ ကြိုးစားနေတာမဟုတ်ပါဘူး။ လေးနှစ်သားလေးတစ်ယောက်က ဦးပုညရဲ့ ရေသည်ပြဇာတ်ရွတ်ပြနိုင်စရာလည်း မလိုပါဘူး။ 'စာ'ဖို့ လုပ်နေတာ မဟုတ်ကြောင်း သတိထားစေချင်ပါတယ်။ 'ပုံမှန်' ဖြစ်ဖို့ လုပ်နေခြင်းပါ။

### ဖတ်ရှုတာကို တိုက်တွန်းဖို့နည်းလမ်းများ

* စာအုပ်ထဲက အရုပ်ကို ထောက်ပြပြီး "ကြောင်လေး ... ကြောင်လေး" လို့ဆိုပြီး ကြောင်ဆိုတဲ့ စာလုံးပါရင် ဆက်ပြီး ညွှန်ပြပေးပါ။ 'ကြောင်က ဘယ်လိုအော်လဲ' 'ညောင်' စသဖြင့် အသံထွက်စာလုံးပါရင်လည်း ပြသပေးပါ။ မပါရင်လည်း အသံထွက်ပြီး အမူအရာလုပ်ပြပါ။ မြင်နိုင်တဲ့ အရာဝတ္ထုကနေတစ်ဆင့် အသံထွက်ပြ၊ ပြီးမှ စာလုံးကို ညွှန်ပြရခြင်းပါ။
* ကလေးရွတ်ပြပြီးသား စာလုံးတွေကို စာအုပ်ထဲမှာ ရှာခိုင်းပြီး တွေ့သွားရင် ကလေးကို ချီးကျူးစကား ပြောပါ။ ပွေ့ဖက်နမ်းရှုံ့ပါ။
* သင်ပြီးသားစာလုံး၊ စကားလုံးတွေ စာရင်းလုပ်ပြီး မှတ်သားထားပါ။ အခွင့်သင့်တိုင်း ကလေးကိုပြပြီး အသံပြန်ထွက်ခိုင်းပါ။
* သားချော့တေးကဗျာကိုဆိုပြပြီး ထိုစာအုပ်ကို အတူတူဖတ်ကြပါ။
* ပုံပြင်စာအုပ်ဖတ်ပြတဲ့အခါ ဖတ်တဲ့စာလုံးတိုင်းကို လက်ချောင်းနဲ့ထောက်ညွှန်ပြသပြီး ဖတ်ပါ။ ပြီးရင် ကလေးကို ဖတ်ပြခိုင်းပြီး လက်နဲ့ပါ ညွှန်ပြခိုင်းပါ။ မမှတ်မိရင် တစ်ခေါက်ပြန်ဖတ်ပြပါ။
* အရာဝတ္ထုတွေရဲ့ အခေါ်အဝေါ်စကားများကို အိမ်က နံရံ၊ ရေခဲသေတ္တာတံခါး၊ အိပ်ခန်းတံခါးတွေမှာ ချိတ်တွယ်ကပ်ထားပြီး ကလေးကို ဖတ်ပြခိုင်းပါ။ အဓိပ္ပာယ်ကိုမေးပါ။ ကလေးမှတ်မိသွားပြီဆိုရင် အဲဒီစာတွေ ဖြုတ်ပစ်လိုက်ပါ။ ဒါပေမယ့် ဒီနိုင်မာမာနဲ့ ပီပီသသ မမှတ်မိသေးရင်တော့ ထပ်ကာ ထပ်ကာ ပြန်ကပ်ပေးရပါမယ်။

www.burmeseclassic.com

www.burmeseclassic.com



* ပုံပြင်စာအုပ်နဲ့ တိတ်ခွေတွဲထားတာတွေ နိုင်ငံတကာက ရောင်းချနေတာတွေရှိပါတယ်။ ဝယ်လို့ရရင် ကလေးကို စာအုပ်ပေးဖတ်ရင်း စာလုံးတွေရဲ့ အသံကိုပါ နားထောင်နိုင်ဖို့ စီစဉ်ပေးပါ။ မိဘနဲ့အတူ ပြုလုပ်ရမှာပါ။ ဒါဟာ မျှဝေခံစားခြင်းတစ်ခုပါ။
* သဲပေါ်မှာ စာလုံးလေးတွေရေးဆွဲပြီး ဂျုံမှုန့်၊ ရွှံ့တွေနဲ့ စာလုံးပုံဖော်တမ်း ဆော့ကစားပါ။
* စကားပြောရင်း စာလုံးရဲ့ အသံကို သီးသန့်ထွက်ပြပါ။ အသံထွက်ပြီး စာလုံးပေါင်းကို ကလေးက စဉ်းစားပါစေ။ ဒါလည်း ပျော်စရာကစားနည်းတစ်ခုပါ။

ဒီထက်ပိုပြီး စဉ်းစားမိတယ်ဆိုရင်လည်း စာဖတ်ခြင်းရဲ့ ပျော်ရွှင်စရာကောင်းပုံနဲ့ ရလဒ်ကောင်းတွေ ရရှိကြောင်း ပြသရာရောက်တဲ့ နည်းကလေးတွေ ဖြစ်မယ်ဆို လုပ်သာလုပ်ပါ။

* သီးသန့်အချိန်လေး သတ်မှတ်ပြီး ကလေးနဲ့အတူ ဖတ်ပါ။
* တီဗီနဲ့ မိသားစုဝင်တွေ ဆူညံစကားပြောနေတဲ့ နေရာကနေ အလှမ်းကွာပြီး ငြိမ်သက်အေးဆေးတဲ့ နေရာလေးတစ်ခု စာဖတ်ဖို့ ဖန်တီးထားပါ။
* ကျန်မိသားစုဝင်တွေကိုလည်း ကလေးနဲ့အတူ စာဖတ်ဖြစ်ဖို့၊ မျှဝေခံစားဖို့ သင်ပေး၊ တွန်းအားပေးပါ။
* ကလေးမမှတ်မိတဲ့၊ မသိတဲ့ စာလုံးတွေ စာရင်းလုပ်ပြီး လုံးဝမှတ်မိသဘောပေါက်တဲ့အထိ သင်ကြားပေးပါ။
* ကိုယ်တိုင်ချီးကျူးဂုဏ်ပြုပြီး တခြားသူတွေကို စာဖတ်ပြဖို့လည်း တိုက်တွန်းပါ။
* မမြန်ပါနဲ့။ သိပ်လည်း လေးကန်မနေပါစေနဲ့။ စာလုံးတွေကို မှန်မှန်နဲ့ ပီပီသသရွတ်ပါ။ ကလေး အသံလိုက်ထွက်နိုင်လောက်တဲ့ အသံထွက်နှုန်းနဲ့ ရှိပါစေ။

ဒီအတွက် လိုအပ်တယ်ထင်ရင် ကျောင်းက ဆရာတွေကိုလည်း အကူအညီတောင်းပါဦး။



### သတိထားစရာ အခက်အခဲတချို့

စာဖတ်ချင်စိတ် ရှိမလာဘူး၊ သေသေချာချာလည်း မထိုင်နိုင်ဘူး၊ မှိုင်တွေငေးမောနေပုံ ပေါ်တယ်၊ စာတစ်လုံးကို မှတ်မိဖို့ ခဲခဲယဉ်းယဉ်း ကြိုးစားနေရတယ်ဆိုရင် ပြဿနာပဲပေါ့။

* ကလေးမှာ သင်ကြားပေးနေတဲ့သူတွေရှိရင် သူတို့ကို အရင်မေးပါ။ စာဖတ်ဖို့ ဆန္ဒနဲ့ ဝလေ့ ရှိ- မရှိ၊ ကျောင်းမှာရော အိမ်မှာပါပေါ့။
* ဘာဖြစ်လို့ စာမဖတ်ချင်တာလဲဆိုတာ ကလေးကို တိုက်ရိုက်မေးပါ။ (သတိထားပါ ... တခြားကလေးတွေလို ကစားချင်လို့၊ တီဗီမှာ ကိုရီယားကားလာနေလို့ဆိုတဲ့ အဖြေတွေ ထွက်လာတတ်ပါတယ်)
* ဆရာဝန်ကို ချဉ်းကပ်မေးမြန်းပါ။ ခန္ဓာဗေဒရဲ့ ချို့ယွင်းချက်ကြောင့်လည်း ဖြစ်နိုင်ပါတယ်။ အမြင်ချို့တဲ့မှုလို ကိစ္စမျိုးတွေပေါ့။ စာလုံးတွေက ဝါးတားတားဖြစ်နေတာ၊ ငြိမ်မနေဘဲ အထပ်ထပ်ဖြစ်ပြီး ရွေ့နေတာတွေ ကလေးအနေနဲ့ လူကြီးမိဘတွေကို အတိအကျ ပြန်ပြောနိုင်ဖို့ မလွယ်ပါဘူး။ ဘာတွေဖြစ်နေမှန်းလဲ သိမှာမဟုတ်ပါဘူး။ ကလေးအနေနဲ့ သိနိုင်တာက စာကို အာရုံစိုက်ပြီးဖတ်ဖို့ ခဲယဉ်းနေတာကိုပဲဖြစ်ပါတယ်။

ကလေးတိုင်းမှာ အသင့်ဖြစ်နေတဲ့ အနေအထားမှာတောင် ကိုယ်ပိုင်အဘိုင်းအတာ ကန့်သတ်ချက်တွေရှိပါတယ်။ ရုပ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်မရှိဘဲ တခြားကလေးတွေထက် နှေးကွေးနေတယ်ဆိုရင် စိတ်မပူပါနဲ့။ စာအမျိုးအစားအစုံ ချပေးထားပြီး အသံမထွက်ဘဲ ဖတ်ချင်ဖတ်နေပါစေ။ ကလေးစိတ်ဝင်စားတဲ့ပစ္စည်းနဲ့ အရာဝတ္ထုအကြောင်းတွေပါတဲ့ စာအုပ်တွေ ရှာဖွေစုဆောင်းပေးပါ။

### အရေးအသား

လက်ရေးနဲ့ဖော်ပြထားတဲ့ စာတွေဖတ်ဖို့၊ လက်ရေးနဲ့ ထုတ်ဝေဖြန့်ချိတဲ့ စာအုပ်တွေဖတ်ဖို့ ကလေးတွေအတွက် တော်တော်ခက်ပါတယ်။ လက်ရေး လက်သားနဲ့ ရေးသား ဟန်တွေကလည်း မတူညီလှတဲ့ ပုံစံအများကြီးရှိနေလို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဖတ်ဖို့တောင်မလွယ်တဲ့ လက်ရေးလက်သားကိစ္စဟာ ကိုယ်တိုင် လေ့ကျင့်တဲ့အခါ ပိုပြီးခက်မှာပါပဲ။ အိမ်မှာပဲဖြစ်ဖြစ်၊ ကျောင်းမှာပဲဖြစ်ဖြစ်ပါ၊ လက်ရေးလက်သားဆိုတဲ့ အရေးအသားနဲ့ စာလုံးတွေ ပုံဖော်ရတဲ့ကိစ္စဟာ သိပ်အရေးကြီးသလို စနစ်ကျမှန်ကန်ဖို့လည်း လိုအပ်လှပါတယ်။

စာလုံးအက္ခရာ "ရေးဆွဲ"တဲ့ဇယားနဲ့ စနစ်တကျ လေ့ကျင့်သင့်တယ်။ ဒါ အကောင်းဆုံး 'စတင်ခြင်း'ပဲ။ ပုံဆွဲသလို စိတ်ဝင်စားအောင် သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ရင် ကျောင်းကိုရောက်တဲ့အခါ ကလေးကိုကြည့်ပြီး ဆရာက ချီးကျူးတာခံရတဲ့မိဘ ဖြစ်လာမှာပဲ။ ဆရာမှ မဟုတ်ပါဘူး။ ကြုံဆုံရသမျှ လူတွေအကုန် ကလေးကနေတစ်ဆင့် မိဘကို အသိအမှတ်ပြု လေးစားတာ မလွဲမသွေ ရရှိမှာပဲ။

### ပုံပြောခြင်း

မိဘတိုင်းလိုလို ဖြစ်ဖူးကြမယ် ထင်ပါတယ်။ စာအုပ်တွေ၊ အရုပ်တွေ၊ သီချင်းတွေ၊ မုန့်တွေ၊ ဗီဒီယိုဂိမ်းတွေနဲ့ ရုပ်မြင်ဇာတ်လမ်း ဒီဗီဒီတွေက ကလေးကို မဆွဲဆောင်နိုင်တော့တဲ့အခါမျိုးမှာပေါ့။ ကလေးက လွှတ်ခနဲ ပြောလာမယ်။ "သားသား ပျင်းတယ်၊ ပုံလေးတစ်ပုံလောက် ပြောပြပါလား" တဲ့။ ဒီနေရာမှာ မိဘတွေ 'ဟာ'ခနဲဖြစ်ရပြီ။ ကလေးကလည်း မျှော်လင့်တကြီးနဲ့ ကိုယ့်ကို စိုက်ကြည့်နေပြီ။ ကဲ ... ဘာလုပ်သင့်သလဲ ...။

သတိထားချင်မှ ထားမိမှာပေါ့။ မိဘတွေတိုင်းမှာ ကလေးကို မျှဝေပေးကမ်းဖို့ ပုံပြင်တွေဟာ တစ်ပုံကြီးရှိပါတယ်လေ။ ချက်ချင်းကြီး ပုံပြင်အသစ်တစ်ပုဒ် ဖျတ်ခနဲ ဖန်တီးလုပ်ယူနေဖို့ မလိုပါဘူး။ ကိုယ့်ဘဝအကြောင်း၊ ကိုယ်ငယ်ငယ်ကအကြောင်း၊ ပြီးတော့ ဖတ်ဖူးတဲ့ အကြိုက်ဆုံးစာအုပ်တစ်အုပ် ... ဒါတွေဟာ အကောင်းဆုံး ပုံပြင်တွေပေါ့။

မူကြိုနဲ့ လမ်းလျှောက်တတ်စကလေးတွေဟာ သူတို့ကြိုက်တဲ့စာအုပ်ထဲက ဇာတ်ကောင်နဲ့ ဇာတ်လိုက်တွေပါရင် အဲဒီပုံပြင်ကို ကြိုက်ကြတာပါပဲ။ ပုံပြင်ထဲမှာ ကြွက်ကလေးမိနီက မီးလောင်ပြင်ကို ဖြတ်ပြေးတာ၊ မီးသတ်ဗိုလ်ကြီးက မီးသတ်ကားကို ဥသြဆွဲပြီး မီးလောင်နေတဲ့နေရာကို သည်းထိတ်ရင်ဖို သွားနေတာဆိုတဲ့ ဇာတ်ကွက်တွေ ရောက်လာရင်လည်း



စိတ်မပူပါနဲ့။ ကြွက်ကလေးအော်သံ၊ ပီညက် ပီညက်နဲ့ မီးသတ်ကား ဥသြဆွဲသံ တဝေါဝေါကို ကြားနေရတာကိုပဲ ကလေးတွေ သဘောကျကြမှာပါ။

နည်းနည်းကြီးလာတဲ့ကလေးတွေကတော့ ဟာသမြောက်တဲ့ လှည့်ကွက်တွေကို ကြိုက်ကြတယ်။ ဒီတော့ နာမည်ကြီးဇာတ်လမ်းတွေကို ပြောင်းပြန် ဇောက်ထိုး လုပ်ပစ်၊ အဆင်အပြင်တွေ ပြောင်းပစ်၊ ဇာတ်ကောင်တွေကိုလည်း နေရာတွေ လွှဲပစ်လိုက်ပေါ့။ ရုပ်ပါမင်း နင်းလာတဲ့ဆိုက်ကားကို ပိုကီမွန်က တားစီးပြီး၊ အိမ်ဘေးက အပျိုကြီးရဲ့အိမ်မှာ အဝတ်လျှော်၊ တံမြက်လှည်း၊ ထမင်းဟင်းချက်နေတဲ့ ပါဝါရိန်းဂျားလေးယောက်ကို စည်းကမ်းမဲ့ အမှိုက်ပစ်မှုနဲ့ ဒဏ်ရိုက်လို့ ကမ္ဘာကြီးကို မိုးနတ်မင်းက သူပေါက်တဲ့ အီးအီးနဲ့ ပိတ်ဆို့ပစ်လိုက်တာတို့ ဘာတို့ပေါ့။ ဇာတ်လမ်းပြောနေရင်းနဲ့ ဇာတ်လိုက်မင်းသား သူရဲကောင်းဟာ ကိုယ့်ရဲ့ကလေး ဖြစ်နေဖို့တော့ ပြောစရာမလိုဘူးနော်။ သူက အားလုံးကို ကယ်တင်၊ သူ့နေရာမှာ သူပြန်ထားပြီး မိဘရဲ့ (ကိုယ့်) ရင်ခွင်ထဲမှာ ပုံပြင်ပြန်လာနားထောင်တယ်ဆိုတဲ့ ဇာတ်သိမ်းလေးကတော့ ကြားသွားရင်တောင် ကမ္ဘာကျော် ဒါရိုက်တာကြီးတွေ လာတောင်းနေမယ့် မဟာပုံပြင်ကြီးပဲပေါ့။

ကလေးတွေဟာ အတော်အတန်ကြီးတဲ့အထိ မိဘရဲ့အကြောင်းကိုလည်း ကြားချင်တတ်ကြပါတယ်။ ဖေဖေငယ်ငယ်က သွားတစ်ချောင်းစကျိုးတဲ့အတွေ့အကြုံ၊ မေမေ့ကျစ်ဆံမြီးက လက်သန်းဖျားလောက်ပဲရှိတာစသဖြင့်ပေါ့။ ကလေးရဲ့စိတ်ထဲမှာ သူ့မေမေနဲ့ဖေဖေကို ကလေးတွေ အဖြစ်မြင်ယောင် စိတ်ကူးမိလာရင် အတွေးအခေါ်နဲ့ စိတ်ကူးစိတ်သန်းတွေ တောက်ပလာပြီ မဟုတ်လား။ တစ်ခါတစ်ရံ ကိုယ် နားထောင်ခဲ့ဖူးတဲ့ပုံပြင်ကို တစ်ဆင့် ပြန်ပြောတာလည်း အတွေ့အကြုံကို မျှဝေပေးကမ်းတဲ့သဘောပါပဲ။ "ဘွားဘွားကြီးပြောပြခဲ့တဲ့ ထပ်ခိုးပေါ်က တစ္ဆေကြီးတစ်ကောင်" ဆိုတာမျိုးပေါ့။ ကလေးတွေ အနှစ်သက်ဆုံး အနေအထားကတော့ လွန်ခဲ့ပြီးတဲ့အချိန်တွေက မိဘတွေရဲ့အောင်မြင်မှု၊ စိတ်လှုပ်ရှားမှုနဲ့ ပျော်ရွှင်စရာတွေဟာ သူတို့ကိုယ်တိုင်နဲ့ ဒီနေ့မှာ အထင်အရှား ဆက်သွယ်တွေ့နေတဲ့အဖြစ်ပါပဲ။ "အဲဒီတုန်းက လူဆိုးကို ဖမ်းပေးလိုက်တဲ့ ကလေးလေးဟာ အခု ဖေဖေကြီးပေါ့" ဆိုတာမျိုးလေ။

www.burmeseclassic.com


www.burmeseclassic.com



ပုံပြင်ပြောနေတဲ့အချိန်မှာ မိဘတွေ သတိထားမိလာမှာကတော့ စကားလုံးတွေကို လုပ်ယူဆက်စပ်တွဲဖက်ပြီး အဓိပ္ပာယ်ဖော်ပြနေတယ် ဆိုတာပါပဲ။ မိဘများရဲ့စိတ်ကူးသစ်တွေနဲ့ တွေ့ရှိချက်အသစ်တွေကိုလည်း ကလေးနဲ့အတူ မေးခွန်းတွေတည်ဆောက်၊ ဆွေးနွေးအဖြေထုတ်ရင်း စိတ်ဝင်တစား၊ စိတ်လှုပ်ရှားစရာကောင်းတဲ့ အခြေအနေလေးတွေ လုပ်နိုင်ပါတယ်။ အရေးအကြီးဆုံးကတော့ ကလေးဟာ ဘာသာစကားနဲ့ ပုံပြင်တွေကို ချစ်မြတ်နိုးတတ်လာအောင် မိဘကိုယ်တိုင် သင်ကြားပေးနေရတာပါ။ ဒီတော့ ...

အသက်ပြင်းပြင်းရှူသွင်းပြီး အဆင်သင့်ပြင်လိုက်ပါ။ ပြီးတော့ စပြောလိုက်ပေတော့ "ဟိုးရှေးရှေးတုန်းက ..."လို့။

❑




## မူကြိုအရွယ်အတွက် ပုံပြောချိန်

**ကျောင်းအပ်ခြင်းနှင့် စာဖတ်ခြင်း**

မူကြိုအရွယ်ကလေးဟာ ရင်ခွင်ပိုက်နဲ့ လမ်းလျှောက်တတ်စ ကလေးအရွယ်ထက် အသိအမြင်ပိုများလာပါတယ်။ အမှီအခိုကင်းကင်းနဲ့ စာဖတ်နိုင်ခြင်း မရှိသေးပေမယ့် စာဖတ်များလာတာနဲ့အမျှ စာဖတ်ခြင်းဆိုတဲ့ အကြောင်းကိစ္စအပေါ် နားလည်မှုတွေ ပိုပိုပြီး ရှိလာပါတယ်။

- စာအုပ်တွေမှာ ရှေ့ဖုံးနဲ့နောက်ဖုံး ရှိတယ်။ ရှေ့ဖုံးကစပြီး နောက်ဖုံးမှာ ဆုံးတယ်။
- ရုပ်ပုံတွေဟာ ညာဘက်အပေါ်မှာ ရှိတတ်တယ်။ ရှိသင့်တယ်။
- စာဖတ်တာ ဘယ်ဘက်ကစပြီး ညာဘက်ကို ဖတ်သွားရတယ်။ (မှတ်ချက် – မြန်မာစာနှင့် အင်္ဂလိပ်စာသာ ဖြစ်သည်။ ဂျပန်၊ တရုတ်စာမျိုး မဟုတ်ပါ)
- စာနဲ့ရေးတဲ့ပုံစံက စကားပြောတာနဲ့မတူဘူး။
- စာလုံးတွေ ပေါင်းလိုက်တဲ့စကားလုံးဟာ အသံထွက် ခြားနားတယ်။
- ကိုယ် သိတဲ့စကားလုံးတွေ ရှိသလို တခြား မရင်းနှီး၊ မသိရှိသေးတဲ့ စကားလုံးတွေလည်း အများကြီးရှိနေသေးတယ်။

ဒီအချက်အလက်တွေဟာ စာပေဆိုင်ရာစွမ်းရည် ဖွံ့ဖြိုးတိုးတက်လာခြင်းပဲဖြစ်ပါတယ်။ အထက်ပါ အချက်အလက်တွေကနေ တစ်ဆင့်ပြီး တစ်ဆင့် ပုံမှန်တည်ဆောက်သွားနိုင်ရင် သိပ်မကြာခင် ကလေးဟာ အမှီအခိုကင်းကင်းနဲ့ စာဖတ်နိုင်လာမှာပါပဲ။ ဒီစွမ်းရည် ပိုပြီးအားကောင်းလာအောင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ထပ်ပြီး တိုက်တွန်းအားပေးရမှာလဲ။ အသံထွက်ပြီး စာဖတ်ပြတာကိုပဲ ဆက်လုပ်ပါ။

ဝေါဟာရကြွယ်ဝဖို့၊ အကြောင်းအရာနဲ့ ဗဟုသုတကြွယ်ဝဖို့ ပုံပြင်တွေ ဘယ်လိုတည်ဆောက်ဖန်တီးသလဲဆိုတာနဲ့ ဇာတ်ကောင်တွေ ဘာလုပ်ကြတာလဲဆိုတာ နားလည်ဖို့ စာအုပ်အမျိုးမျိုးကို များများကြီးသာ အသံထွက်ဖတ်ပြပါ။ ကလေးဟာ ...

* စာဆိုတာ စာလုံးတွေ ချရေးထားတာ။
* စကားလုံးဟာ စာလုံးတွေကို စနစ်တစ်ခုနဲ့ အတိအကျ တည်ဆောက်ထားတာ။
* စကားလုံးတစ်ခုနဲ့တစ်ခု၊ စာစုတစ်ခုနဲ့တစ်ခုကြားမှာ ဟ,ထားတဲ့ နေရာလွတ်ရှိနေတာတွေပါ သိရှိလာမှာပါ။

ဒီလို အခြေခံကျတဲ့ နားလည်မှုတွေဟာ ကျောင်း စတက်တာနဲ့ ကလေးကို အကူအညီ အထောက်အပံ့ပေးတာ ဖြစ်တဲ့အတွက် ကလေးဟာ ကျောင်းမှာ ပျော်လာမှာပါ။

## ဘယ်အချိန် ဘယ်လိုဖတ်ကြမလဲ

ကလေးတိုင်းလိုလို ငယ်ဘဝရဲ့သီးသန့်ကမ္ဘာလေးကို စွန့်ပြီး နေ့ကလေးထိန်းနဲ့ မူကြိုဆိုတဲ့နေရာတွေဆီမှာ အပ်နှံခြင်းခံကြရပါတယ်။ တချို့တောနယ်တွေမှာ နေ့ကလေးထိန်းတို့ မူကြိုတို့မရှိပေမဲ့ အသက် ၃ နှစ်ကျော်လာရင် 'ကျောင်းလိုက်'တဲ့ အလေ့ရှိပါတယ်။ နောက်မှ 'ဝလုံးတန်း'၊ 'ကကြီးခခွေးတန်း'ဆိုပြီး ပြောင်းတက်ကြတာပါ။ ကျောင်းမှာလည်း သူ့စနစ်နဲ့သူရှိနေမှာပါပဲ။ ဒါပေမဲ့ အိမ်မှာ မိဘနဲ့အတူ ဖြည်းဖြည်းမှန်မှန် အသံထွက်ပြီး စာဖတ်တဲ့ အလေ့အကျင့်ကို အချိန်ကလေးတစ်ခု သီးသန့် သတ်မှတ်ပေးထားပါ။

အိပ်ရာမဝင်ခင်အချိန်ကလေးကတော့ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။ မနက်စာ စားပြီးချိန်နဲ့ နေ့လယ်နေ့ခင်း 'အနားယူ' နေတဲ့အချိန်လေးတွေမှာလည်း လုပ်လို့ရပါတယ်။ မိဘက ပွေ့ဖက်ချော့မြှူတဲ့အရသာ၊ မိဘရဲ့အသံကို ကြားနေရတဲ့ ကြည်နူးမှု၊ အသိတွေတိုးလာတဲ့ လန်းဆန်းတက်ကြွမှုနဲ့



မိဘရဲ့ ဂရုတစိုက် အာရုံစူးစိုက်ခြင်းကို ခံယူရရှိမယ်ဆိုရင် ကလေးတိုင်း သာယာပျော်မွေ့ကြပါတယ်။

၃ နှစ်နဲ့ ၅ နှစ်ကြား ကလေးတွေဟာ သူတို့ သိတာ တတ်တာတွေလေးတွေကို ပြုမူပြောဆိုပြတတ်ကြပါတယ်။ မိဘက ချီးကျူးတာ၊ အကောင်းပြောတာကို သူတို့ မက်မောကြပါတယ်။ ရိုးရိုးရှင်းရှင်းနဲ့ ရိုးစင်းတဲ့ ဇာတ်လမ်းပုံပြင် စာအုပ်မျိုးတွေကို ရွေးချယ်ပြီး အထပ်ထပ်ဖတ်ပြပါ။။ ကလေးက မှတ်မိနားလည်ပြီး ပြန်ပြောပြလာနိုင်ဖို့ ဖြစ်ပါတယ်။ ပြီးရင် ကလေးက မိဘကို လက်ညှိုးလေးထောက်ထောက်ပြီး ပြန်ဖတ်ပြလာပါလိမ့်မယ်။ စာလုံးတွေကို မဖတ်နိုင်သေးဘဲနဲ့လေ။ ဒီလို ကြိုးစားဖတ်ပြမှုအတွက်လည်း ဂုဏ်ပြုလိုက်ပါဦး။ ဖြည့်စွက်ထားတဲ့အချက်ကလေးတွေကို ကြည့်ပါ။

* အကြိမ်တစ်သန်းလောက် အဲဒီစာအုပ်ကို ဖတ်ပြသင့်ပါတယ်။ ဖတ်နေတဲ့အသံကိုတော့ ငြီးငွေ့သံကြီး (စိတ်မပါ လက်မပါ) ဖြစ်မနေပါစေနဲ့။ တစ်ခေါက် ထပ်ဖတ်ပြလိုက်တိုင်း ကလေးမှာ စွမ်းရည်နဲ့ အသိ အမြင်တွေ တိုးတက်နေပါတယ်။
* စာအုပ်သစ်တစ်အုပ်ဖြစ်နေရင် ကလေးနဲ့ အရင်မိတ်ဆက်ပေးပါ။ မျက်နှာဖုံးကိုကြည့်ပြီး ဘာအကြောင်း ဖြစ်နိုင်တယ်ဆိုတာ ခန့်မှန်းပြောဆိုပါ။ စာရေးသူရဲ့နာမည်ကိုလည်း ဖတ်ပြပါ။
* ဇာတ်လိုက်က ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲလို့ ကလေးကို မေးပါ။
* ကလေးကို ပုံပြင်ထဲက အကြိုက်ဆုံးကဏ္ဍကိုမေးပါ။ ဘာကြောင့်ကြိုက်သလဲဆိုတာကိုလည်း မေးပါ။
* ဇာတ်လမ်းနဲ့ ကဏ္ဍတွေကို ဆွေးနွေးပါ။ "ဘယ်လို စဖြစ်တာလဲ" "အလည်မှာ ဘာဆက်ဖြစ်သေးလဲ" "ဇာတ်သိမ်းကို ဘယ်လိုသဘောရသလဲ" ပေါ့။
* မိဘအနေနဲ့ ကိုယ်ဖတ်ပြနေတာနဲ့ စာသားနဲ့ကို ချိတ်ဆက်ပေးဖို့ကတော့ ဖတ်နေတဲ့ စာလုံးအပေါ်မှာ လက်ကို ထောက်ညွှန်ပြသထားပါ။
* ကလေးရင်းနှီးပြီးသား စကားလုံးတွေ ပေါ်လာရင် ဒါမှမဟုတ်

www.burmeseclassic.com



ထပ်ကာ ထပ်ကာပြောတဲ့ စကားလုံးတွေ ရှိလာရင် အဆုံးသတ်ကို ကလေးကပြောပါစေ။

* ပုံပြင်ထဲမှာ ကလေး ဘယ်စာလုံးကို မှတ်မိသလဲဆိုတာ ညွှန်ပြ၊ ထောက်ပြခိုင်းပါ။ ကလေးက ဂရုတစိုက် ကြည့်နေရင် သူကြည့်နေတဲ့စာကို ပီပီသသ ရှင်းလင်းကြည်လင်တဲ့အသံထွက်နဲ့ ခပ်ဖြည်းဖြည်း ဖတ်ပြပါ။

ကလေးကို ဘယ်လောက်ခက်ခဲတဲ့ မေးခွန်းတွေပဲမေးမေး မိဘရဲ့ အမြင့်ဆုံးမျှော်မှန်းရလဒ်ကတော့ ကလေးက စာဖတ်ခြင်းမှာ ပျော်မွေ့လာတာပဲ ဖြစ်ရပါမယ်။

စာဖတ်တာကို အိမ်စာလုပ်သလို၊ လေ့ကျင့်ခန်းလုပ်သလို မလုပ်ပါနဲ့။ ပုံကိုကြည့်၊ စာတွေကို တစ်လှည့်စီဖတ်၊ ဆော့လိုက် ဖတ်လိုက်၊ နောက်လိုက် ပြောင်လိုက်နဲ့ သက်သာသလိုသာ နေပါ။

စာဖတ်ချိန်ဟာ ကလေးတစ်ယောက်နဲ့တစ်ယောက် မတူနိုင်ပါဘူး။ တချို့ကလေးတွေက အတော်စောစောကတည်းက စာဖတ်နိုင်တာကို တွေ့ရတတ်ပါတယ်။ ကိုယ့်ရဲ့ကလေးက စာကို သိပ်စိတ်မဝင်စားသေးဘူးဆိုရင်လည်း ကိစ္စမရှိပါဘူး။ စာဖတ်ပြတဲ့အလုပ်ကိုပဲ ဂရုတစိုက် ဆက်လုပ်ပါ။ ကလေးကိုလည်း ပျော်ပါစေ။





အငြိမ်မနေတဲ့စိတ်တွေအတွက် အကောင်းဆုံးစာအုပ်

မူကြိုအရွယ်ကလေးတွေဟာ ဇာတ်ကြောင်းပြောပြတဲ့ စာအုပ်တွေကို ပိုကြိုက်တယ်။ ပြီးတော့ ကြာကြာထိုင်ပြီး စာမျက်နှာတွေကိုလည်း တစ်ရွက်ချင်းလှန်တတ်ပါတယ်။ ရုပ်ပုံတွေအများကြီးနဲ့ ဇာတ်လမ်းရှည်ကြီးတွေကို ဒီအရွယ်မှာ ကြိုက်တတ်တယ်။ ခေတ်မီအဆင့်မြင့်တဲ့ စကားလုံးတွေနဲ့ ရင်းနှီးပြီးသား ဝေါဟာရတွေပါတဲ့ စာအုပ်တွေဖတ်ပြလို့ရပါတယ်။ ဝေါဟာရအသစ်တွေ ပေါပေါများများပါဝင်ပြီး အရင်ကထက် ပိုခက်ခဲရှုပ်ထွေးတဲ့ ဇာတ်ကွက်တွေ ပါပါစေ။ ငယ်ငယ်တုန်းကလို တစ်ခန်းတည်းနဲ့ ပြီးသွားတဲ့ ပုံပြင်မျိုးတွေထက် တစ်ခန်းထက်ပိုတဲ့ ပုံပြင်ဇာတ်လမ်းတွေ ရွေးချယ်ဖို့ စဉ်းစားနိုင်ပါတယ်။

ကလေးတွေဟာ သိချင်တတ်ချင်စိတ် ပြင်းထန်ပြီး သူနဲ့ပုံစံတူ ကလေးဇာတ်ကောင်ပါဝင်တဲ့ ဇာတ်လမ်းမျိုးကို နှစ်သက်တတ်သလို တစ်ချိန်တည်းမှာပဲ သူနဲ့ဆန့်ကျင်ဘက် စရိုက်အပြုအမူနဲ့ မရင်းနှီးတဲ့ဒေသ၊ မကြားဖူးတဲ့အရပ်က ကလေးဇာတ်ကောင်ပါဝင်တဲ့ ဇာတ်လမ်းတွေကိုလည်း ကြိုက်တတ်ပါတယ်။ ကလေးကို ဇာတ်လမ်းထဲက ဇာတ်ကောင်တွေရဲ့ ဘဝအကြောင်း၊ လှုပ်ရှားရှင်သန်မှုနဲ့ ဘယ်လို ဆုံးဖြတ်ချက်တွေနဲ့ ရွှေ့လျားပျော်ဝင်နေတယ်ဆိုတာ ရှင်းလင်းပြောဆိုပေးပါ။ ဇာတ်လမ်းထဲမှာ စကားပြောတဲ့ သတ္တဝါ(တိရစ္ဆာန်)၊ အရိုင်းအစိုင်းသတ္တဝါကြီးတွေ၊ ဂြိုဟ်သတ္တဝါတွေ၊ နတ်သူငယ်ရဲ့သူရဲကောင်းစွမ်းအားတွေ ပါဝင်ပါစေ။ ကလေးရဲ့ စိတ်ကူးစိတ်သန်းအတွက် လမ်းကြောင်းဆွဲခေါ်တာပါပဲ။

လက်ရှိအခြေအနေမှာ ကလေးသင်ယူနေတဲ့ တခြားအရာတွေအပေါ် ဖြည့်စွက်တွန်းအားဖြစ်စေမယ့် (ဘောလုံးကန်ခြင်း၊ ရေကူးခြင်း၊ ပန်းချီဆွဲခြင်း)၊ ကလေးသင်နေတာနဲ့ ပုံစံတူဇာတ်ကောင်တွေပါတဲ့ စာအုပ်တွေကိုလည်း ဖတ်ပြပါ။ ရေတွက်စရာပါတဲ့စာအုပ်၊ အက္ခရာစကားလုံးတွေပါတဲ့ စာအုပ်နဲ့ အရုပ်ဆက်ကစားနည်း၊ ခြားနားခြင်းရှာတဲ့ ကစားနည်းစာအုပ်တွေကိုလည်း ရွေးချယ်စုဆောင်းထားရမှာပါပဲ။

ကျောင်းစတက်တဲ့အကြောင်းပါတဲ့ စာအုပ်မျိုးဆိုရင်လည်း ကျောင်းစအပ်ချိန်မှာ ဖတ်ပြရမှာပါပဲ။ ကျောင်းမှာ ရွယ်တူသူငယ်ချင်းတွေ ထားတတ်

www.burmeseclassic.com

www.burmeseclassic.com



လာဖို့ လမ်းစနဲ့ လမ်းပြတစ်ခုပေါ့။

စွယ်စုံကျမ်း၊ ငှက်တွေအကြောင်း၊ ပန်းတွေအကြောင်း၊ အပင်တွေအကြောင်း စတဲ့ စိတ်ကူးယဉ်မဟုတ်တဲ့ သဘာဝ မှတ်စုစာအုပ်မျိုးတွေကိုလည်း ရွေးချယ်စုဆောင်းထားပါ။ ဒီးကွက်၊ သမုဒ္ဒရာ၊ လ၊ လူရိုင်းကျွန်း၊ အထူးသဖြင့် သရုပ်ဖော်ပုံ ပန်းချီကောင်းကောင်းတွေပါဝင်တဲ့ စာအုပ်မျိုးတွေလည်း ရှာဝယ်ထားပါ။ ကလေးကဗျာစာအုပ်ကိုလည်း မမေ့ပါနဲ့။ မူကြိုအရွယ်မှာ ကလေးကဗျာတွေကို ကြိုက်နေတုံးပါပဲ။ ဒီလိုအရွယ်မှာ ပြက်လုံး၊ ဟာသတိုထွာနဲ့ အဓိပ္ပာယ်နှစ်ခွထွက်တဲ့ ဟာသအတွေးကဗျာတွေဟာ အကြီးမားဆုံး စိတ်ဝင်စားမှု ဖြစ်ပါတယ်။

ကမ္ဘာအနှံ့ ထုတ်ဝေဖြန့်ချိထားတဲ့ စာမဲ့သရုပ်ဖော်ပုံကိုကြည့်ပြီး အဓိပ္ပာယ်ဖော်ဆောင်ဖို့ ရိုးရှင်းလွယ်ကူတဲ့ ပုံပြင်ရုပ်စုံစာအုပ်တွေဟာလည်း ရွေးချယ်စရာကောင်းတဲ့ စာအုပ်တွေပါပဲ။ ကလေးနဲ့အတူ စာမဲ့ရုပ်စုံပုံပြင်စာအုပ်တွေ နှစ်ကြိမ်လောက်ဖတ်လိုက်ရရင်ပဲ ကလေးဟာ မိဘကို ပုံပြင်ပြန်ပြောချင်စိတ် ဖြစ်လာမှာပါ။ ကလေး အနှစ်သက်ဆုံးအရာဝတ္ထုတွေ၊ တိရစ္ဆာန်ဇာတ်ကောင်တွေနဲ့ ကစားစရာအရုပ်တွေဟာလည်း ဒီနည်းအတိုင်း ကလေးကို "စာဖတ်ခြင်း" ဆီ တွန်းပို့ပေးပါလိမ့်မယ်။

အိမ်မှာပဲ ကိုယ့်ဟာကိုယ်လုပ်ထားတဲ့ လက်ဖြစ်စာအုပ်ကိုလည်း အသုံးချဖို့ ကြိုးစားကြည့်ပါဦး။ ပုံစာရေးထိုးထားတဲ့ ဓာတ်ပုံအယ်လ်ဘမ်ကအစ ကလေးဆွဲထားတဲ့ ပုံတွေ၊ တခြားမဂ္ဂဇင်းတွေထဲက ဖြတ်၊ ညှပ်၊ ကပ်လုပ်ထားတဲ့ပုံတွေနဲ့ ကလေးကို ပုံရဲ့အကြောင်းအရာတွေမေး၊ စာတန်းတွေရေးထိုးကပ်ပြီး 'စာအုပ်' တစ်အုပ်ဖြစ်အောင် ဖန်တီးကြပြီး အတူတူဖတ်ကြပေါ့။ ကလေးနဲ့အတူ ဖန်တီးထားတဲ့ စာအုပ်မျက်နှာဖုံးကို ပလတ်စတစ်လေးလောင်းထားလိုက်ရင်လည်း နှစ်နဲ့ချီပြီးခံနိုင်တဲ့ အမှတ်တရစာအုပ်လေးတစ်အုပ် ဖြစ်သွားမှာပါပဲ။

စာအုပ်တွေချည်းပဲ မဟုတ်ပါဘူး။ ပုံများများပါတဲ့ မဂ္ဂဇင်းတွေ၊ ကုန်ပစ္စည်း ကြော်ငြာကတ်တလောက်တွေလည်း ရှိပါသေးတယ်။ ပြီးတော့ ကလေးက တစ်စုံတစ်ယောက်ဆီကို စာရေးချင်တယ်၊ အမှတ်တရ ပို့စကတ်လေးတွေ ပို့ချင်တယ်ဆိုရင်လည်း ဖန်တီးပြီး ပို့ပေးလိုက်ပါ။ ကလေးနဲ့ပတ်



သက်သမျှ စာ၊ စာအုပ်နဲ့ကဒ်တွေကို သီးသန့် ထည့်စရာလေးတစ်ခု ဖန်တီးပြီး ကလေး အမြဲအသုံးပြုနိုင်အောင် အပိုင်ပေးထားလိုက်ပါ။

## စာဖတ်ချိန်ဖြစ်တည်စေဖို့ တခြားနည်းလမ်းများ

စာအုပ်နားကပ်ဖို့ အခွင့်အရေးဟာ အသံထွက်ပြီး ပုံပြင်ဖတ်ပြချိန်တစ်ခုတည်းမဟုတ်ပါဘူး။ မူကြိုအရွယ်တွေဟာ သူတို့အပိုင် စာအုပ်ကလေးတွေကိုလည်း လိုချင်ကြပါတယ်။ ကြမ်းပြင်ပေါ်ချထားတဲ့ ခြင်းထဲမှာပဲဖြစ်ဖြစ်၊ စာအုပ်စင်နိမ့်နိမ့်လေး လုပ်ပြီးပဲဖြစ်ဖြစ် (ကလေးအနေနဲ့ သူများအကူအညီ မယူရဘဲ လွတ်လွတ်လပ်လပ် ရွေးချယ်ကောက်ယူ ဖတ်ရှုနိုင်တဲ့နေရာ) စာအုပ်တွေကို ထားပေးလိုက်ပါ။ ဒါဆို ကလေးဟာ စာအုပ်တွေကို အချိန်မရွေး အလွယ်ကလေး ရရှိနိုင်ပြီပေါ့။

ဒီလိုအရွယ်ကတည်းက အိပ်ရာဘေးမှာ စားပွဲတင်မီးနဲ့ အိပ်ရာမဝင်ခင် စာကြည့်ချိန်လေး သတ်မှတ်ပေးနိုင်အောင် လုပ်သင့်တယ်။ ကလေးတွေဟာ အိပ်ရာဝင်ခါနီးတိုင်း အရှိန်လျှော့ချတဲ့အနေနဲ့ တိတ်တိတ်ငြိမ်ငြိမ်ကလေးနေနိုင်ဖို့ လိုအပ်တဲ့အတိုင်း စာအုပ်တွေက လုပ်ဆောင်ပေးပါလိမ့်မယ်။

အရေးအကြီးဆုံး အချက်တွေကတော့ မိဘကိုယ်တိုင်က စာဖတ်ရတာကို လိုလားနှစ်သက်ပြီး မက်မောကြောင်း ကလေး သိနေပါစေ။ ရုပ်မြင်သံကြားကို ပိတ်လိုက်ပါ။ စာအုပ်တစ်အုပ် ဆွဲထုတ်လိုက်ပြီး ကလေးမြင်နိုင်တဲ့နေရာမှာ စာမျက်နှာ တစ်ရွက်ချင်းလှန်ပြီး စိတ်ဝင်တစားဖတ်ပါ။ ကလေးကလည်း သူအကြိုက်ဆုံး စာအုပ်တစ်အုပ် ဆွဲယူလာပြီး မိဘဘေးမှာ စာထိုင်ဖတ်နေပါလိမ့်မယ်။

## ကလေးလေးတွေကို စာဖတ်ပြခြင်း

ဂျူလီဆိုတဲ့ကလေးက စာအုပ်ချစ်တတ်တယ်။ ဒါကို သူ့မေမေက သိတယ်။ ဘယ်လိုသိတာလဲဆိုတော့ ညတိုင်း ညတိုင်း စာထိုင်ဖတ်ပြရင် သူ့လက်ကလေးတွေကို စိတ်လှုပ်ရှားတဲ့ အမူအရာနဲ့ ဝှေ့ယမ်းပြတယ်လို့ ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ အကြိုက်ဆုံးပုံပြင်စာအုပ်က ‘မင်္ဂလာရှိသောညပါ လမင်းကြီး’တဲ့။ သူအကြိုက်ဆုံးစာမျက်နှာမှာတော့ လမင်းကြီးပေါ် ခုန်တက်ပျံလွှားနေတဲ့ နွားမကြီးတစ်ကောင်ပုံပါတယ်။ ဒီစာအုပ်ကိုမြင်လိုက်တာနဲ့ စူးစူးရှရှအော်ပြီး စာအုပ်ဆီကို ရောက်အောင်သွားတော့တာပဲတဲ့။ သူ့မေမေကလည်း ပုံပြင်ဖတ်ပြပြီးတိုင်း သူ့လက်ထဲကို ပုံပြင်စာအုပ်ကလေး ထည့်ပေးလေ့ရှိတယ်။ ဒီကတ္တူစာအုပ်လေးကိုကိုင်ပြီး ပါးစပ်ထဲထည့် ငုံကိုက်ထားတတ်တယ်တဲ့။

ဂျူလီကလေးဟာ အဲဒီအချိန်က ၆ လသမီးအရွယ်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ စာဖတ်သူတစ်ယောက်ဖြစ်လာမယ့် လမ်းကြောင်းပေါ် ရောက်နေခဲ့ပြီပေါ့။

## စာဖတ်ပြခြင်းရဲ့အကျိုးကျေးဇူး

ဒီအကျိုးကျေးဇူးအပေါ် မိဘကိုယ်တိုင် အံ့သြဝမ်းသာသွားရမှာပါ။ ရင်ခွင်ပိုက်အရွယ်လေးတွေဟာ မိဘက ဘာကြောင့်၊ ဘာတွေလုပ်နေမှန်း နားမလည်ကြသေးပါဘူး။ ဒီနေရာမှာ မိဘတွေ ပြန်စဉ်းစားစေချင်ပါတယ်။ သံစဉ်လေး တောင် မကောက်နိုင်သေးတဲ့ကလေးကို အိပ်ရာဝင်တေးနဲ့ ချော့သိပ်မလို့လား၊ ကိုယ့်ခြေကိုယ့်လက်တောင် မသယ်မ နိုင်သေးတဲ့အရွယ်ကို အရုပ်ကလေးတွေ ဝယ်ပေးဖို့ စသည်ဖြင့်ပေါ့ ... ကလေးဟာ ‘ဖေဖေ၊ မေမေ’ လို့တောင် စကားကို စပြီး မပြောရသေးခင်မှာပဲ သူ နားလည်လာနိုင်တဲ့ အရွယ်ထိ မိဘအတော်များများဟာ စောင့်မနေနိုင်ကြဘူးလေ။ ဟုတ်ရဲ့လား။

ဗျူဟာချတာ၊ လမ်းကြောင်းဆွဲတာ၊ ရှေးကလုပ်ပြပြီး ဦးဆောင်တာတွေလုပ်ဖို့ လူ့လောကထဲ ရောက်လာတာ လပိုင်းပဲရှိသေးတဲ့ကလေးကို စာဖတ်ပြတာဟာ နှစ်နဲ့ချီပြီး လုပ်ပြလို့ရတဲ့ ဝေမျှပေးခြင်း၊ လမ်းကြောင်းပြဆုံးမဆွဲခေါ်ခြင်း၊ လျှောက်လမ်းတစ်ခု ပုံဖော်ပေးခြင်း ဒါတွေ အပြည့်အဝပါဝင်တဲ့ အံ့သြစရာလှုပ်ရှားမှုပါ။

စာဖတ်ပြတယ်ဆိုတာနဲ့ အသံထွက်ပေးဖို့ ပြောစရာမလိုပါဘူး။ စာဖတ်ပြတာဟာ ...


- ကလေးကို ဆက်သွယ်ပြန်ကြားရေးစနစ် သင်ပေးနေတာပါ။
- ကိန်းဂဏန်း၊ စာလုံးအက္ခရာ၊ အရောင်အသွေး၊ ပုံသဏ္ဍာန်အမျိုးမျိုးကို ပျော်စရာကောင်းတဲ့နည်းနဲ့ မိတ်ဆက်ပေးနေတာပါ။



- ဂရုတစိုက် နားထောင်ခြင်း၊ မှတ်သားသိမှီးခြင်း၊ ဝေါဟာရ ကြွယ်ဝစေခြင်းကို တည်ဆောက်ပေးနေတာပါ။
- ပတ်ဝန်းကျင်လောကကြီးတစ်ခုလုံးနဲ့ ပတ်သက်ပြီး သတင်းအချက်အလက်တွေ ထုတ်လွှင့်ပေးပို့နေတာပါ။

ယုံချင်မှယုံပါ။ ကလေးဟာ သူ့ရဲ့ပထမဦးဆုံးမွေး နေ့မှာကိုပဲ သူ့ကိုယ်ပိုင်ဘာသာစကားနဲ့ ပြောသင့်တဲ့ အသုံးအနှုန်းတွေအားလုံးကို သင်ယူခဲ့ပြီးပါပြီ။ မိဘက ပုံပြင်တွေ များများပြောနိုင်လေ ကလေးအနေနဲ့ စကားပြောခြင်းရဲ့ အစိတ်အပိုင်းတွေဖြစ်တဲ့ စကားလုံးတွေ ပိုပြီးကြွယ်ဝတိကျအသေးစိတ်ပြောတတ်လာလေပါပဲ။ စကားလုံးတွေ ကြားနေရခြင်းဟာ ကလေးရဲ့အသိဉာဏ်နဲ့ မှတ်ဉာဏ်ထဲကို စကားလုံးတွေ ရိုက်နှိပ်ထည့်သွင်းနေတာပါ။

မိဘက ပုံပြင်ဖတ်ပြတာ၊ တတ်နိုင်သမျှ စကားတွတ်ထိုးတာ လုပ်ခဲ့တဲ့ကလေးနဲ့ အဲဒီလိုမလုပ်ခဲ့ကလေးရဲ့ ကွာခြားမှုဟာ နှစ်နှစ်အရွယ်မှာ ထင်ထင်ရှားရှား ဖြစ်လာပါတယ်။ ဒီလို ပြောပြ ဖတ်ပြခဲ့မှုလည်း ကလေးဟာ ပုံမှန်အခြေအနေကို မလွဲမသွေ ရမှာပါ။



www.burmeseclassic.com



စိတ်ခံစားချက်အမျိုးမျိုးဟာ အသံအလိုက် ကွဲပြားတဲ့အတွက် စာဖတ်ပြလိုက်တာနဲ့ ဒါတွေကို ကလေးက ကြားနေရမှာပါပဲ။ ဒါဟာ စိတ်ခံစားမှုအပေါ် နားလည်သိတတ်မှု ဖွံ့ဖြိုးလာမှုအစပါ။ လူမှုဆက်ဆံရေးနဲ့ အတွေးအခေါ်စွမ်းရည်အတွက် ကြည့်တာ၊ ညွှန်ပြထောက်ပြတာ၊ ထိတွေ့တာနဲ့ မေးခွန်းတွေကို စဉ်းစားအဖြေပေးတာတွေ တတ်သိလိမ္မာလာအောင် စာဖတ်ခြင်းကပဲ လုပ်ဆောင်ပေးနိုင်ပါတယ်။ အသံတူ တုပခြင်း၊ ပုံရိပ်တွေကို မှတ်မိခြင်း၊ စကားလုံးတွေကို သင်ယူခြင်းနဲ့ စကားပြောစွမ်းရည်မှာပါ တိုးတက်ဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။

ကလေးနဲ့ သူ မြတ်နိုးခုံမင်တဲ့ အရာဝတ္ထုတွေကြားမှာ အဆက်အသွယ်တစ်ရပ် ဖြစ်ထွန်းစေတာဟာလည်း စာဖတ်ခြင်းရဲ့ အကျိုးဆက်စပ်မှုပါပဲ။ မိဘရဲ့အသံ၊ အနီးဆုံးတည်ရှိနေတဲ့မိဘနဲ့ စာအုပ်တွေ ... ဒါတွေဟာ ကလေးမြတ်နိုးခုံမင်တဲ့ အရာတွေပဲပေါ့။ ကလေးကို ကိုယ်ချင်းစာကြည့်မယ်ဆို အသိမိတ်ဆွေဆိုတဲ့ စကားလုံးကို နားမလည်သေးခင်မှာပဲ အရာရာ ဂရုတစိုက်သင်ကြားပြသပေးနေတဲ့၊ ကူညီလုပ်ကိုင်ပေးနေတဲ့ မိဘဆိုတာကပဲ သူ့ရဲ့ ပထမဆုံးနဲ့ အပြည့်ဝဆုံး မိတ်ဆွေတွေပဲ မဟုတ်လား။ ကလေးက မျှော်လင့်တကြီးနဲ့ အားကိုးမယ်၊ တွယ်တာမယ်၊ သံယောဇဉ်ကြီးမယ်၊ ချစ်ခင်မြတ်နိုးမယ်။ ဒါတွေကိုပဲ ဘဝတစ်လျှောက် ဆုတ်ယုတ်မှုမရှိဘဲ တိုးတက်ပွားများလာခြင်းနဲ့ သယ်ဆောင်ရွေ့လျားသွားသင့်ကြတယ်မဟုတ်ပါလား။

### မတူတဲ့အရွယ် ခြားနားတဲ့အနေအထား

ကလေးငယ်တွေဟာ စာအုပ်ထဲကပုံတွေရဲ့ အဓိပ္ပာယ်ကို တိတိကျကျ မသိပါဘူး။ ဒါပေမဲ့ သူတို့ ပုံဖော်နိုင်တယ်။ အထူးသဖြင့် မျက်နှာအသွင်အပြင် အမူအရာတွေ၊ တောက်ပတဲ့ အရောင်အသွေးတွေ၊ ပြီးတော့ ပြတ်သားတဲ့ အစိတ်အပိုင်းတွေပါပဲ။

လေးလနဲ့ ခြောက်လကြားမှာ ကလေးတွေရဲ့အမူအရာက စာအုပ်တွေကို စိတ်ဝင်စားကြောင်း သိသာလာပါပြီ။ စာအုပ်ကို ဆွဲယူမယ်၊ ပွေ့ပိုက်မယ်၊ ပါးစပ်ထဲထည့်ပြီး ဝါးမယ်၊ ပြီးရင် လွှတ်ချပစ်မယ်ပေါ့။ ပါးစပ်ထဲထည့်ပြီး ဝါးပစ်တာ ဘာမှန်းမသိဘူးလို့တော့ မပြောပါနဲ့။ လူဖြစ်လာပြီး



ပထမဆုံး လုပ်ရတဲ့အလုပ်က နို့စို့တာပဲလေ။ အစာစားတာပေါ့။ စားလို့ကောင်းမှန်း သိတယ်။ ကောင်းတာကို ကြိုက်တယ်။ ကြိုက်တာကို စားချင်ဝါးချင်မှာပဲပေါ့။ ဝါးစားလို့မရအောင်၊ ဝါးစားရင် မပျက်စီးနိုင်တဲ့ စာအုပ်အမျိုးအစားတွေ ရှာဝယ်ထားရမှာပဲ။

၆ လ နဲ့ ၁၂ လကြားမှာတော့ ကလေးက ရုပ်ပုံဆိုတာ အရာဝတ္ထုတွေရဲ့ ပုံဆိုတာ နားလည်သွားပါပြီ။ ရုပ်ပုံ၊ စာမျက်နှာနဲ့ ပုံပြင်တစ်ခုလုံးဟာ ကလေးရဲ့ ဖွံ့ဖြိုးမှုအစိတ်အပိုင်းတွေအားလုံးကို နှီးဆွသက်ဝင်စေပါပြီ။ စာဖတ်ပြရင်လည်း တုံ့ပြန်မှုက သိသာလွန်ကဲလာပြီပေါ့။ စာအုပ်ကို ဆွဲကိုင်ထားပြီး ပါးစပ်က အသံမြည်ပြနေပါပြီ။ တစ်နှစ်သားဆို စာမျက်နှာကို ကိုယ်တိုင်လှန်တော့မှာပါ။ စိတ်မဆိုးပါနဲ့။ မိဘကိုကူညီဖို့ သူ စပြီး ကြိုးစားလာတာပါ။ စာမျက်နှာပေါ်က အရုပ်နဲ့ စာကို လက်နဲ့ ရိုက်ပုတ်ပြမယ်၊ လက်ညှိုး ထိုးတတ်ရင် ထောက်ပြမယ်၊ မိဘရဲ့အသံထွက်အတိုင်း လိုက်ရွတ်ပါလိမ့်မယ်။

BURMESE CLASSIC .com

### စာကို ဘယ်တော့၊ ဘယ်လောက် ဖတ်ပြရမလဲ

ထူးခြားတဲ့ကိစ္စလေးတွေ ရှိပါတယ်။ ကြီးကြီးကျယ်ကျယ်၊ သီးသန့်ပစ္စည်းတွေ မလိုပါဘူး။ မိဘရယ်၊ ကလေးရယ်၊ စာအုပ်နည်းနည်းပါးရယ်ပဲလိုတာပါ။ ငါးမိနစ်၊ ဆယ်မိနစ်လောက် အသံထွက်ပြီး ဖတ်ပြလိုက်ပါ။ ဒါပေမဲ့ မကြာခဏပေါ့။ စာအုပ်ပြီးအောင် ဖတ်ပြစရာ မလိုဘူးလေ။ ဖတ်လို့ကောင်းတဲ့ ကလေးကြိုက်တဲ့ကဏ္ဍလေးပါတဲ့ စာမျက်နှာလေးပါပဲ။

အနားယူချိန်၊ အိပ်ချိန် မရောက်ခင်လေးမှာ စာဖတ်ပြချိန် သတ်မှတ်ထားနိုင်ပါတယ်။ နေ့တိုင်း ဖတ်ပြဖို့ပါ။ ပုံမှန် အချိန်လေးလုပ်ထားတော့ ခင်ဗျားအတွက်လည်း သက်သာအေးဆေးပါတယ်။ ကလေးလည်း ငြိမ်မယ်၊ ဘယ်အချိန် သိပ်ရမလဲဆိုတာလည်း အလိုလို ကန့်သတ်ပြီးသားဖြစ်သွားပါလိမ့်မယ်။ နောက်ပြီး ကလေးက အဲဒီအချိန်လေးကို မျှော်နေတတ်လာမယ်။ ပင်ပန်းတကြီး သိပ်စရာမလိုတော့ပါဘူး။

တခြား စာဖတ်ပြဖို့ကောင်းတဲ့အချိန်လေးတွေ ရှိပါသေးတယ်။ ကလေး မိုက်ပြည့်ပြီး ခြောက်သွေ့အေးချမ်းနေတဲ့ လန်းဆန်းနေချိန်လေး

www.burmeseclassic.com

www.burmeseclassic.com



တွေပါ။ ဘယ်ပဲသွားသွား ကလေးပါ ခေါ်သွားမယ်ဆိုရင် စာအုပ်တွေပါ ထည့်သွားနိုင်ရင် အကောင်းဆုံးပါပဲ။ တစ်ခုခုကိုစောင့်နေတဲ့အချိန်မှာ ကလေး ငြိမ်နေအောင် လုပ်လို့ရတာကလည်း တစ်ကြောင်းပေါ့။ စာဖတ်ခြင်းဟာ အရေးကြီးတဲ့ အစိတ်အပိုင်းဖြစ်မှန်း၊ စာဖတ်ရကောင်းမှန်း ပြသတာက တစ်ကြောင်းပေါ့။

- ✱ လုံခြုံနွေးထွေးမှု၊ မိဘနဲ့ အဆက်အသွယ်ရှိနေမှုတွေ ကလေး ခံစားရမယ်။
- ✱ ဇာတ်ကောင်စရိုက်အတိုင်း အသံအမူအရာ ပြောင်းလဲပုံဖော်မယ်။ အသံအနိမ့်အမြင့်၊ အပြင်း အပြေ အပျော့ ခွဲခြားဖော်ဆောင်မယ်၊ အမူအရာနဲ့ စာကို ဖတ်ပြမယ်။
- ✱ စာလုံးအတိအကျ ဖတ်မပြဖြစ်လို့လည်း စိတ်မပူပါနဲ့။ စာနဲ့ပုံပေါ်မူတည်ပြီး ရုတ်တရက် ရပ်နားရင်း မေးခွန်းလေးတွေ မေးပေးပါ။ (ဒါဆို ကြောင်လေးက ဘယ်နားရောက်နေလဲ' 'ကြောင်နက်ကလေးက သိပ်လုတာပဲနော်) ကလေးက ချက်ချင်းတုံ့ပြန်ချင်မှ တုံ့ပြန်မယ်။ နောက်ကနေ ဖြည်းဖြည်းချင်း လိုက်လာမှာပါ။ ကိုယ်နဲ့ ခြေလှမ်းချင်း သွားမတိုင်းပါနဲ့။
- ✱ ကလေး အရွယ်ရောက်ရင် ရောက်သလို စာအုပ်ကို ပေးကိုင်ပါ။ စာအုပ်တွေကို ကိုင်ပြီးဖတ်ဖို့ တိုက်တွန်းပါ။ ဝါးစားဖို့တော့ မပြောပါနဲ့။ ငုံရင်တော့ ငုံထားပါစေ။ ကလေးက စာအုပ်ရဲ့အရသာကို မြည်းစမ်းဖို့ကြိုးစား နေတာပါပဲ။ နားထောင်လို့တော့ ကောင်းတယ်၊ စားလို့ရော ရလားပေါ့။ ပြီးတော့မှ စားလို့**မရမှန်း** သူတို့ သိသွားမှာပါပဲ။

### ဖတ်ပြဖို့

မှန်ချပ်ကလေးတွေပါတဲ့ စာအုပ်အဆင်အမျိုးမျိုး (လိုင်းထူထူ၊ နူးနူးညံ့ညံ့ အစင်းစင်းတွေပါတဲ့ စာအုပ်တွေဟာ ဒီအရွယ်အတွက် အကောင်းဆုံးပါပဲ။ သူတို့အမြင်ကို ဆွဲဆောင်နိုင်မယ်၊ လှန်ရတာ လွယ်မယ်။ အသံမြည်တဲ့ စာအုပ်တွေကို ကလေးက အံ့အားသင့်ပြီး ပိုကြိုက်တတ်တယ်။



အိမ်မှာ ကလေးရောက်နိုင်တဲ့ နေရာတွေ ခကုန်လုံးနဲ့ ကလေးယူနိုင်မဲ့ အရုပ် စတဲ့ ပစ္စည်းတွေကြားမှာ ယူစေ ကိုင်စေချင်တဲ့ စာအုပ်တွေ ရောနှောပေးထားပါ။ တွားသွားနေတဲ့ကလေးဟာ အရုပ်ကို ဆွဲယူလိုက်တိုင်း စာအုပ်တစ်အုပ် မျက်စိအောက်မှာ တွေ့နေဖို့ပါပဲ။

မိဘကိုယ်တိုင်က စာဖတ်ခြင်းနဲ့မွေ့လျော်ပြီး ကလေးအတွက် စာဖတ်ပြတဲ့ မော်ဒယ်တစ်ယောက် ဖြစ်နေပါစေ။

ကလေးကြိုက်တဲ့ ဘယ်လိုစာအုပ်မျိုးမဆို ဖတ်ပြဖို့ မငြီးငွေ့ပါနဲ့။ ကလေးရဲ့စိတ်ကူးထဲမှာ သူ့ရဲကောင်း မင်းသားကြီး ဖြစ်နေပါစေ။ စိတ်ညစ်စရာ လူကြမ်းနဲ့ ရန်သူစစ်သားအဖြစ် ရောက်မသွားပါစေနဲ့။ ပုံပြင်၊ သားချော့တေးကဗျာ၊ အိပ်ရာဝင်တေး၊ စွယ်စုံကျမ်း၊ သဘာဝဗေဒအချက်အလက်၊ ကလေးကဗျာ၊ လူကြီးကဗျာ ဖတ်လို့ရတာ အားလုံး ဖတ်ပြပါ။ ထပ်ကာထပ်ကာ ဖတ်ပြပါ။ ကိုယ် စာဖတ်ပြတာကို မက်မက်မောမော နားထောင်ပြီး ကိုယ့်ကို ချစ်ခင်မြတ်နိုးနေတဲ့သူဟာ တစ်ကမ္ဘာလုံးမှာ ဒီကလေးပဲ ရှိနေတာမို့ပါ။

❑

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## ဖတ်ရှုခြင်းခရီးတာနှင့် မိုင်တိုင်များ

ကလေးတိုင်း ဖြတ်သန်းသွားရမယ့် မိုင်တိုင်များနဲ့ စာဖတ်ခြင်းဆိုတဲ့ ခရီးတာကို အရိုးစင်းဆုံး ကောက်ကြောင်းခြစ်ပြလိုက်ပါတယ်။

သတိထားရမှာကတော့ ကလေးတစ်ဦးချင်းစီမှာ မတူညီတဲ့ ဖွံ့ဖြိုးမှုတွေနဲ့ ကွဲပြားတဲ့ ခရီးတာ အကွာအဝေး ရှိနေတယ်ဆိုတာပါပဲ။ သိပ်စိတ်ပူနေရင်တော့ စိတ်ပညာရှင်၊ ကလေးအထူးကုနဲ့ ဆရာ ဆရာမတွေကို တွေ့ဆုံဆွေးနွေးသင့်ပါတယ်။ စောစောကြိုပြီး စီစဉ်သင့်တာ စီစဉ်ထားခဲ့မယ်ဆိုရင်တော့ 'ဖတ်ရှုခြင်း' အတွက်တိုက်ပွဲဝင်မယ့် ကလေးကို ကောင်းကောင်းကြီးကူညီနိုင်တော့မှာပါ။

### ရင်ခွင်ပိုက်(မွေးကင်းစ ၁ နှစ်)

ကလေးတိုင်း ဖတ်ရှုခြင်းကို ဒီလို စတင်တတ်ကြပါတယ်။

* စကားသံနဲ့ ကြားရသမျှကို အတုခိုးပြီး တူအောင် လိုက်လုပ်တယ်။
* သူ့ကိုရည်ရွယ်ပြီးပြောမှန်း သိတာနဲ့ တုံ့ပြန်တယ်။
* ရုပ်ပုံ၊ ဓာတ်ပုံတွေကို ကြည့်တယ်။
* စာအုပ်ရှိတဲ့နေရာရောက်အောင်သွားပြီး တစ်ယောက်ယောက်ရဲ့ အကူအညီနဲ့ စာရွက်ကို လှန်တယ်။
* ပုံပြင်နဲ့ ရုပ်ပုံတွေကြည့်ရ ကြားရတဲ့အခါ အသံပြုတယ်။ စာအုပ် (သို့) ရုပ်ပုံကို တဖတ်ဖတ်ရိုက်ပြီး တုံ့ပြန်မှုတွေလုပ်တယ်။



### လမ်းလျှောက်သင်စ(၁ နှစ် ၃ နှစ်)

* စာအုပ်ထဲကပုံကို ကြည့်ရှုအကဲခတ်ပြီး အဲဒီပုံအကြောင်းမေးတဲ့ မေးခွန်းကို ဖြေလာတယ်။
  ဥပမာ – "နွားကြီးက ဘယ်လိုအော်လဲ"
* ရင်းနှီးမှတ်မိတဲ့ပုံတွေရဲ့ အခေါ်အဝေါ်ကို ခေါ်လာတယ်။
  ဥပမာ – 'ဒါ မေကြီးပုံ'
* မှတ်မိသိရှိထားတဲ့ အရာဝတ္ထုတွေကို နာမည်သိဖို့ လက်ညှိုးညွှန်ပြတယ်။
* စာအုပ်ဖတ်နေတဲ့ပုံစံမျိုး ဟန်ပန်တကျ လုပ်တတ်လာတယ်။
* သိထားတဲ့စာကြောင်းရဲ့အဆုံးသတ်ကို အသံထွက်ပြီး လိုက်ရွတ်ရင်း အပြီးသတ်လာတယ်။
* စာရွက်ပေါ်မှာ စာလုံးတွေ စီလာတယ်။
* စာအုပ်မျက်နှာဖုံးပေါ်က ပုံကိုကြည့်ပြီး စစ်စစ်ဆေး ဆေးလုပ်ရင်းနဲ့ စာအုပ်ရဲ့နာမည်ကို သိလာနေတယ်။
* ကတ္တူစာအုပ်တွေရဲ့ စာမျက်နှာတွေ လှန်လှောတတ်လာတယ်။
* အနှစ်သက်ဆုံး၊ အကြိုက်ဆုံးစာအုပ်ဆိုတာ သတ်မှတ်လာတယ်။
  ခဏ ခဏ ဖတ်ပြဖို့ လူကြီးတွေကို တောင်းဆိုလာတယ်။

### မူကြိုအစောပိုင်း (၃–နှစ်)

* အကူအညီမပါဘဲ စာအုပ်တွေကို ရှာဖွေလာတယ်။
* အသံထွက်ဖတ်ပြတဲ့အခါ ဇာတ်လမ်းရှည်တဲ့စာအုပ်ကို နားထောင်လာတယ်။
* မိသားစုပုံပြင်တွေကို ပြန်ပြောလာတယ်။
* စာလုံးပေါင်း အက္ခရာတွေကို ပြန်ပြောလာတယ်။
* စာလုံးတွေကို သီချင်းလုပ်ပြီး ခြေဟန်လက်ဟန်နဲ့ တက်တက်ကြွကြွ သီဆိုဆော့ကစားတယ်။
* စာလုံးနဲ့ သင်္ကေတတွေကို ဆက်ကာ ဆက်ကာ ပြုလုပ်ရေးသားလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



* စာအုပ်ကို အသံထွက်ဖတ်တဲ့ ဟန်ပန်အမူအရာကို အတုခိုး ပြုလုပ်လာတယ်။

## မူကြိုအနှောင်းပိုင်း (၄–နှစ်)

* ရင်းနှီးတဲ့ သင်္ကေတတွေ၊ သတိပေးစာတန်းတွေ၊ ဆိုင်းဘုတ်နဲ့ ကားကိုယ်ထည်ပေါ်က ကြော်ငြာနဲ့ စာတန်းတွေကို မှတ်မိလာတယ်။
* အမြီးအမောက်မတည့်တဲ့ စာသား၊ နောက်ပြောင်တဲ့ စာသားတွေနဲ့ ကလေးကဗျာ၊ သီချင်းတွေကို ပုံဖျက်ပြီးဆိုလာတယ်။
* စာလုံးနဲ့ စာလုံးပေါင်းတချို့ကို မှတ်မိလာတယ်။
* ကိုယ့်နာမည်ကိုယ် ရေးတတ် ဖတ်တတ်လာပြီ။
* စကားလုံးတွေနဲ့ အစ စာလုံးကို အသံပြု အတည်ပြုလာပြီ။
* စာလုံးတွေရဲ့ ဆင်တူတဲ့အသံထွက်တွေ နှိုင်းယှဉ်တတ်လာပြီ။
* ရင်းနှီးပြီးသား စာလုံးတွေရဲ့ စကားလုံးနဲ့ စာစုတွေ ရေးချဖို့ ကြိုးစားပြီ။

## မူလတန်း (၅–နှစ်)

* ကလေးချော့တေးကဗျာကို နားလည်လာပြီး ကဗျာရွတ်တမ်း ကစားလာပြီ။
* ချရေးထားတဲ့ စကားလုံးစာစုနဲ့ အသံထွက်ကို နှိုင်းယှဉ်လာပြီ။
* စာကို ဘယ်ကနေ ညာ၊ အပေါ်ကနေ အောက်အထိ ဖတ်ရမယ်ဆိုတာ နားလည်ပြီ။
* စာလုံးနဲ့ ဂဏန်းတွေ ရေးလာပြီ။
* စကားစုနဲ့ စကားလုံးတွေ မှတ်မိလာပြီ။
* ပုံပြင်ဇာတ်လမ်းရဲ့ အဆုံးသတ်နဲ့ ရောက်လာတော့မယ့် ဇာတ်လမ်းအနေအထားကို ကြိုတင်မှန်းဆ ပြောဆိုလာပြီ။
* နားထောင်ပြီးသား ပုံပြင်ဇာတ်လမ်းတွေကို ပြန်ပြောတတ်လာပြီ။



## တစ်တန်းမှ နှစ်တန်း (၆/၇– နှစ်)

* သိပြီးသားပုံပြင်တွေကို ဖတ်ရှုလာပြီ။
* မသိသေးတဲ့စာလုံးနဲ့ စကားလုံးတွေကို အသံထွက်ဖို့ အသံပြုပြီး ကြိုးစားလာပြီ။
* အသုံးများတဲ့ စာရေးသင်္ကေတ၊ စာလုံးအကြီးအသေးတွေ ရေးသားအသုံးပြုတတ်လာပြီ။
* စာကိုအသံထွက်ဖတ်တဲ့အခါ မှားသွားတဲ့နေရာကို ကိုယ့်ဘာသာကိုယ် ပြင်ဆင်ဖတ်ရှုတတ်ပြီ။
* ပုံကိုကြည့်ပြီး ဇာတ်လမ်းနဲ့ အခြေအနေနဲ့ လက်ရှိအနေအထားကို ညွှန်ပြတတ်ပြီ။

## နှစ်တန်းမှ သုံးတန်း(၇–၈နှစ်)

* ဇာတ်လမ်းရှည်ကြီးတွေကို အကူအညီမပါဘဲ ဖတ်နိုင်ပါပြီ။
* လွယ်ကူတဲ့ဖွင့်ဆိုမှုနဲ့ အသေးစိတ်တင်ဆက်မှုတွေကို အသံထွက်ဖတ်လာပြီ။
* ပုံနဲ့စာကြောင်းတွေရဲ့အကူအညီကိုယူပြီး မသိသေးတဲ့ စကားလုံးတွေကို ပုံဖော်နေပြီ။
* စာပိုဒ်တည်ဆောက်ပုံကို နားလည်လာပြီး စာရေးတဲ့နေရာမှာ သုံးလာပြီ။
* စာရေးသားပုံစနစ်၊ သင်္ကေတအသုံးပြုပုံမှန်ပြီ။ (ဥပမာ ပုဒ်မ၊ ပုဒ်ထီးချခြင်း)

*မှတ်ချက်။ သင်ပေးထားသော စနစ်အရဖြစ်သည်။ သင်မပေးထားလျှင် ထိုကိစ္စများ လုပ်မည်မဟုတ်ပါ။*

* ရိုးစင်းရှင်းလင်းတဲ့ ဝေါဟာရတွေ စာလုံးပေါင်းတတ်ပြီ။
* ဖုန်းမှတ်တမ်းနဲ့ သံကြိုးစာလို သတိပေးစာမျိုး ရေးသားပြီ။
* စာလုံးတွေရှာရတဲ့ ကစားနည်းတွေ ကြိုက်တတ်လာပြီ။
* ကြားဖူးတဲ့ စကားလုံး အသုံးအနှုန်းအသစ်တွေ၊ စကားစုနဲ့ အာမေဍိတ်တွေ သုံးပြီ။

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

* ကိုယ်ရေးတဲ့စာကို ကိုယ့်ဘာသာ စစ်ဆေး အတည်ပြု ပြင်ဆင်တတ်ပြီ။

**လေးတန်းနှင့်အထက် (၈ နှစ်မှအထက်)**

* အထုပ္ပတ္တိ၊ ကဗျာ၊ စိတ်ကူးယဉ်ဝတ္ထုစာပေနဲ့ ဖတ်နေကျမဟုတ်တဲ့ စာအမျိုးအစားတွေ ရှာဖွေဖတ်ရှု နားလည်ပြီ။

* ရှာဖွေဖော်ထုတ်ခြင်း၊ ထပ်ဆင့်တင်ပြပြောဆိုခြင်း၊ တန်ဆာဆင် ရေးဖွဲ့ခြင်း စတဲ့အရေးအသားတွေကို လေ့လာနားလည်တတ်ပြီ။

* အသေးစိတ်အချက်အလက်နဲ့ တိကျတဲ့ စူးစမ်းမှုတွေ ဖတ်ရှုတတ်ပြီ။ သိပ္ပံနည်းကျ အတွေးအခေါ် ဖွံ့ဖြိုးလာတဲ့သဘောပါ။

* ထပ်တူပြုနိုင်းယှဉ်ချက်တွေ၊ အလွန်အကျူး တင်စားဖွဲ့ဆိုမှုတွေရဲ့ အစိတ်အပိုင်းနဲ့ ရေးသားဟန်တွေကို စိစစ်လေ့လာနေပြီ။

* ပုံပြင်ဇာတ်လမ်းနဲ့ ဝတ္ထုတွေရဲ့ အဓိကကျတဲ့ ကဏ္ဍနဲ့ ခင်းကျင်းပုံ (ဥပမာ – အချိန်အခါ၊ နေရာဒေသ၊ ဇာတ်ကွက်၊ အခက်အခဲနဲ့ ဖြေရှင်းပုံ ဖြေရှင်းရင်ဆိုင်နည်း)တွေကို မှန်မှန်ကန်ကန် သိတတ်ပြီ။

* ဆွဲဆောင်မှုကောင်းပြီး စိတ်ဝင်စားစရာကောင်းအောင် ရေးသားရမယ့်ဟန်ကို နားလည်လာပြီ ဘယ်လိုစာမျိုး ဖတ်သင့်/မသင့်နဲ့ ကြိုက်မကြိုက်ဆိုတာ ဖြစ်လာပြီ။

* စာရဲ့အဓိပ္ပာယ်ကို နက်နက်နဲနဲ ရှာဖွေစူးစမ်း လေ့လာပြီ။

ဒီလို အစိတ်အပိုင်းတွေနဲ့ အသက်အရွယ်အလိုက် အခြေအနေကို ကောက်ကြောင်းအရ သိလိုက်ရရင် မိဘတွေအနေနဲ့ ကြိုတင်ပြင်ဆင်နိုင်ကြစေဖို့ ဖြစ်ပေါ်လာတဲ့အနေအထားအပေါ် မှန်ကန်တဲ့ဆုံးဖြတ်ချက် ချနိုင်ဖို့ကပိုပြီး အရေးပါပါတယ်။

ဒီနေ့ခေတ်ဟာ မီဒီယာတွေ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ထွန်းကား တိုးတက်နေတဲ့အချိန်ပါ။ ဒါကြောင့် ကိုယ့်ကလေး ဒါမှမဟုတ် ကိုယ်နဲ့နီးစပ်တဲ့ ဆွေမျိုးသားချင်းတွေထဲက ကလေးတစ်ယောက်ဟာ စာဖတ်နည်းတာ၊ စာဖတ်တာနဲ့ ပတ်သက်တဲ့ အခက်အခဲ ပြဿနာတွေရှိနေတာ၊ စာဖတ်တဲ့အခါ အသက်အရွယ်အလိုက် သိသင့် နားလည်သင့်သလောက် ဖြစ်ထွန်း



မလာတာတွေ ရှိခဲ့ရင် ကိုယ့်အနေနဲ့ ကူညီနိုင်ဖို့ ကြိုးစားသင့်ပါတယ်။

ခင်မင်ရင်းနှီးတဲ့၊ နီးစပ်တဲ့ စာပေလေ့လာမှု၊ စာပေ ပညာရှင်၊ ဆရာဆရာမတွေအပြင် စာကြည့်တိုက်မှူး၊ စာကြည့်တိုက်ဝန်ထမ်း၊ ကလေးသူငယ်ဆိုင်ရာ စိတ်ပညာရှင်၊ ဆေးပညာရှင်တွေရဲ့ အကြံဉာဏ်ရယူဖို့ ကြိုးစားသင့်ပါတယ်။ ဒီပုဂ္ဂိုလ်တွေဟာ ဒီလိုအခြင်းအရာတွေအတွက်သာ မဟုတ်ရင် ဒီပညာရပ်တွေကို လေ့လာထားစရာ အကြောင်းမရှိပါဘူး။

အလုပ်လျှောက်ဖို့ ကိုယ်ရေးရာဇဝင် အကျဉ်းလေးကို မရေးတတ်၊ မဖတ်တတ်တဲ့အပြင် လျှောက်လွှာပုံစံကိုတောင် မသိတဲ့ လူငယ်တွေ အများအပြား ရှိနေပါသေးတယ်။ စာစီစာကုံးကအစ ကျက်ပြီးဖြေနေရတဲ့ ကျောင်းသား လူငယ်တွေလည်း အများကြီးပါပဲ။ သူတို့ကို ကူညီရာမှာ စာပေဟာ အဓိက ကျသလို တိုးတက်ခေတ်မီလာတဲ့ အနေအထားအရ အင်တာနက် အပါအဝင် နည်းပညာဆိုင်ရာ e-book အစရှိတဲ့ နည်းပညာသစ်တွေကိုလည်း လက်မလွှတ်သင့်ပါဘူး။ နီးစပ်သမျှ လေ့လာ လမ်းကြောင်းပြ အကြံဉာဏ်ပေး ပြောဆိုဆွေးနွေးရမှာပါ။

**ကျောင်းနေအရွယ် စာဖတ်သူ**

မူကြိုကစပြီး အတန်းတက်လာတဲ့ ကလေးတိုင်းဟာ အကန့်အသတ်တွေ ရှိသလို အဲဒီအကန့်အသတ်တွေကို တဖြည်းဖြည်း ကျော်လွှန် အဆင့်



www.burmeseclassic.com

www.burmeseclassic.com



မြင့်လာတဲ့ အရွယ်အလိုက်တောင်းဆိုမှုတွေ ရှိတတ်ပါတယ်။ ကျောင်းက ဆရာ ဆရာမတွေ သွန်သင်လမ်းပြ တာဝန်ယူနေတာမှန်ပေမဲ့ အိမ်က မိဘ အနေနဲ့လည်း စံပြပြု လမ်းကြောင်းပေးခြင်းကို လျှော့ချရပ်တန့်ဖို့ မသင့်ပါဘူး။ အရွယ်တိုင်းအတွက် ဆက်ကာ ဆက်ကာ လုပ်ဆောင်ပေးသွားရမှာပါ။

ကလေးဟာ သူ့ဘဝတစ်လျှောက် ဖြတ်သန်းသွားရမယ့် ခရီးအတွက် အသုံးပြုနားလည်ရမယ့် အချက်အလက်နဲ့ ဗဟုသုတတွေကို နားထောင်ခြင်းကပဲ စတင်ပါတယ်။ ဒါကို မိဘတွေလည်း သိခဲ့ကြပြီး ကလေးကို စာဖတ်ပြရမယ်ဆိုတာကို သဘောပေါက်ကြပါတယ်။ အမှီအခိုအားကိုးနဲ့ စာဖတ်သူဘဝကနေ အမှီအခိုကင်းပြီး ဘယ်သူ့အကူအညီမှ မလိုတဲ့ စာဖတ်သူဘဝ ရောက်ရှိဖို့ တဖြည်းဖြည်းချင်း လမ်းပြခေါ်ဆောင်သွားရပါတယ်။ စာအုပ်နဲ့ လက်တွေ့ဘဝရဲ့ ဆက်သွယ်အခြေပြုနေပုံတွေ၊ စိတ်ကူးနဲ့ အတွေးဉာဏ်တွေရဲ့ စပ်ဆက်ပုံဖော်မှုတွေ၊ ဆန်းသစ်တီထွင်ခြင်းအားလုံးကို မေတ္တာစေတနာနဲ့ ကာရံတည်ဆောက်ပေးရမှာဖြစ်ပါတယ်။

စာကို လေ့လာကျက်မှတ်ခြင်းရဲ့ ပြင်ပကနေ သတိထားဖတ်ရှု စူးစမ်းတတ်လာအောင် စာသင်ခန်းရဲ့ ပြင်ပကနေ မိဘကပဲ တာဝန်ယူရပါလိမ့်မယ်။ စာဖတ်တတ်အောင်၊ ဖတ်ချင်အောင် လှုံ့ဆော်စည်းရုံးနေတာဟာ ကိုယ့်ကလေးကို လောကကြီးအကြောင်း စတင်သင်ကြားပေးနေခြင်းဆိုတာ မမေ့ပါနဲ့။

## ကြီးထွားလာတဲ့ စာဖတ်သူ

မူကြိုကနေ နှစ်တန်း သုံးတန်းအထိ စာဖတ်နေတဲ့ ကလေး တစ်ယောက်ရဲ့ ဖတ်ရှုခြင်းသဘာဝဟာ ဘယ်လိုမျိုးဖြစ်မလဲဆိုတာ သိထားသင့်တယ်။ အများအားဖြင့်ကတော့ ...

### * မူကြို

မျက်လုံးနဲ့ မှတ်ဉာဏ်ကို ဆက်စပ်ပုံဖော်လျက်ရှိပါတယ်။ ဝမ်းနည်းဝမ်းသာ ပျော်ရွှင် ငိုကြွေးနေတာတွေကို နားမလည်ပေမဲ့ သူတို့ဆီမှာ ဖြစ်တည်နေပါပြီ။ ရုပ်ပုံနဲ့ ပုံပြောသူရဲ့ ဟန်ပန်အမူအရာကို ဆက်စပ်မှတ်သားခြင်းအားဖြင့်လည်း ဝမ်းနည်းသူနဲ့ ဝမ်းနည်းတဲ့သရုပ်ကို တွဲပြီး မှတ်သားပါတယ်။ စာလုံးပုံစံနဲ့ အသံထွက်ကိုလည်း အလားတူပါပဲ။



### * အတန်းတက်စအရွယ်

ပုံနှိပ်စာလုံးတွေကို မှတ်မိစ ပြုလာပါပြီ။ မြင်ကွင်းနဲ့ အသံထွက်အပေါ် မှန်းဆပြုမူဆောင်ရွက်တာ အားကောင်းလာတဲ့အတွက် နီးစပ်တိကျတဲ့ ယှဉ်တွဲမှတ်သားမှု၊ မှန်ကန်စွာ တုံ့ပြန်ဖော်ပြမှုတွေဟာ ဒီအရွယ်ရဲ့ ဖတ်ရှုမှု တစ်စိတ်တစ်ပိုင်းပါပဲ။

### * သုံးတန်းနှင့် အထက်

ပုံစံတူရေးသားခြင်း၊ ပတ်ဝန်းကျင်က တွေ့မြင်သမျှကို ဝေါဟာရနဲ့ ယှဉ်တွဲမှတ်မိခြင်း၊ မှန်းဆမေးမြန်းအတည်ပြုခြင်း၊ အဆက်မပြတ် မှတ်သားခြင်းတွေနဲ့ မေးမြန်းခြင်းများစွာ ပြုမူခြင်းတွေဟာ ပုံစံပြောင်းလဲလာပြီး 'စာဖတ်ခြင်း' ကို အမှီအခိုကင်းကင်း လုပ်ဆောင်လာပြီ ဖြစ်ပါတယ်။

ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ သတိပေးသင်္ကေတနဲ့ စာတန်းတွေအပြင် စာအုပ်ကြီးတွေဆီအထိ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲဖတ်ရှုလာတဲ့အပြင် နားလည်နိုင်မှုနဲ့ ဖတ်ရှုချင်စိတ်အင်အားတွေပါ တိုးတက် လေးနက်လာတာ တွေ့ရမှာပါ။

### * ဖတ်စရာ

ယုံကြည်စိတ်ချစွာနဲ့ ဖတ်ရှုခြင်းဆိုတာကို ဆောင်ရွက်လာနိုင်တဲ့ ကလေးငယ်ကို စာအုပ်တွေအများကြီးနဲ့ မိတ်ဆက်ပေးသင့်ပါတယ်။ အသံထွက်ဖတ်နိုင်တဲ့ အချိန်အခါနဲ့ အရွယ်ရောက်လာပြီဆိုရင် ဖတ်စရာစာအုပ်အမျိုးအစား နှစ်မျိုး ရှိလာပါပြီ။ တစ်ခုကတော့ တစ်ယောက်တည်း သီးသန့် အေးအေးဆေးဆေး ဖတ်နိုင်တဲ့စာအုပ်၊ နောက်တစ်မျိုးကတော့ လက်ရှိ ဖတ်နိုင်တဲ့အဆင့်ထက် ပိုမြင့်တဲ့စာအုပ် အမျိုးအစားပါပဲ။ ကလေးဟာ သူ့ဘာသာသူ ထပ်ခါ ထပ်ခါ ဖတ်ရှုနေတဲ့စာအုပ်အပြင် ပိုပြီး လေးနက်ကျယ်ဝန်းတဲ့ အဓိပ္ပာယ်တွေ ပါဝင်နေတဲ့ စာအုပ်တွေဖတ်နိုင်ဖို့ ရှာဖွေစုဆောင်းပြီး ကိုယ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




တိုင်လမ်းညွှန်ရမှာပါ။ ပြီးတော့ နားမလည်နိုင်တဲ့ စကားလုံး အသုံးအနှုန်းနဲ့ အဓိပ္ပာယ်တွေ ဆိုလိုချက်တွေကို ရှင်းပြဆွေးနွေးရမှာပါ။

အားကစား၊ ဂီတ၊ ဒိုင်နိုဆောနဲ့ ရုပ်ပါဟီးရိုး ဘာပဲဖြစ်ဖြစ်ပေါ့။ ကလေးဖတ်ချင်တဲ့ စာအုပ်ကိုလည်း သူ့ဘာသာသူ ရွေးချယ်ရင်း ကိုယ်ဖတ်စေချင်တဲ့ စာအုပ်ကိုပါ တွဲဖက်ပေးရမှာပါပဲ။ ဝေလငါးတွေကို ကလေးက စိတ်ဝင်စားတယ်ဆိုရင် သဘာဝမှတ်တမ်းလို စာများများ၊ ပုံများများနဲ့ စာအုပ်မျိုးတွေ ရှာဖွေပေးပါ။ ကမ္ဘာကျော် သဘာဝ မှတ်တမ်းစာအုပ်တွေ ငှားရမ်း/ ဝယ်ယူပေးပါ(နီးစပ်ရင်)။

မိဘနှစ်သက်တဲ့ အကြိုက်ဆုံး စာရေးဆရာတွေရဲ့ စာအုပ်တွေ၊ စိတ်ဝင်စားဖို့ကောင်းတဲ့ အကြောင်းအရာတွေပါတဲ့ မဂ္ဂဇင်းစာစောင်တွေကို ကလေးကိုယ်တိုင် ဖတ်ပါစေ။ စာအုပ်တွေ့တာနဲ့ ဖတ်ချင်စိတ်ဖြစ်ပေါ်နေအောင် အားပေး တိုက်တွန်းရမှာပါ။

* ကမ္ဘာကျော်ပုဂ္ဂိုလ်တွေရဲ့ အထုပ္ပတ္တိများ
* စွန့်စားရဲရင့်တဲ့ ကလေးများရဲ့အကြောင်း





* ဘာသာစကားရဲ့ လှည့်ကွက်နဲ့ တန်ဆာဆင်ထားတဲ့ ဇာတ်လမ်းတွေ
* ရှေးဟောင်းအမွေအနှစ်နဲ့ ဒဏ္ဍာရီတွေ
* သိပ္ပံစိတ်ကူးယဉ်နဲ့ ပေါ့ပါးရွှင်မြူးတဲ့ ဇာတ်လမ်းတွေ

ကလေးစိတ်ဝင်စားဖို့ အနီးစပ်ဆုံးကတော့ ကိုယ့်မိဘရဲ့ ငယ်ဘဝနဲ့ ကိုယ့်မိဘအကြိုက်ဆုံး စာအုပ်နဲ့ ဇာတ်လမ်းတွေပါပဲ။ မိဘက ကြိုက်တဲ့ စာအုပ်ဆို ကလေးကလည်း လိုက်ကြိုက်တတ်ပါတယ်။ ကိုယ်တိုင်က စာအုပ်ကောင်း ကြိုက်တတ်ရင် ပိုကောင်းတာပေါ့နော်။

## စာဖတ်ချိန်နဲ့ စာဖတ်ပုံ

ကျောင်းနေတဲ့ ကလေးကတော့ အလုပ်များနေမှာပဲ။ ညစာ စားပြီးချိန်ပဲ ဖြစ်ဖြစ်ပေါ့။ တစ်နေ့ကို နာရီဝက်လောက် စာဖတ်ချိန်ကို(မဖြစ်မနေ) စီစဉ်ပေးသင့်ပါတယ်။ ကျောင်းမနေခင်ကအတိုင်းပဲ ကလေးကို စာဖတ်ချိန်ရအောင် ကန့်သတ်ပေးပါ။

စာအုပ်တစ်အုပ်ကို မဖတ်ခင် ဘယ်လိုခံစားရသလဲ၊ ဖတ်နေချိန်ဖြစ်တဲ့ ခံစားမှုနဲ့ ဖတ်ပြီးတော့ရတဲ့ ခံစားမှုနဲ့ အကျိုးရလဒ်တွေ ပြောပြပြပါ။ ချောင်ပိတ်မသွားစေတဲ့ မေးခွန်းလေးတွေလည်း မေးတတ်ပါစေ။ သတိထားရမှာက ကိုယ် ဘယ်လောက် ဘယ်လိုစာတွေဖတ်ခဲ့တယ်ဆိုတာ ကြွားဝါခိုင်းတာ မဟုတ်ဘူးဆိုတာပါပဲ။ စာနဲ့ပတ်သက်ရင် ကလေးကို မနှိမ့်ချပါနဲ့။ ဖတ်ဖြစ်အောင်သာ ဆွဲဆောင်စည်းရုံးပါ။ ကိုယ်က ဝိပဿနာတရားအကြောင်း စိတ်ဝင်စားရင်လည်း ကလေးကို ဗုဒ္ဓဝင်ပုံဝတ္ထုနဲ့ ဗုဒ္ဓစာပန်းချီလို စိတ်ဝင်စားပြီး ဖတ်ချင်စရာကောင်းတဲ့ ဘာသာရေးစာပေနဲ့ မိတ်ဆက်ပေးလိုက်ပါ။

အသက်အရွယ် ရလာတာနဲ့အမျှ ကလေးကို စာဖတ်ပြခိုင်းပါ။ အသံမထွက်နိုင်တဲ့၊ နားမလည်နိုင်တဲ့ စာတွေကို ကျော်ဖတ်ပါစေ။ အဆုံးအထိ ဖတ်ဖို့သာ အရေးကြီးပါတယ်။ ပြီးရင် အသံထွက်ပြ၊ အဓိပ္ပာယ်ကို ရှင်းပြီး တစ်ခေါက်ပြန်ဖတ်ဖို့ တိုက်တွန်းပါ။ စာကို လိုလိုလားလား ဖတ်လာတဲ့ ကလေးတစ်ယောက်ဆိုရင် စာဖတ်ရင်း မှားတာကို ခွင့်လွှတ်ပါ။ ပြီးတော့ မေးခွန်းတွေနဲ့ပဲ ဖြေရှင်းပြောပြပါ။ 'ဒီအကြောင်းရဲ့အဓိပ္ပာယ်က ဘယ်လိုဖြစ်မယ်ထင်သလဲ' ဆိုတာမျိုးပေါ့။ 'မင်းဖတ်တာကြီးက မှားနေတယ်' ဆိုတာ

www.burmeseclassic.com



ထက် 'အဲဒါ ဒီလို ဖြစ်မယ်ထင်တယ်'လို့ ပြင်ပြောပေးပါ။

ဇာတ်လမ်းရှည်ကြီးတွေ ဖတ်ပြတော့မယ်ဆိုရင်တော့ အသုံးဝင်နိုင်မယ့် အချက်အလက်ကလေးတွေ ရှိပါတယ်။

* နောက်ဆုံး ဘာဖြစ်မယ်ဆိုတာကို ကြိုမပြောပါနဲ့။ တစ်ခန်းဖတ်ပြီးတိုင်း ဖတ်ခဲ့တဲ့အခန်းရဲ့ အခြေအနေနဲ့ ဇာတ်လမ်းရဲ့အနေအထားကို ထပ်ပြောပြပါ။ မေးမြန်းပါ။
* ကလေးကြိုက်တတ်တဲ့ စာ ပါလာရင် တစ်ခေါက် ထပ်ဖတ်ပြပါ။
* ဖတ်ချင်ရင် ကလေးကိုပါ အသံထွက်ပြီး ဝင်ဖတ်ပါစေ။
* စာပိုဒ်ကြီးက သိပ်ရှည်လွန်းရင် ကလေးက စိတ်ဝင်စားမှု လျော့သွားနိုင်ပါတယ်။ ရဲရဲသာ ကျော်ဖတ်ပစ်လိုက်ပါ။ ပြီးမှ ပြန်ရှင်းပြပေါ့။
* ဇာတ်ကောင်တွေရဲ့သဘောထားနဲ့ ဆုံးဖြတ်ချက်တွေအပေါ် ကလေးရဲ့သဘောထားကို မေးပါ။ ဒီဇာတ်ကောင်နေရာမှာ သားသားဆိုဘယ်လိုလုပ်မှာလဲ၊ လူဆိုးနေရာမှာ သူမတည့်တဲ့သူတွေတော့ မထည့်လိုက်နဲ့ပေါ့။
* ကိုယ်ဖတ်နေတာနဲ့ပတ်သက်ပြီး ရိုးသားတဲ့သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောပြပြီး ကလေးကိုလည်း ပြောဖို့ အားပေးတိုက်တွန်းမေးမြန်းပါ။

**စာဖတ်ချိန်လေး ဖန်တီးရန်**

အသံထွက်စာဖတ်တာဟာ ကလေး စာဖတ်လာဖို့ တစ်ခုတည်းသောနည်းလမ်းမဟုတ်ပါ။ နေ့စဉ်ဘဝထဲမှာလည်း နည်းလမ်းကောင်းတွေရှိပါတယ်။ ဥပမာ – ဟင်းချက်နည်းစာအုပ်နဲ့ ဟင်းချက်နေရင်း ကလေးကိုအော်ဖတ်ဖို့ ခိုင်းသလိုပေါ့။ ကလေးက တစ်ဆင့်ချင်းအော်ပြီး ကိုယ့်ကိုယ်သတိပေး၊ ကိုယ်က နားထောင်ပြီး ချက်ပေါ့။ မှားတော့လည်း ဒီလူတွေပဲစားရမှာမဟုတ်လား။ ကစားနည်းအသစ်တစ်ခု ကစားကြရင်လည်း ကလေးကိုပဲ ညွှန်ကြားခိုင်းပေါ့။ သူ့ကိုသာ ဆရာတင်လိုက်ပါ။ ကလေးက ဖတ်ကိုဖတ်ပြပါလိမ့်မယ်။

ကလေးနဲ့ ရေချိန်ညီ(အရွယ်နဲ့မျှ)တဲ့ အဘိဓာန်သဘောမျိုး ဝေါဟာရ



စာအုပ်ကလေးတွေ ဝယ်ထားပေးပါ။ အသစ်တွေ သိရတာပေါ့။ ပြီးတော့တီထွင်ရတာပေါ့။ ပြီးတော့ အင်တာနက်က သဘာဝအဘိဓာန်နဲ့ နိုင်ငံတကာသတင်းတွေလည်း အတူတူကြည့်ရင်း ပြောပြရှင်းပြပေါ့။ ဒါဟာ စာဖတ်ချိန်ပါပဲ။

❑




www.burmeseclassic.com

www.burmeseclassic.com

## ကလေးကို စာဖတ်ပြတော့ ဘာဖြစ်မှာလဲ

အမှီအခိုကင်းတဲ့ စာဖတ်သူတစ်ယောက် ဖြစ်မလာခင်ကိုပဲ စာပေစွမ်းရည်ကို အုတ်မြစ်ချပြီးသား ဖြစ်သွားပါလိမ့်မယ်။

* စကားလုံးတွေ၊ ဝေါဟာရတွေ အများကြီးသိသွားမယ်။ ဘယ်လို သုံးရမလဲဆိုတာလည်း တတ်သွားမယ်။ ချက်ချင်းကို အသုံးချသွားလိမ့်မယ်။
* စာလုံးတွေနဲ့ပေါင်းစပ်ပြီး အသံထွက်ကျတော့ စာလုံးထက် နည်းသွားတာကို သိနားလည်သွားမယ်။ ဥပမာ သဝေထိုး၊ ကကြီးရရစ်၊ ရေးချ၊ သေတ်က ကြောင့်လို့ တစ်လုံးတည်း အသံထွက်တာမျိုးပေါ့။
* စာရွက်ပေါ်မှာမြင်နေတဲ့ဟာတွေဟာ စာလုံးနဲ့ စကားလုံးတွေဆိုတာ သိသွားမယ်။
* စာလုံးအက္ခရာဆိုတာတွေ ပေါင်းစပ်ပြီးမှ စာလုံးနဲ့ စာစုတွေ ဖြစ်ပေါ်လာတာကို သိသွားမယ်။

ဒါဟာ ကွန်ပျူတာ၊ မမ်မိုရီစတစ်၊ ကက်ဆက်၊ စီဒီပြစက်တွေ မလိုပါဘူး။ စာအုပ်၊ မိဘနဲ့ ကလေးပဲ အဓိက လိုတာလေ။ ဝန်ဆောင်မှု ကိရိယာနည်းနည်းနဲ့ လုပ်ငန်းကြီးကြီး ဖော်ဆောင်နေတာပါ။ ဒါဟာ အနာဂတ်ကို တည်ဆောက်နေတာနော်၊ ပေါ့ပေါ့ဆဆ မလုပ်ပါနဲ့။

**ကလေး မဟုတ်တော့ဘူး ဆိုရင်ကော**

ဒီစကားဖြစ်လာဖို့ကိုပဲ လုပ်နေတာပါ။ ဒါပေမဲ့ ကလေးနဲ့မိဘဟာ



ခိုင်မြဲတဲ့ ဆက်သွယ်ရေး ရှိလာမယ်။ ကလေးဇာတ်လိုက်ပုံပြင်တွေ ဖတ်ပြရင်၊ ကလေးဟာ ကြောက်စိတ်လျော့ပါးလာမယ်၊ သွားရဲ လာရဲ လုပ်ရဲ ကိုင်ရဲ ရှိလာမယ်၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေ တိကျ မှန်ကန်လာမယ်။ စာလုံး ပုံပန်းသဏ္ဌာန်၊ အရောင်အဆင်း၊ ရာသီဥတု၊ တိရစ္ဆာန်တွေ၊ ပန်းပွင့်တွေ လောကမှာရှိသမျှ အရာအားလုံးဟာ စာအုပ်ကနေတစ်ဆင့် ကလေးဆီ ရောက်သွားမယ်။ အရေးကြီးတာက ကလေးဟာ ကလေးလိုပဲ အဆင်တပြေနဲ့ စိတ်လုံခြုံမှုပြည့်ဝတဲ့ဘဝနဲ့ လောကကို သင်ယူဖို့ပါပဲ။ ကလေးမဟုတ်တော့တဲ့ ဘဝကို ကလေးဘဝကနေ သွားရဲပြီး ရောက်ရှိသွားဖို့ မိဘက ပို့ဆောင်လိုက်ဖို့ပါပဲ။

လမ်းလျှောက်တတ်စ ကလေးတချို့ဟာ သူ့စိတ်နဲ့သူ အလုပ်တွေ သိပ်ရှုပ်နေတတ်တယ်။ မိဘက စာဖတ်ပြနေရင်လည်း တောက်တောက်တောက်တောက်နဲ့ မတ်တတ်ရပ်ပြီး လျှောက်သွားနေတတ်တယ်။ တချို့ကလေးတွေကျတော့ လမ်းလျှောက်လိုက်၊ မိဘက ဖတ်ပြနေတဲ့စာမျက်နှာကို ကြည့်လိုက်၊ ဟိုလုပ် ဒီလုပ်နဲ့ ရှုပ်ယှက်ခတ်နေတတ်တယ်။ စာအုပ်ကို မသိမ်းလိုက်ပါနဲ့။ ကလေးကို စောင့်ကြည့်နေရင်း ကလေးရဲ့အာရုံကို စာဖတ်နေတဲ့ဆီ ပြန်ရောက်လာအောင် တဖြည်းဖြည်းလုပ်ယူပါ။

(မှတ်ချက်- တတောက်တောက်လျှောက်နေတဲ့ကလေးကို အဲဒီလို စာဖတ်ပြဖို့မပြောနဲ့ ထမင်းကျွေးတာတောင် တချို့မိဘတွေဟာ စိတ်မရှည်ချင်ကြပါဘူး။ ဒီလောက်တောင်ဖြစ်လှတာ နေတော့ မကျွေးတော့ဘူးဆိုပြီး ပစ် ပစ်ထားတဲ့ မိဘတွေ တော်တော်များများကို တွေ့ကြုံဖူးပါတယ်။ အထူးသတိနဲ့ဆင်ခြင်ပါ။ အာဟာရပိုင်းဆိုင်ရာမှာ ချို့တဲ့ခြင်းဟာ ဘက်စုံဖွံ့ဖြိုးလာတော့မယ့် ကလေးရဲ့ ဉာဏ်ရည်ဉာဏ်သွေးအတွက် ကြီးမားတဲ့ ပြဿနာကြီး တစ်ခုပါပဲ။)

ဒီအရွယ်ဟာ အရာရာကို ကိုယ်တွေ့ စမ်းသပ်လှုပ်ရှားပြီး အရသာခံနေတတ်တဲ့အတွက် စိတ်ရှည်ရှည်ထားပါ။ ဆွဲဆောင်မှုကောင်းတဲ့ ဇာတ်လမ်းပုံပြင်တစ်မျိုးရတဲ့အထိ ကြိုးစားပေးပါ။ နေ့စဉ် အချိန်မှန်မှန် စာဖတ်ပြနေရင်းနဲ့ ကလေးဟာ စာဖတ်ချိန်ကို ယဉ်ပါးမှတ်မိလာတဲ့အခါ စာဖတ်ပြတဲ့အချိန်၊ ပုံပြောတဲ့အချိန်မှာ မိဘတွေလိုချင်သလို ငြိမ်ငြိမ်သက်သက် နား

www.burmeseclassic.com

www.burmeseclassic.com



စိုက်ထောင်လာပါလိမ့်မယ်။

ကိုယ် စာဖတ်ပြနေတဲ့အချိန်မှာ သူကြိုက်တဲ့အရုပ်နဲ့လည်း ကစားချင် ကစားနေပါစေ။ ဒါမှမဟုတ် ပုံလေးတွေ အရောင်ခြယ်ချင်လည်း ခြယ်နေပါစေ။ ဒါပေမဲ့ ကလေးက တကယ်ပဲ စာဖတ်ပြနေတဲ့အချိန်ကို နှစ်လိုလက်ခံခြင်း မရှိဘူးဆိုရင်တော့ စာဖတ်ပြတာတစ်မျိုးတည်းနဲ့ မလုံလောက်ဘူးဆိုတာ သတိရပါဦး။ တခြားနည်းလမ်းတွေအနေနဲ့ ကလေးကို စကားများများ ပြောပေးပါ။ သီချင်းအတူတူဆို၊ ကလေးကဗျာတွေ အတူတူရွတ်၊ ဟန်အမူအရာနဲ့ ကဗျာရွတ်ပွဲကလေးတွေ ကျင်းပပေးပြီး ဆော့ကစားနိုင်ပါတယ်။ ပြီးတော့ ပုံပြင်ဇာတ်လမ်းလေးတွေ အတူတူဖန်တီးလုပ်ယူပြီး တစ်လှည့်စီ ပြောကြ၊ နားထောင်ကြပေါ့။ စာရွက်နဲ့ ခဲတံတွေကိုတော့ မမေ့ပါနဲ့။ စာရေးကျင့်ဖို့ပါ။

**လမ်းလျှောက်တတ်စကလေးအတွက် စာအုပ်အမျိုးအစားများ**

ဒီအရွယ်ကလေးတွေဟာ ထိတွေ့ခံစားမှုအပိုင်းကို ပိုပြီး စိတ်ဝင်စားကြပါတယ်။ စာနည်းနည်း၊ ပုံများများပါတဲ့ စာအုပ်အမျိုးအစား၊ ဒီဇိုင်းအကွက် များများဖော်ထားတဲ့ စာအုပ်မျက်နှာဖုံး၊ ဖောင်းကြွအရုပ်တွေပါတဲ့ စာအုပ်မျိုးတွေ လိုအပ်ပါတယ်။

အိပ်ရာထ အိပ်ရာဝင် နှုတ်ဆက်၊ နှုတ်ခွန်းဆက် စကားလေးတွေပါတဲ့ ပုံပြင်ဇာတ်လမ်းစာအုပ်တွေလည်း ရှိသင့်ပါတယ်။ စာဖတ်ပြတဲ့အချိန်မှာ သီချင်းအတူတူဆိုလို့ရတာလည်း မမေ့ပါနဲ့။ သီချင်းဆိုပြတာကလည်း စာသားတွေကို သံစဉ်နဲ့ ရွတ်ဖတ်ပြနေတာပဲမဟုတ်လား။ သံစဉ်လေးနဲ့ဆိုတော့ ကလေးက ပိုကြိုက်ပြီး နားလည်း ပိုစွဲလွယ်တာပေါ့။

ပထမအဆင့်ပန်းတိုင်က စိတ်ဝင်တစားနဲ့ နားထောင်ဖို့ပါ။ နောက်တစ်ဆင့်ကတော့ ကိုယ့်ကိုအတုယူပြီး စာဖတ်ဖို့ ကြိုးစားလာခြင်းပါ။ ဒီအဆင့် ရောက်ပြီဆိုရင် ကလေးရဲ့ စာပေစွမ်းရည်ဖွံ့ဖြိုးမှုဟာ စိတ်ချသွားရပါပြီ။ ဘယ်လို စာအုပ်အမျိုးအစားတွေ ဖတ်သင့်တယ်ဆိုတာကတော့ နောက်ဆက်တွဲကိစ္စ ဖြစ်ပါတယ်။ သိပ် စိတ်ပူစရာ မလိုတော့ပါဘူး။

❑

## အရေးအသား

မေးခွန်းတစ်ခု မေးခွင့်ပြုပါ။

'သင့်ရဲ့ အကြိုက်ဆုံးအရောင်က ဘာလဲ'

အမြန်ဆုံးဖြေပေးပါ။

မစဉ်းစားဘဲ အလိုအလျောက်ရလာတဲ့အဖြေကို ကြည့်ရအောင်။

ခေါင်းထဲကပေါ်လာတဲ့ အရောင်ရဲ့နာမည်ကို စာရွက်ပေါ်မှာ ရေးချမှာပေါ့။

ဘာလုပ်မလဲ။ စာလုံးတွေ တစ်လုံးချင်းပေါ်လာဖို့ ခဲတံကို သေသေချာချာကိုင်မယ်။

လက်ကောက်ဝတ်နဲ့ လက်ချောင်းတွေ ဟန်ချက်ညီညီ အချိုးကျကျ လှုပ်ရှားမယ်။ လှုပ်ရှားမှုတိုင်းကို မျက်လုံးက တောက်လျှောက် စောင့်ကြည့်စစ်ဆေးပေးမယ်။ စာရွက်ကိုလည်း လိုချင်တဲ့အနေအထားရအောင် ဖိထားပေးမယ်။ သင် ဘာအရောင်ပဲ ချရေးရေး စိတ်နဲ့ရုပ်က ဒီအတိုင်း လှုပ်ရှားပုံဖော်သွားတာပါပဲ။ ရေးခါနီးမှာ စဉ်းစားမယ်၊ ရေးနေတုန်း စာတစ်လုံးချင်းရဲ့ ပုံသဏ္ဍာန်အပေါ်မှာ အာရုံစိုက်ထားမယ်။ ဟုတ်ရဲ့လား။

**အရေးသင်ဖို့**


စာရေးခြင်းဟာ နေ့တိုင်းနီးပါးလုပ်နေရပေမဲ့ အသေးစိတ်နားလည်ရခက်တဲ့ အလေ့အကျင့်တစ်ခု ဖြစ်နေတာတွေ့ရမယ်။ စိတ်ကူးနဲ့အတွေးစွမ်းအင်ရဲ့ မြင့်မားတဲ့အရှိန်တစ်ခု ပါဝင်နေတယ်။ ဒါကြောင့် နှစ်နဲ့ချီပြီး

www.burmeseclassic.com



လေ့ကျင့်ရမယ်ဆိုတာ ပြောစရာမလိုပါဘူး။ ရသလောက် အချိန်ယူ တည်ဆောက်ထားရမယ့်ကိစ္စဆိုတာ မလွဲပါဘူး။ အလေ့အထ သဘာဝတစ်ခု ဖြစ်လာတဲ့အထိ စူးစူးစိုက်စိုက် လေ့ကျင့်ထားသင့်တဲ့ အရေးကြီး သင်ခန်းစာတစ်ခုပါပဲ။ မိဘအရွယ်ရောက်မှ ကိုယ့်ကိုယ်ကို ပြန်အံ့သြရမယ့်စွမ်းရည်တစ်ခုလည်း ဖြစ်ပါတယ်။ ကိုယ့်လိုပဲ ကလေးကိုလည်း တည်ဆောက် ပေးလိုက်ပါဦး။

ရင်ခွင်ပိုက်ကအစ ကလေးတိုင်း ကလေးတိုင်း စာရေးခြင်းကို စိတ်ဝင်စားမှုပြင်းထန်တာ တွေ့ကြရမှာပဲ။ ဘောပင်ကို ကိုင်ထားတယ်၊ စာရွက်ပေါ်မှာ ရေးခြစ်လိုက်တယ်။ သင်္ကေတတချို့နဲ့ ခြစ်ရာတွေ ထင်သွားတယ်။ ရုပ်ပုံလည်း မဟုတ်ဘူး၊ ဒါပေမဲ့ လူကြီးတွေ တစ်ယောက်နဲ့တစ်ယောက် ဒီခြစ်ရာနဲ့ သင်္ကေတတွေအကြောင်း ပြောဆိုသိရှိနေတာကို ကလေးတွေ သိပ်ကို စိတ်ဝင်စားကြတယ်။ သိချင်တတ်ချင်ကြပါတယ်။ 'စာရေးခြင်း'ဟာ ကလေးတွေအတွက် ရတနာတစ်ခုကို ရှာဖွေနေတာပါပဲ။ စာလုံးတွေမှာ အဓိပ္ပာယ်တွေရှိတယ်ဆိုတာကို မိဘက စာဖတ်ပြတာ၊ စာရေးနေတာတွေ တွေ့မြင်နိုင်တဲ့ အရွယ်ကတည်းက သိနေကြပါပြီ။





ပထမအဆင့်ကတော့ ရေးပြီးသားစာလုံးတွေကို ဆက်စပ်တာပါပဲ။ တွားသွားအရွယ်၊ ငုတ်တုတ်အရွယ်နဲ့ မတ်တတ်စမ်းစအရွယ်တွေအားလုံးရဲ့ အကြိုက်ဆုံး လှုပ်ရှားမှုပါပဲ။ ကလေးတွေဟာ သူတို့သင်္ကေတနဲ့ သူတို့ စာလုံးတွေကို မှတ်သားပြီး ချိတ်ဆက်တွဲဖက်ဖို့ ကြိုးစားနေတာပါ။ စာလုံးပုံစံတစ်ခု တည်ဆောက်မယ်၊ ပြန်ဖျက်မယ်၊ ပြန်တည်ဆောက်မယ်၊ နောက်ပုံစံတစ်မျိုး တည်ဆောက်မယ်။ ဒါ ဒီအရွယ်ရဲ့ 'အရေးအသား' ပဲပေါ့။ ရေးစရာ ကိရိယာကို ကိုင်တွယ်နိုင်လာတဲ့အချိန်မှာ စာရွက်ပေါ်ရေးချကြတာပါပဲ။ စာရွက်ကို လက်နဲ့ဖိထားပြီး စာရေးကိရိယာကို တည့်တည့် ကိုင်မယ်၊ ဖိပြီးခြစ်ဆွဲမယ်၊ ဆွဲနေတဲ့အချိန်မှာ အာရုံနဲ့အားစိုက်ပြီး လက်နဲ့ စာရေးကိရိယာကို ထိန်းချုပ်ထားမယ်၊ ပုံစံတစ်ခုရေးလို့ အောင်မြင်သွားရင် သူတို့ မရပ်တော့ဘူး။ တစ်ခုပြီးတစ်ခု ဆက်ပြီး ရေးဆွဲဖိခြစ်နေကြတော့မှာပါပဲ။ တူညီတဲ့ လှုပ်ရှားမှုတွေကို တစ်ခုပြီးတစ်ခု အောင်အောင်မြင်မြင် လှုပ်ရှားနေတာပဲပေါ့။

သုံးနှစ်လေးနှစ်အရွယ်ရောက်ရင် 'အရေးအသား' ဘောင်ဝင်တဲ့ လေ့ကျင့်မှုတွေ လုပ်လာပြီပေါ့။ စာလုံးတွေလည်း မှတ်မိလာပြီ။ အနည်းဆုံး ကိုယ့်နာမည်ကိုယ် ရေးတတ်ဖို့ ကြိုးစားလာကြပြီ။ ဝလုံး မရေးတတ်ခင်မှာ ကိုပဲ နာမည်ကတော့ ရေးတတ်လာကြပါတယ်။ ဒါဟာ ကလေးက စာလုံးတွေပေါင်း စပ်ပြီး စကားလုံးတစ်ခုဖြစ်လာအောင် သူ့ဟာသူ ကိုယ်ပိုင်သင်ယူ လေ့ကျင့်နေတာပါပဲ။

စာလုံး နှစ်လုံးတွဲ သုံးလုံးတွဲကနေ စာလုံးတွေနဲ့ အသံထွက်နဲ့ ပေါင်းစပ်ပုံစနစ်အထားကို ကျက်မိလာတဲ့ ကလေးဟာ စာလုံးတွေ တွဲလိုက်လို့ စကားလုံးနဲ့ စာစုတွေဖြစ်ပေါ် လာတယ်ဆိုတာ သဘောပေါက်သွားကြပါတယ်။ မူကြိုတက်ကာစ အရွယ်မှာကိုပဲ တချို့ကလေးတွေဟာ ပုံတွေဆွဲခြစ်ထားပြီး ပုံပေါ်ကနေ စာတမ်းထိုးလာကြတာ တွေ့ဖူးကြမှာပါ။ ဒီအရွယ် ကလေးတွေဟာ အင်္ဂလိပ်စာလုံးဆိုလည်း စာလုံးအကြီး(Cap) တွေချည်းပဲ ရေးပြီး စာလုံးတိုင်းကို ကပ်ပြီး ရေးတတ်ကြပါတယ်။ ပြီးတော့ အသံကောက် စာလုံးတွေလည်းထွင်ပြီး ရေးသားလာတတ်ပါတယ်။ ဥပမာ 'သသခတ' (သားသားခဲတံ) ဆိုတာမျိုးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



စာရေးခြင်းကို သင်ယူနေရင်း ကလေးတွေဟာ 'ပုံနှိပ်ခြင်းသဘောတရား' ကိုပါ နားလည်လာကြပါတယ်။ မူကြိုနဲ့ အိမ်ကို သွားလာရင်းကပဲ စကားလုံးနဲ့ စာစုတွေရဲ့ကြားမှာ ခြားရမှန်း၊ ပုဒ်မ၊ ပုဒ်ထီးတွေ သုံးရမှန်း တဖြည်းဖြည်း သိလာပါတယ်။ သူတို့ရဲ့လက်နဲ့ အတွေးစိတ်ကူးကို ထိန်းချုပ်နိုင်မှုမြင့်မားရင် မြင့်မားသလို စာလုံးနဲ့ လက်ရေးဟာ သေးငယ်လာပြီး သေးသွယ် တိကျလာကြပါတယ်။ နောက်ပြီး စာလုံး တစ်လုံးနဲ့ တစ်လုံးလည်း အချိုးညီမျှတပြီး လှပလာပါလိမ့်မယ်။

## လက်ရေးလက်သား အရေးကြီးသလား

နေရာတကာ ကွန်ပျူတာလို့ မရနိုင်သေးတာ သိကြပါလိမ့်မယ်။ လူတစ်ယောက်နဲ့တစ်ယောက် စကားပြောဆက်သွယ်လို့ရနေတာပဲ။ စာကဘာဖြစ်လို့ ပေါ်ပေါက်လာတာလဲ။ လက်နဲ့ စာရေးခြင်းဟာ ကွန်ပျူတာခလုတ်လုံရဲ့ဘေးမှာ အမြဲရှိနေဦးမှာပါပဲ။ ဒါကြောင့် ကလေးကို လက်နဲ့ရေးတဲ့ စာရေးခြင်းအတတ်ပညာ မလွဲမသွေ သင်ပေးကြရမှာပါ။ လက်နဲ့ စာရေးသားခြင်းဟာ စာလုံးတွေ ပေါင်းစပ်တွဲဖက်နေတာတစ်ခုတည်း မဟုတ်ပါဘူး။ စာဖတ်ခြင်းနဲ့ ဆက်သွယ်ရေးကို သင်ကြားနေတဲ့ သော့ချက်တစ်ခုပါပဲ။ ဒါကြောင့် စာရေးခြင်းစွမ်းရည် ဖွံ့ဖြိုးမှုဟာ စာဖတ်ခြင်းနဲ့ (လှည့်ပတ် တွေးခေါ်ဆန်းစစ်တဲ့) စိတ်ကူးဉာဏ် ရင့်သန်တိုးတက်ဖို့အတွက် ဖြည့်အားတစ်ခု ဖြစ်တယ်လို့ ကျွမ်းကျင်သူတွေက ယုံကြည်ကြပါတယ်။ စာဖတ်ခြင်းအတွက် ကလေးတွေရဲ့နားလည်မှုဟာ စာလုံးတွေမှာ အသံရှိတယ်၊ ပေါင်းစပ်လိုက်ရင် အသံထွက်တစ်ခုနဲ့ အဓိပ္ပာယ်တစ်ခုရမယ်ဆိုတာတွေကို နားလည်သဘောပေါက်ကြပါတယ်။ ဒီနားလည်မှုဟာ စာရေးခြင်းနဲ့ ဖတ်ရှုခြင်းအတွက် အရေးပါလှတဲ့ အစိတ်အပိုင်း သဘာဝတစ်ခုပါပဲ။

မူကြိုအရွယ်ကလေးတစ်ယောက်ဟာ သူမြင်သမျှ စာလုံးတွေ တူအောင် ရေးဆွဲလာနိုင်တယ်ဆိုရင် ကြားတဲ့အသံနဲ့ မြင်တဲ့စာလုံးတွေရဲ့ ဆက်စပ်မှုကို နားလည်လာပြီဆိုတာ ပြသနေတာပါ။ စာလုံးပေါင်းတတ်လာတာနဲ့ ကြားတဲ့အသံကို လိုက်ရေးဖို့ ကြိုးစားလာတော့တာပါပဲ။ ဒါကလည်း စာဖတ်ကျွမ်းကျင်ဖို့အတွက် အထောက်အကူပြုနေပါတယ်။ မူလတန်း



အရွယ် ကလေးတစ်ယောက်က ပုံပြင်ဇာတ်လမ်းတွေ ဖန်တီးတတ်လာတာကလည်း ဘာသာစကားကျွမ်းကျင်မှုအပေါ် လက်တွေ့ကွင်းဆင်းနေတာပါပဲ။

ကွန်ပျူတာခလုတ်တွေ အသုံးပြုနိုင်လာတဲ့ အချိန်ကျတော့ ဆက်သွယ်ရေးစွမ်းရည်နဲ့ အားစိုက်ပြုမှုခြင်းတွေ ပေါင်းစပ်သွားပြီး လက်ရေးလက်သားဟာ တိုက်ရိုက်အကျိုးပြုလာတာကို တွေ့ကြရမှာပါ။ ဒီအဆင့်ဟာ အတွေးကို စကားလုံးတွေအဖြစ် ဖန်တီးပုံဖော်လာနိုင်တဲ့ စာရေးသူတစ်ယောက်အဖြစ် အောင်အောင်မြင်မြင် ရောက်ရှိသွားတာပါ။

နောက်တစ်ချက်ကတော့ မူကြိုကစပြီး စာရေးလေ့ကျင့်ခန်းတွေ ရှိနေတဲ့အတွက် စာသင်ကျောင်းဟာ သူတို့အတွက် အခက်အခဲတစ်ခု မဟုတ်တော့တာပါပဲ။

> ကိုယ့်လက်ရေးလက်သားအပေါ် ယုံကြည်မှုရှိတဲ့ကလေးကို ကျောင်းသွားဖို့ အထူးတိုက်တွန်းဖိအားပေး ခြိမ်းခြောက်နေစရာ မလိုတော့ပါဘူး။ ကိုယ့်လက်နဲ့ရေးရတဲ့ အရေးအသားမှာ ပြဿနာရှိနေတဲ့ ကလေးငယ်တစ်ယောက်ဟာ စာရေးခြင်း မလွဲမသွေလုပ်ရမယ့် ကျောင်းဆိုတဲ့နေရာကို ဦးတည်ချင်စိတ် ဘယ်ရှိနိုင်မှာလဲ။

## အရေးအသားအတွက် တိုက်တွန်းခြင်း

အကောင်းဆုံးနဲ့ အရေးအကြီးဆုံးကတော့ စာပေစွမ်းရည် ကြိုတင်ဖွံ့ဖြိုးနေရေးအတွက် ကလေးကို လေ့ကျင့်ချိန်နဲ့ လေ့ကျင့်ဖို့ အခွင့်အရေးပေးထားပါ။ စာလုံးတွေဆက်ပြီး ကစားနိုင်တာနဲ့ (တချို့ကလေးတွေက တစ်နှစ်အရွယ်က စ ပါတယ်)ရောင်စုံခဲတံနဲ့ စာရွက်ကြီးကြီးတွေကို ကလေးလေ့ကျင့်ဖို့ အပိုင်ပေးထားလိုက်ပါ။

ကလေး အရွယ်ရောက်လာတာနဲ့ ကလေးအတွက် ပုံဆွဲလေ့ကျင့်တဲ့နေရာလေးဖန်တီးပေးထားပါ။ ရေးစရာ စာရေးကိရိယာ တတ်နိုင်သလောက် မျိုးစုံပေးထားသင့်ပါတယ်။ ရောင်စုံဆေးဘူးနဲ့ စုတ်တံအကြီးအသေး၊ ဘောပင်၊ ခဲတံ၊ ဆော့ပင်၊ ရောင်စုံဖယောင်းခဲတံ၊ စာရွက်အရွယ်

www.burmeseclassic.com

www.burmeseclassic.com



အစား အမျိုးမျိုးပေါ့။ သူ့အခန်းနဲ့ သူ့နေရာလေးကိုလည်း စိတ်ကြိုက် ပုံဆွဲ အရောင်ခြယ်ပြီး လေ့ကျင့်ပါစေ။ ရောင်စုံမြေဖြူပါ ဝယ်ပေးထားရင် ပိုကောင်းပါတယ်။ သတိပေးစာတန်းတွေပါ ရေးခိုင်းပါ။ ဒါဟာ အရေးအသား လုပ်မယ့် လက်ကို လေ့ကျင့်ပေးနေတာပါ။ ဖွံ့ဖြိုးရမယ့် အင်္ဂါရပ်တွေကတော့ ကလေးရဲ့ကြွက်သားတွေ၊ တာရှည်လုပ်ဆောင်နိုင်မှုစွမ်းရည် (စိတ်ရှည်သည်းခံခြင်း)၊ အတိုင်းအတာများအပေါ် မှန်းဆနိူင်းယှဉ်ချိန်ဆလာနိုင်ခြင်းတွေ ဖြစ်ပါတယ်။ စာလုံးတွေကို ပုံဖော်ဖို့ အရေးကြီးတဲ့အစိတ်အပိုင်းတွေပါ။

ကလေး ကျောင်းနေပြီဆိုရင်လည်း အိမ်မှာ ဆက် လေ့ကျင့်နေပါစေ။ မိသားစုနဲ့ သူငယ်ချင်းတွေအတွက် ကျေးဇူးတင်လွှာကစပြီး ပေးစာအမျိုးမျိုး၊ လက်ခံရရှိခြင်း၊ စာရင်း စတာတွေကို ရေးခိုင်းပါ။ မှတ်စုစာအုပ် ခပ်ကြီးကြီး တစ်အုပ်ဝယ်ပေးပြီး ကလေးရဲ့ ကိုယ်ပိုင်ဂျာနယ်အဖြစ် သတ်မှတ်ပေးပါ။ စာတွေ ရေးမှတ်ရင်းလိုက်ဖက်မယ့်ရုပ်ပုံတွေပါ ဖြတ်၊ ညှပ်၊ ကပ်လုပ်ဖို့ လမ်းပြတိုက်တွန်းပေးပါ။ လက်ကောက်ဝတ် သန်မာစေဖို့ ရေကူးသင်တန်းနဲ့ ကျွမ်းဘား သင်တန်းတွေကိုလည်း ပို့ပေးပါဦး။

ကလေးအတွက် အရေးအသားက ခက်ခဲပြီး ညံ့နေသေးရင် ဒါလေးတွေ ကြိုးစားဖြည့်ပေးပါ။

* ကလေးတိုင်းအတွက် ခက်ခဲနေတာကတော့ စာရေး မြန်ချင်ကြတာပါပဲ။ ဒီနေရာမှာ မြန်ဖို့ထက် စာရေးနိုင်တာက အဓိကဖြစ်ပြီး ဖြည်းဖြည်းမှန်မှန်နဲ့ အေးအေးဆေးဆေးရေးဖို့ မိဘက သင်ပြ ပြောပြပေးပါ။ နောက်တော့ မြန်လာမှာပဲပေါ့။
* လူတိုင်းမှားနိုင်တယ်။ ဒါကြောင့် ခဲတံမှာ ခဲဖျက်ဆိုတာ ထည့်ပေးထားတယ်။ ခဲဖျက်ကို ဘယ်လိုသုံးရမလဲဆို ပြပေးပါ။ မှားလို့ မဆူပါနဲ့။ ခဏ ခဏ မှားလည်း ခဏ ခဏ ပြန်ပြင်ပေးလိုက်ပါ။
* ကျောင်းက ဆရာ ဆရာမက ပေးထားတဲ့အကြံဉာဏ်ကိုယူပါ။ ရေးစရာ ကိရိယာကို ကိုင်ဖို့အတွက်က လက်မ လက်ညှိုးနဲ့ လက်ခလယ်ကိုပဲ သုံးရမှာပါ။ ဒါ ကမ္ဘာသုံးပါပဲ။ နိုင်ငံခြားမှာတော့ ပလတ်စတစ်နဲ့ လုပ်ထားတဲ့ လက်ကိုင်တစ်မျိုးရှိပါတယ်။ မဝယ်နိုင်လည်း ကိစ္စမရှိပါဘူး။ မိဘတွေကိုယ်တိုင်လည်း ဒီလိုပဲ စခဲ့ရတာပဲမဟုတ်လား။



* ရေးစရာစာလုံးတွေ အများကြီးပြပေးပါ။ ကျောင်းစာ မဟုတ်တဲ့ စာလုံးတွေကို ဆိုလိုပါတယ်။ ဥပမာ အိမ်သာမှာကပ်ဖို့ စာရေးပေးပါဦး၊ ပန်းကန်ဆေးတဲ့ စင်မှာကပ်ဖို့ စာရေးပါဦး စသဖြင့် ဆိုင်းဘုတ်တွေ၊ သတိပေးစာတန်းတွေ နမူနာပြပြီး ရေးခိုင်းရမှာ ဖြစ်ပါတယ်။

ကလေးတိုင်းအတွက် အရေးကြီးပါတယ်။ စာရေးခြင်းအတွက် ပြဿနာမရှိတဲ့ကလေးတွေလည်း လေ့ကျင့်မှု များများပေးရမှာပါပဲ။ လေ့လာသူတွေကတော့ မိသားစုထဲက ညီအစ်ကိုမောင်နှမတွေအားလုံးဟာ လက်နဲ့ စာရေးခြင်းကိုပဲ စတင်လေ့ကျင့်ပြီး ကျွမ်းကျင်တဲ့အထိ အားစိုက်သင့်ကြောင်း ပြောပါတယ်။ ကွန်ပျူတာခလုတ်ခုံနဲ့ ထိတွေ့ဖို့ကိစ္စကတော့ အနည်းဆုံး ငါးတန်း၊ ခြောက်တန်းလောက်ရောက်မှ စတင်တာက ပိုပြီး အဆင်ပြေပါတယ်တဲ့။

## အရေးအသားပြဿနာအတွက် လက္ခဏာများ

လူကြီးတွေလိုပါပဲ။ ကလေးတွေမှာလည်း မတူညီတဲ့ ပုံစံရှိပါတယ်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း ကွဲပြားဆန့်ကျင်တဲ့ လက်ရေးတွေ အများကြီး ရှိတယ်မဟုတ်လား။ တချို့ကလေးတွေက စာကြောင်း ဘယ်လိုသွားတယ်ဆိုတာ ပြဿနာရှိနိုင်တယ်။ စာကြောင်း မဖြောင့်တာပေါ့။ တချို့ကျတော့ လက်ရေးလှပသေသပ်ဖို့ အပြင်းအထန် ကြိုးစားနေကြရတယ်။

တစ်ခါတလေ အရေးအသားပြဿနာတွေဟာ တခြား ချို့ယွင်းချက်တွေဖြစ်တဲ့ ပုံမှန်ဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ သင်ယူမှုစွမ်းရည် နိမ့်ကျခြင်းတွေရဲ့ လက္ခဏာရပ်တွေဖြစ်နေတတ်တယ်။ ခန္ဓာကိုယ်ထဲက စနစ်တွေ ပြောင်းလဲချို့ယွင်းနေလို့လည်း ဖြစ်တတ်ပါတယ်။

ကလေးရဲ့အရေးအသားစွမ်းရည်ကို သက်ရောက်မှုရှိစေတဲ့ အခြေအနေတွေကတော့ ...

* စာလုံးပေါင်း၊ သဒ္ဒါနဲ့ စာရေးသင်္ကေတကို မမှတ်မိနိုင်တဲ့ မှတ်ဉာဏ်ချို့ယွင်းမှု
* ဘာသာစကားပြဿနာ – အသံထွက်၊ စာလုံးပေါင်းနဲ့ စာကြောင်း

www.burmeseclassic.com


www.burmeseclassic.com



တည်ဆောက်ပုံတွေ ခက်ခဲနေမှု (ဘာသာစကားကိုက ခက်ခဲရှုပ်ထွေးခြင်း)

* အမြင်အာရုံ ချို့ယွင်းမှုပြဿနာ – စာလုံးအစိပ်အကျဲကို ဂရုမစိုက်နိုင်ဘဲ စာလုံးပေါင်းစွမ်းရည် စွမ်းအားအလွန်နည်းနေမှု
* အာရုံကြောချို့ယွင်းမှုပြဿနာ – စာဖတ်စွမ်းရည်နိမ့်ကျပြီး စာလုံးများလုံးဝမမှတ်နိုင်ဘဲ ဉာဏ်ရည်ဖွံ့ဖြိုးခြင်း အားနည်းမှု
* လှုပ်ရှားမှုတိုင်းအပေါ် အာရုံမစိုက်နိုင်သော ရောဂါရှိနေမှု

အသက်အရွယ်ကြောင့် ဖြစ်တာမဟုတ်ဘူးလို့ ယူဆရင်တော့ ဆရာဝန်နဲ့ အမြန်ဆုံး တိုင်ပင်သင့်ပါတယ်။ စာရေးစာဖတ်စွမ်းရည်ဟာ ကျောင်းနေရွယ်ကို ကျော်လွန်ပြီး ဘဝတစ်ခုလုံးအတွက် အရေးပါတဲ့စွမ်းရည်ပါ။ တစ်ဘဝလုံး ဖတ်ရ ရေးရဦးမှာ ဖြစ်တဲ့အတွက် ဖတ်ဖို့ ရေးဖို့ ညွှန်ပြ သင်ပေးတိုက်တွန်းရင်း ရေးကြ ဖတ်ကြရဦးမှာပေါ့။



# အရေးအသားကြိုက်သူကို ဘယ်လိုထပ်မံတည်ဆောက်ကြမလဲ

အရေးအသားဟာ ကလေးတွေရဲ့ သဘာဝစရိုက်တစ်ခုဖြစ်ပါတယ်။ အရာရာကို သင်္ကေတလေးတွေနဲ့ ကိုယ့်ဟာကိုယ် မှတ်သားပုံဖော်ရတာကို သူတို့ သိပ်ကြိုက်တယ်။

ဒီမှာ အချက်အလက် ၇ ခုပေးထားပါတယ်။ ဒီအချက်အလက်တွေဟာ အရေးအသားကြိုက်တဲ့ကလေးတွေကို အရေးအသားလမ်းကြောင်းပေါ်က ချော်ထွက်မသွားရအောင် အထောက်အကူပြုပါလိမ့်မယ်။

**ဖိအား မပေးပါနဲ့**

စာရေးတတ်ဖို့အတွက်ဆိုရင် ကလေးကို စာရွက်ပေါ် မင်တံတင်ဖို့၊ လေကားလက်ရမ်းပေါ် မြေဖြူနဲ့ခြစ်ဖို့၊ ဓာတ်ပုံနဲ့ ပန်းချီကားဘောင်တွေပေါ် ဆေးခြယ်ဖို့၊ ပြီးတော့ နံရံမှာကပ်ထားတဲ့ မင်းသမီးပုံကို နှုတ်ခမ်းမွေးတပ်ပေးဖို့ စသဖြင့် အခွင့်အရေးလေးတွေ ပေးရမှာပါ။ ပျော်စရာကောင်းနေဖို့တော့ လိုအပ်ပါတယ်။ သူငယ်တန်းအရွယ်ကလေးဟာ သူ့ရဲ့အတွေး စိတ်ကူး၊ ခံစားချက်နဲ့ ဆက်သွယ်ဖို့ စာလုံးတွေကို ဘယ်လိုသုံးရမယ်ဆိုတာ နားလည်ဖို့ အစပြုနေတာပါ။ လုပ်ဆောင်နိုင်မှုစွမ်းရည်က စာလုံးတွေ ပုံဖော်ဖို့အတွက် ရင့်သန်နေဖို့လိုတယ်။ ဒီအခြေအနေမှာ ကလေးကို ဖိအားပေးဖို့ပဲရှိတယ်။ ဖိလို့မရပါဘူး။ ကလေးရဲ့စိတ်ထဲမှာ အရေးအသားဆိုတာ သူ့မှာ ရကိုရနေရမယ့် ဆုလာဘ်တစ်ခုအနေနဲ့ မြင်လာပါစေ။

www.burmeseclassic.com

www.burmeseclassic.com



## ရေးစရာများနှင့် ရင်းနှီးပါစေ

ရေးစရာပစ္စည်းပေါင်းစုံနဲ့ ကြုံးစားခွင့်ရပါစေ။ အရောင်ခြယ် ဖယောင်းတောင့်၊ မြေဖြူ၊ ဘောပင်၊ ခဲတံ၊ ဆေးရောင်စုံတံတွေ အားလုံးပါပဲ။ စိတ်ထဲမှာ သိထားရမှာက ကလေးဟာ ဖယောင်းတောင့်၊ ဖောင်တိန်လို ခပ်ဝဝ၊ လက်ဝါးနဲ့ အပြည့်ဆုပ်ကိုင်ရတဲ့ပစ္စည်းတွေထက် ခဲတံလို ဘောပင်လို ခပ်သေးသေးပစ္စည်းတွေဆီ အလွယ်တကူ ပြောင်းလဲ ကိုင်ဆောင်သွားမယ်ဆိုတာပါပဲ။ ဂျုံနဲ့ ရွှံ့တွေကလည်း ရေးစရာ ကိရိယာတွေပါပဲ။ ရေနဲ့သမပြီး စာလုံးပုံတွေ ဖော်လို့ရတယ်။ (ဒါဟာ ကလေးရဲ့ လုပ်ဆောင်နိုင်မှု စွမ်းရည် အားကောင်းလာစေတဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်)

ကလေး အလွယ်တကူ ယူလို့ ထုတ်လို့ရမယ့် အံဆွဲတစ်ခုထဲမှာ ဒီပစ္စည်းတွေအားလုံး အဆင်သင့် ထည့်ပေးထားသင့်ပါတယ်။

## မျက်နှာပြင်များနှင့် အထိအတွေ့

အခုမှ စမယ့် ကလေးတို့အတွက် စာရွက်ဖြူဖြူဖြစ်ရမယ်။ China woodfree က ဈေးချိုပါတယ်။ A4 ဆိုဒ်ထက် မငယ်ပါစေနဲ့။ စာမျက်နှာကျယ်ကျယ်ထဲမှာ သူတို့ လက်ရာတွေ လွတ်လွတ်လပ်လပ် ကူးခတ်မြုပ်ဝင်နေတာမျိုး ကလေးတွေ သိပ်သဘောကျတယ်။ ပြီးတော့ စာရွက်အစား မြေဖြူသင်ပုန်း၊ အိမ်နံရံနဲ့ White board အငယ်စားတွေကို သုံးနိုင်တယ်ဆိုတာလည်း မမေ့ပါနဲ့။ ရှုပ်ပွပေရေကုန်မှာစိုးရင် သီးသန့်နေရာလေးတစ်ခု ကလေးနဲ့ အရွယ်တော် စားပွဲလေးတစ်လုံးအပါအဝင် ဖန်တီးပေးလိုက်ရင် ဒီပုဂ္ဂိုလ်လေးအတွက် ပိုပြီး အဆင်ပြေတာပေါ့။ နောက်ပြီး (အလွယ်တကူ) ရေနဲ့သုတ်ရုံနဲ့ ပြောင်စင်သွားနိုင်တဲ့ Soft Pen၊ ဖျက်လို့ရတဲ့ဘောပင်တွေလည်း ဝယ်ထားနိုင်ရင် သန့်ရှင်းရေးပြန်လုပ်ဖို့ လွယ်ပါတယ်။

## အရေးအသားလေ့ထုံဖို့ မော်ဒယ်

မိဘတွေအနေနဲ့ စာရေးတာကို ကလေးရှေ့မှာ နေ့တိုင်းလုပ်သင့်ပါတယ်။ တစ်နေ့တာလုပ်ငန်းစဉ်၊ ဈေးဝယ်စာရင်း၊ e-mail စာကြမ်းနဲ့ မိတ်ဆွေတွေဆီ ပို့မယ့်စာအပြင် ဒိုင်ယာရီရေးတာကအစပေါ့။ ဒီနေရာမှာ





ကလေးငယ်တွေဟာ တိုက်ရိုက်ပုံတူကူးချတာကို တတ်ပြီးသားပါ။ မိဘက အရေးအသားခုံမင်သူဆိုရင် အဲဒီဓလေ့က ကလေးဆီကို မလွဲမသွေ ကူးစက်လွှမ်းမိုးသွားမှာပါ။

## Computer သုံးနိုင်ခြင်း

Computer မှာ စာရိုက်တဲ့အလုပ်သဘောရှိတဲ့ သူတွေအနေနဲ့ ကလေးရဲ့ အရွယ်ပေါ်မှာမူတည်ပြီး လုပ်နိုင်ရင် လုပ်နိုင်သလောက် ဖေးဖေးမမနဲ့ စာသားတွေကို လေ့လာအကဲခတ်ရင်း ဖတ်ခိုင်းလို့ရပါတယ်။ စာသားတွေအပေါ် အမြင်နဲ့ စာလုံးပေါင်းတွေ လိုက်ပြီး ရွတ်ဖတ်နေရင်ပို ကောင်းပါတယ်။ စာလုံးပေါင်း မမှန်နိုင်လောက်အောင် ငယ်လွန်းနေသေးတယ်ဆိုရင်တောင် Keyboard က ခလုတ်တွေကို ပေးကိုင်လို့ရပါတယ်။ Keyboard နဲ့ စာမရိုက်နိုင်မချင်း စာရွက်ပေါ်မှာ စာရေးကျင့်နေပါလိမ့်မယ်။ ကလေးဟာ အတွေးနဲ့ စိတ်ကူးစိတ်သန်းကို ပုံဖော်ဖို့ စာလုံးအက္ခရာကနေ စကားလုံး စကားစု၊ အဲဒီကနေမှ စာကြောင်းတွေကို တည်ဆောက်ပုံ တည်ဆောက်နည်းတွေကို သင်ယူနေတာပါ။

## ကလေးအပေါ် စေတနာ၊ ကရုဏာ ထားပါ

တကယ်တော့ ကလေးအပေါ် စေတနာ ကရုဏာ မထားတဲ့ မိဘ မရှိပါဘူး။ တကယ်လိုနေတာကတော့ နားလည်ပေးဖို့နဲ့ စိတ်ရှည်ဖို့ပါ။ နား

www.burmeseclassic.com

www.burmeseclassic.com



လည်ပေးလိုက်ပါ။ ကလေး ကြိုးစားနေပြီ၊ ကြိုးစားချင်စိတ်ကို တိုး လာအောင် ပံ့ပိုးရမယ်ဆိုတာတွေ။ စိတ်ရှည်ပေးလိုက်ပါ။ မှားပါစေ၊ လွဲပါစေ၊ နေးပါစေ၊ ထင်ရာလုပ်ပါစေ ... ဒါ ကလေးရဲ့အခွင့်အရေးပါ။

တစ်နည်းအားဖြင့် သူ သင်ယူပြီးသမျှကို ပြန်ပြီး အသုံးချကြည့်နေတာပါ။ ခဏလေး စိတ်ရှည်ပေးလိုက်ပါဦး။ ပြီးတော့မှ မှန်လာအောင် သိမ်သိမ်မွေ့မွေ့ သင်ပြ ပြောပြကြတာပေါ့။ ဒီလိုလုပ်တတ်တဲ့သူကို 'ဆရာ' လို့ ခေါ်တာပါပဲ။

ကလေး စာရေးနေတာ ဒါမှမဟုတ် ပုံဆွဲနေတာမြင်ရင် စိတ်ဝင်တစား ကြည့်ရှုပေးပါ။ ဘယ်လောက်နေးနေး၊ ဘယ်လောက်ဝါးတားတားဖြစ်နေနေ အသေးစိတ် စိတ်ရှည်လက်ရှည်လေး အားပေးကြည့်ရှုပါ။ 'သားသားက စာရေးဆရာကြီးပဲ'လို့ ပြောလိုက်တာထက် 'သားသားက ကိုယ့်နာမည် ကိုယ်ရေးနိုင်ဖို့ တကယ်ကျင့်နေပြီကိုး" လို့ ပြောတာက ပိုပြီး အဓိပ္ပာယ်ရှိတယ်ဆိုတာကိုတော့ သတိပြုပါ။ ပြီးတော့ အရေးအသားလုပ်တိုင်း မိဘက ဝမ်းပန်းတသာနဲ့ လိုက်လိုက်လှဲလှဲ ဖက်လှဲတကင်းပြုတာလေးကို ကလေးက မှတ်မှတ်သားသား ဖြစ်နေရင် သိပ်ကောင်းပါတယ်။ ဒီတော့ ဒီလိုမျိုးလေး ပြောကြည့်ပေးပါ။ "မီးမီးက စာရေးဖို့အချိန်ကို တကယ်တန်ဖိုးထားတာကိုး" ဒါမှမဟုတ် "ဒီစာလုံးကို သားက တော်တော်ဂရုစိုက်ပြီး ရေးတာမဟုတ်လား"

**ကစားနည်းသုံးပြီး အရေးအသား တိုးတက်ဖို့**

Typing Game၊ စာလုံးပါတဲ့ အစိတ်အပိုင်းများနဲ့ အိမ်ဆောက်ခြင်း၊ ရိုးရာကဗျာရွတ် လိုက်တမ်းပြေးတမ်း ကစားခြင်း(အရူးမကြီး မစားဥ) စသဖြင့်ပေါ့။ ကစားနည်းတွေဟာလည်း လမ်းကြောင်းတစ်ခုပါပဲ။

**အရေးအသားတိုးတက်ဖို့ မွေ့လျော်ဖွယ်လှုပ်ရှားမှုများ**

မူကြိုအရွယ်ကလေးအနေနဲ့ စနစ်တကျ လည်ပတ်လာမယ့် စွမ်းရည်တစ်ခုရဖို့ အစပြု ကြိုးစားနေချိန်လေးဟာ ဆော့ကစားနေသလို ဖြစ်နေမှာပါ။ အရေးအသားနဲ့ ပတ်သက်ရင်တော့ စာလုံးဆက်ကစားနည်းလိုပါပဲ။ အရေး



အသားစွမ်းရည်ဟာ အရွယ်အလိုက် ပုံပေါ်လာပါလိမ့်မယ်။ မိဘဖြစ်သူတွေအနေနဲ့ကတော့ အရေးအသားကိစ္စဟာ ပျော်စရာ၊ စိတ်လှုပ်ရှားစရာ၊ စိတ်ဝင်စားစရာဖြစ်နေအောင် ပြသရမှာဖြစ်ပါတယ်။

ကလေးကို စာရေးဖြစ်အောင် အားပေးဖို့ရာ နည်းလမ်းတချို့ ဖော်ပြပေးထားပါတယ်။ သင်ကြားမှုစနစ်တွေဆီကနေ သင်ယူမှုနည်းလမ်းတွေ ကလေးဆီမှာ အများကြီး ရှိနေတတ်ကြပါတယ်။ ဒါပေမဲ့ ကလေးတွေအတွက် အကျိုးကျေးဇူးများစေမယ့် အကြံပြုချက်တွေကို ကဏ္ဍသုံးခု ခွဲခြားထားတယ်။

**လက်တွေ့ သင်ယူတတ်သူအတွက်**

***  အတူတူရေးကြစို့**

ဘယ်လိုအကြောင်းကိစ္စအတွက်ပဲဖြစ်ဖြစ် စာနဲ့ရေးသားရတော့မယ်ဆိုရင် ကလေးကို ကိုယ့်အနားခေါ်ထားပြီး သူ့ကိုလည်း စာရွက်လွတ်တစ်ရွက် ပေးလိုက်ပေါ့။ ကိုယ်ရေးသလို ကလေးလည်း ရေးခွင့်ရပါစေ။ စာရေးသားခြင်းဟာ ဘဝမှာတတ်အပ်တဲ့ အတတ်ပညာတစ်ခုဆိုတာ ကလေး သဘောပေါက်လာပါလိမ့်မယ်။

***  သဲပြင်ပေါ်မှာ ရေးခြင်း**

သဲသောင်ပြင် ဒါမှမဟုတ် ပြေပြစ်သန့်ရှင်းတဲ့ မြေကြီးပေါ်မှာပေါ့ ...တုတ်နဲ့ဖြစ်ဖြစ်၊ လက်ချောင်းတွေနဲ့ပဲဖြစ်ဖြစ် ဆွဲခြစ်ပြီး စာရေးတာမျိုးတွေလည်း လုပ်ပြ သင်ပြပေးပါ။ စာရေးခြင်းကို ကစားနည်းတစ်ခုလို ဖန်တီးပေးနိုင်မယ်ဆိုရင် ကလေးက ပိုပြီး ကျေနပ်ပျော်ရွှင်သွားမှာပါ။ ဥပမာ – ဘော်ကြယ်မှုန်လေးတွေနဲ့ အလှဆင်ယင်ထားတဲ့ ကိတ်မုန့်မျက်နှာပြင်ပေါ်မှာ ခရင်မ်ညှစ်ချပြီး သူ့နာမည်ကို ရေးစေတာမျိုး၊ ဘီစကစ်အကျိုးအပဲ့လေးတွေနဲ့ ဂျုံမှုန့်ကိုသုံးပြီး လုပ်ရင်လည်း ရပါတယ်။ အလုပ်ပြီးတာနဲ့ အလုပ်တစ်ခုလုံးကို ဝါးစားပစ်လို့ရမယ်ဆိုရင် လူကြီးတွေလည်း နှစ်သက်ကြတာပဲ မဟုတ်လား။ ကလေးဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com




* ပုံပြစနစ်(သို့) လက်နဲ့ကိုင်လို့ရတဲ့ စာ

စာလုံးတစ်လုံးစီ ရေးထွင်းပုံနှိပ်ထားတဲ့ ကတ်ပြားလေးတွေ ဆောင်ထားရမယ်။ ပလတ်စတစ်လောင်းထားရင် ပိုကောင်းပါတယ်။ ကတ်ပြားတွေကို ခပ်သေးသေးကြိုးနဲ့ တွဲဆက်ထားပြီး စာလုံးတစ်လုံးချင်း ရွှတ်ပြရင်း ပဟေဠိ လုပ်လို့ရတယ်။ စက္ကူကတ်ပြားအပြင် အုတ်၊ ကြွေ စတဲ့ အခဲတွေနဲ့ လုပ်ထားတဲ့ ကတ်တွေဆို ပိုကောင်းပါတယ်။ စာလုံးတွေ မှတ်မိရုံတင်မဟုတ်ဘဲ လက်ချောင်းတွေပါ သန်မာလာမှာပါ။ စာရေးဖို့ဆိုတာ လက်ချောင်းလေးတွေမှာ လိုအပ်တဲ့ သန်မာမှုရှိနေရတာ မဟုတ်လား။

* ခရီးသွားမှတ်တမ်း

အသွားဆီသွားလည်တာအစ ဘယ်ကိုပဲ ခရီးထွက်ထွက် မှတ်တမ်းလေးတစ်ခု ပြုစုတဲ့အကျင့်လေး လုပ်ပေးထားပါ။ ဒီနေ့ ဘယ်ကိုသွားခဲ့သလဲ၊ ဘာတွေ တွေ့ခဲ့သလဲ၊ ဘာတွေလုပ်ခဲ့သလဲ၊ အစားအသောက်ကအစ မှတ်တမ်းပြုစုပါစေ။ ကလေးက သိပ်မမှတ်မိလို့ မရေးပြနိုင်ရင်လည်း မိဘက စိတ်ပျက်မသွားပါနဲ့၊ သူ့မှတ်ဉာဏ်နဲ့ မှတ်မိသလောက်ကလေးပဲပေါ့။ ... စာရေးဖို့အတွက် အလေ့အကျင့်တစ်ခု လုပ်ပေးနေတယ်ဆိုတာ သတိရပါ။ မိဘက လောဘမကြီးမိပါစေနဲ့။





အကြားအာရုံနှင့် သင်ယူလေ့ရှိသူအတွက်

* စာခေါ်ခြင်း

ကလေးပြောနေတဲ့ စကားတွေကို မိဘက စာရွက်ပေါ်မှာ လိုက်ရေးပါ။ ကလေးက သူ့မွေးနေ့ပွဲ အတွေ့အကြုံကို ပြောနေတာမျိုး၊ သီတင်းကျွတ်မှာ အဘိုးအဘွားကို ကန်တော့လို့ မုန့်ဖိုးရတဲ့အကြောင်း ပြောနေတာမျိုးတွေဆို အကောင်းဆုံးပေါ့။ ကလေးဟာ အရွယ်အရ သူကိုယ်တိုင် စာမရေးနိုင်သေးတာကလွဲရင် သူပြောလိုက်သမျှ မိဘက လိုက်ပြီး ရေးချနေတဲ့ စာတွေကို မြင်သွားမယ်။ ဒါဟာ သူ့ပါးစပ်က ပြောထုတ်လိုက်တဲ့ 'စကားလုံး'နဲ့ ရေးချလိုက်တဲ့ 'စာလုံး'တွေရဲ့ ဆက်သွယ်မှုကို နားလည်သဘောပေါက်လာဖို့ အလွန်ကောင်းမွန်တဲ့လမ်းစပါပဲ။ ကလေးအနေနဲ့ သူကိုယ်တိုင်ချရေးဖို့ကြိုးစားလာခဲ့ရင် မိဘက သူနဲ့ နေရာချင်းလဲယူလိုက်ရုံပဲပေါ့။

* ပုံပြစနစ်

မဂ္ဂဇင်း၊ ဂျာနယ်နဲ့ ပုံပြင်စာအုပ်တွေ အတူတူကြည့်ကြမယ်။ မြင်ရတဲ့ပုံတွေအတိုင်း စာအုပ်ထဲကလူတွေ ဘာတွေလုပ်နေကြသလဲ၊ ဘာတွေ စဉ်းစားနေကြသလဲလို့ ကလေးကို မေးခွန်းထုတ်ပြီး သူပြန်ပြောသမျှကို ခဲတံနဲ့ ဖြစ်ဖြစ် စာတန်းလေးတွေ ထိုးပေးလိုက်ပါ။ ဒါမှမဟုတ် လူနှစ်ယောက်စကားပြောနေတဲ့ပုံမှာ ကလေးစိတ်ထဲမှာ ထင်မြင်သမျှ စကားပြောတွေကို မေးပြီး သူပြောသလိုရေးချပြပါ။

* စာအုပ်တစ်အုပ် ဖန်တီးမယ်

ဒီနှစ်ထဲမှာ ကလေး ရေးထား ခြစ်ထားတဲ့ပုံတွေ ရှာပြီးစုလိုက်ပါ။ ကတ္တူစက္ကူပြားပေါ်မှာ အဲဒါတွေကို ကပ်ပြီး ပုံတစ်ပုံချင်းစီအတွက် ဘာအဓိပ္ပာယ်လဲဆိုတာကို ရှင်းပြပါစေ။ သူ့ကိုပဲမေးပါ။ အထူဆုံးကတ္တူပြားကို မျက်နှာဖုံး သုံးကြမယ်။ မျက်နှာဖုံးအဆင်အပြင် ပန်းချီဆရာ ဒီဇိုင်နာကတော့ ကလေးကိုယ်တိုင်ပဲပေါ့။ ပြီးရင် စာအုပ်ကို ဘယ်လို နာမည်ပေးမှာလဲ ဆိုတာကိုပါ ကလေးကို မေးလိုက်ပါ။ သူပြောတဲ့နာမည်လေး စာအုပ်အဖုံးမှာ ရေးပေးလိုက်ပါ။ ဒါမှမဟုတ် သူ့ဟာသူရေးပါစေ။ စာရွက်တွေကို အပေါက်

www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြီး ပိုးကြိုး ဒါမှမဟုတ် ဖဲကြိုးနဲ့တွဲပြီး ချုပ်လိုက်ပါ၊ (ကလေးနဲ့အတူ တူပေါ့) စာအုပ်စင်ပေါ်မှာ ကလေးရဲ့ တခြားစာအုပ်တွေနဲ့အတူ တကယ့် စာအုပ်တစ်အုပ်အဖြစ် သတ်မှတ်ပြီး ထားပေးလိုက်ပါ။

**အမြင်အာရုံနဲ့ သင်ယူလေ့ရှိသူများ**

***  ဓာတ်ပုံဂျာနယ်တစ်စောင် လုပ်ကြမယ်**

ကလေးနဲ့အတူ သူငယ်ချင်းတွေ၊ ဆွေမျိုးမောင်နှမ တွေပါတွဲပြီး လျှပ်တစ်ပြက် ရိုက်ချက်တွေ ကြိုလုပ်ထားရပ လိမ့်မယ်။ မွေးနေ့ပွဲ၊ ပျော်ပွဲရွှင်ပွဲ စသည်ဖြင့် လုပ်တိုင်းမှာ တစ်ယောက်တည်း၊ နှစ်ယောက်တွဲနဲ့ အုပ်စုဓာတ်ပုံတွေ အရယူထားသင့်ပါတယ်။ အချိန်နဲ့တစ်ပြေးညီ မှတ်တမ်းတစ်ခု ပြုစုပြီးသားဖြစ်သွားမှာပါ။ ဂျာနယ်ပုံစံစာရွက်တွေဆင်ပြီး ပုံတွေကပ်ပါ။ ကလေးကိုမေးဖို့ကတော့ ဓာတ်ပုံထဲက ဘယ်သူလဲ၊ ဒီပုံထဲက နေရာဟာ ဘယ်နေရာလဲပေါ့။ ပြီးရင် သူပြောသမျှကို ပုံစာထိုးပေးဖို့ ဖြစ်ပါတယ်။ ဒါ သိပ်ကောင်းတဲ့မှတ်တမ်းတစ်ခုပဲလို့ အရွယ်ရလာသမျှ သိသွားပါလိမ့်မယ်။ မိဘတွေကိုယ်တိုင်လည်း ဒါလေးကို လိုချင်မှာပါပဲ။

***  နေ့စဉ် မှတ်တမ်းရေးခြင်း**

ကလေးတွေဟာ သူတို့အကြောင်း ပြောပြရတာကို သိပ်ကြိုက်တယ်။ ဒိုင်ယာရီရေးတဲ့အကျင့်ဟာ ကိုယ့်အကြောင်းကိုယ် မှတ်တမ်းတင်တဲ့သဘောပဲ။ ကိုယ့်အကြောင်းကို ကိုယ်တိုင်ပြောတဲ့ ပုံစံဟာ ဒီလို မှတ်တမ်းရေးတဲ့ အလေ့ကို ဆိုလိုတာပါ။ မူကြိုအရွယ်မို့ အရေးအသား မလုပ်နိုင်သေးရင်တောင် စာလုံးသင်္ကေတသဘောမျိုး စာလုံးတစ်လုံး နှစ်လုံးတည်းနဲ့ ရေးနိုင်အောင် သင်ပြနိုင်ပါတယ်။ နေ့စဉ် အလုပ်တစ်ခုအဖြစ်ပေါ့။ နေ့စဉ်မှတ်တမ်းရေးတာကို နေ့စဉ်အချိန်ဇယားထဲမှာ နေရာချထားပေးပါ။ (အိပ်ရာဝင်ခါနီးအချိန်ဟာ အဆင်အပြေဆုံးပါပဲ) ကလေးကိုယ်တိုင် လုပ်နိုင်တဲ့အချိန်အထိ မိဘက လုပ်ပေးသင့်ပါတယ်။

အကြောင်းအရာတွေကို ပြောထွက်ဖို့ မေးခွန်း၊ အကြံပြုချက်နဲ့ တိုက်တွန်းအားပေးမှုတွေ လိုအပ်ပါတယ်။ မိဘက ရေးပေးနေတာကိုလည်း

## အရေးအသားကြိုက်သူကို ဘယ်လိုထပ်မံတည်ဆောက်ကြမလဲ

အရေးအသားဟာ ကလေးတွေရဲ့ သဘာဝစရိုက်တစ်ခုဖြစ်ပါတယ်။ အရာရာကို သင်္ကေတလေးတွေနဲ့ ကိုယ့်ဟာကိုယ် မှတ်သားပုံဖော်ရတာကို သူတို့ သိပ်ကြိုက်တယ်။

ဒီမှာ အချက်အလက် ၇ ခုပေးထားပါတယ်။ ဒီအချက်အလက်တွေဟာ အရေးအသားကြိုက်တဲ့ကလေးတွေကို အရေးအသားလမ်းကြောင်းပေါ်က ချော်ထွက်မသွားရအောင် အထောက်အကူပြုပါလိမ့်မယ်။

**ဖိအား မပေးပါနဲ့**

စာရေးတတ်ဖို့အတွက်ဆိုရင် ကလေးကို စာရွက်ပေါ် မင်တံတင်ဖို့၊ လှေကားလက်ရမ်းပေါ် မြေဖြူနဲ့ခြစ်ဖို့၊ ဓာတ်ပုံနဲ့ ပန်းချီကားဘောင်တွေပေါ် ဆေးခြယ်ဖို့၊ ပြီးတော့ နံရံမှာကပ်ထားတဲ့ မင်းသမီးပုံကို နှုတ်ခမ်းမွေးတပ်ပေးဖို့ စသဖြင့် အခွင့်အရေးလေးတွေ ပေးရမှာပါ။ ပျော်စရာကောင်းနေဖို့တော့ လိုအပ်ပါတယ်။ သူငယ်တန်းအရွယ်ကလေးဟာ သူ့ရဲ့အတွေး စိတ်ကူး၊ ခံစားချက်နဲ့ ဆက်သွယ်ဖို့ စာလုံးတွေကို ဘယ်လိုသုံးရမယ်ဆိုတာ နားလည်ဖို့ အစပြုနေတာပါ။ လုပ်ဆောင်နိုင်မှုစွမ်းရည်က စာလုံးတွေပုံဖော်ဖို့အတွက် ရင့်သန်နေဖို့လိုတယ်။ ဒီအခြေအနေမှာ ကလေးကို အားပေးဖို့ပဲရှိတယ်။ ဖိလို့မရပါဘူး။ ကလေးရဲ့စိတ်ထဲမှာ အရေးအသားဆိုတာ သူ့မှာရကိုရနေရမယ့် ဆုလာဘ်တစ်ခုအနေနဲ့ မြင်လာပါစေ။

www.burmeseclassic.com

www.burmeseclassic.com



## ရေးစရာများနှင့် ရင်းနှီးပါစေ

ရေးစရာပစ္စည်းပေါင်းစုံနဲ့ ကြုံးစားခွင့်ရပါစေ။ အရောင်ခြယ် ဖယောင်းတောင့်၊ မြေဖြူ၊ ဘောပင်၊ ခဲတံ၊ ဆေးရောင်စုံတံတွေ အားလုံးပါပဲ။ စိတ်ထဲမှာ သိထားရမှာက ကလေးဟာ ဖယောင်းတောင့်၊ ဖောင်တိန်လို ခပ်ဝဝ၊ လက်ဝါးနဲ့ အပြည့်ဆုပ်ကိုင်ရတဲ့ပစ္စည်းတွေထက် ခဲတံလို ဘောပင်လို ခပ်သေးသေးပစ္စည်းတွေဆီ အလွယ်တကူ ပြောင်းလဲ ကိုင်ဆောင်သွားမယ်ဆိုတာပါပဲ။ ဂျုံနဲ့ ရွှံ့တွေကလည်း ရေးစရာ ကိရိယာတွေပါပဲ။ ရေနဲ့သမပြီး စာလုံးပုံတွေ ဖော်လို့ရတယ်။ (ဒါဟာ ကလေးရဲ့ လုပ်ဆောင်နိုင်မှု စွမ်းရည် အားကောင်းလာစေတဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်)

ကလေး အလွယ်တကူ ယူလို့ ထုတ်လို့ရမယ့် အံဆွဲတစ်ခုထဲမှာ ဒီပစ္စည်းတွေအားလုံး အဆင်သင့် ထည့်ပေးထားသင့်ပါတယ်။

## မျက်နှာပြင်များနှင့် အထိအတွေ့

အခုမှ စမယ့် ကလေးတို့အတွက် စာရွက်ဖြူဖြူဖြစ်ရမယ်။ China woodfree က ဈေးချိုပါတယ်။ A4 ဆိုဒ်ထက် မငယ်ပါစေနဲ့။ စာမျက်နှာ ကျယ်ကျယ်ထဲမှာ သူတို့ လက်ရာတွေ လွတ်လွတ်လပ်လပ် ကူးခတ်မြုပ်ဝင်နေတာမျိုး ကလေးတွေ သိပ်သဘောကျတယ်။ ပြီးတော့ စာရွက်အစား မြေဖြူသင်ပုန်း၊ အိမ်နံရံနဲ့ White board အငယ်စားတွေကို သုံးနိုင်တယ်ဆိုတာလည်း မမေ့ပါနဲ့။ ရှုပ်ပွပေရေကုန်မှာစိုးရင် သီးသန့်နေရာလေးတစ်ခု ကလေးနဲ့ အရွယ်တော် စားပွဲလေးတစ်လုံးအပါအဝင် ဖန်တီးပေးလိုက်ရင် ဒီပုဂ္ဂိုလ်လေးအတွက် ပိုပြီး အဆင်ပြေတာပေါ့။ နောက်ပြီး (အလွယ်တကူ) ရေနဲ့သုတ်ရုံနဲ့ ပြောင်စင်သွားနိုင်တဲ့ Soft Pen၊ ဖျက်လို့ရတဲ့ဘောပင်တွေလည်း ဝယ်ထားနိုင်ရင် သန့်ရှင်းရေးပြန်လုပ်ဖို့ လွယ်ပါတယ်။

## အရေးအသားလေ့ထုံဖို့ မော်ဒယ်

မိဘတွေအနေနဲ့ စာရေးတာကို ကလေးရှေ့မှာ နေ့တိုင်းလုပ်သင့်ပါတယ်။ တစ်နေ့တာလုပ်ငန်းစဉ်၊ ဈေးဝယ်စာရင်း၊ e-mail စာကြမ်းနဲ့ မိတ်ဆွေတွေဆီ ပို့မယ့်စာအပြင် ဒိုင်ယာရီရေးတာကအစပေါ့။ ဒီနေရာမှာ





ကလေးငယ်တွေဟာ တိုက်ရိုက်ပုံတူကူးချတာကို တတ်ပြီးသားပါ။ မိဘက အရေးအသားခုံမင်သူဆိုရင် အဲဒီဓလေ့က ကလေးဆီကို မလွဲမသွေ ကူးစက်လွှမ်းမိုးသွားမှာပါ။

## Computer သုံးနိုင်ခြင်း

Computer မှာ စာရိုက်တဲ့အလုပ်သဘောရှိတဲ့ သူတွေအနေနဲ့ ကလေးရဲ့ အရွယ်ပေါ်မှာမူတည်ပြီး လုပ်နိုင်ရင် လုပ်နိုင်သလောက် ဖေးဖေးမမနဲ့ စာသားတွေကို လေ့လာအကဲခတ်ရင်း ဖတ်ခိုင်းလို့ရပါတယ်။ စာသားတွေ အပေါ် အမြင်နဲ့ စာလုံးပေါင်းတွေ လိုက်ပြီး ရွတ်ဖတ်နေရင်ပို ကောင်းပါတယ်။ စာလုံးပေါင်း မမှန်နိုင်လောက်အောင် ငယ်လွန်းနေသေးတယ်ဆိုရင်တောင် Keyboard က ခလုတ်တွေကို ပေးကိုင်လို့ရပါတယ်။ Keyboard နဲ့ စာမရိုက်နိုင်မချင်း စာရွက်ပေါ်မှာ စာရေးကျင့်နေပါလိမ့်မယ်။ ကလေးဟာ အတွေးနဲ့ စိတ်ကူးစိတ်သန်းကို ပုံဖော်ဖို့ စာလုံးအက္ခရာကနေ စကားလုံး စကားစု၊ အဲဒီကနေမှ စာကြောင်းတွေကို တည်ဆောက်ပုံ တည်ဆောက်နည်းတွေကို သင်ယူနေတာပါ။

## ကလေးအပေါ် စေတနာ၊ ကရုဏာ ထားပါ

တကယ်တော့ ကလေးအပေါ် စေတနာ ကရုဏာ မထားတဲ့ မိဘ မရှိပါဘူး။ တကယ်လိုနေတာကတော့ နားလည်ပေးမှုနဲ့ စိတ်ရှည်ဖို့ပါ။ နား

www.burmeseclassic.com

www.burmeseclassic.com



လည်ပေးလိုက်ပါ။ ကလေး ကြိုးစားနေပြီ၊ ကြိုးစားချင်စိတ်ကို တိုး လာအောင် ပံ့ပိုးရမယ်ဆိုတာတွေ။ စိတ်ရှည်ပေးလိုက်ပါ။ မှားပါစေ၊ လွဲပါစေ၊ နှေးပါစေ၊ ထင်ရာလုပ်ပါစေ ... ဒါ ကလေးရဲ့အခွင့်အရေးပါ။

တစ်နည်းအားဖြင့် သူ သင်ယူပြီးသမျှကို ပြန်ပြီး အသုံးချကြည့်နေတာပါ။ ခဏလေး စိတ်ရှည်ပေးလိုက်ပါဦး။ ပြီးတော့မှ မှန်လာအောင် သိမ်သိမ်မွေ့မွေ့ သင်ပြ ပြောပြကြတာပေါ့။ ဒီလိုလုပ်တတ်တဲ့သူကို 'ဆရာ' လို့ ခေါ်တာပါပဲ။

ကလေး စာရေးနေတာ ဒါမှမဟုတ် ပုံဆွဲနေတာမြင်ရင် စိတ်ဝင်တစား ကြည့်ရှုပေးပါ။ ဘယ်လောက်နှေးနှေး၊ ဘယ်လောက်ဝါးတားတားဖြစ်နေနေ အသေးစိတ် စိတ်ရှည်လက်ရှည်လေး အားပေးကြည့်ရှုပါ။ 'သားသားက စာရေးဆရာကြီးပဲ'လို့ ပြောလိုက်တာထက် 'သားသားက ကိုယ့်နာမည် ကိုယ်ရေးနိုင်ဖို့ တကယ်ကျင့်နေပြီကိုး" လို့ ပြောတာက ပိုပြီး အဓိပ္ပာယ်ရှိတယ်ဆိုတာကိုတော့ သတိပြုပါ။ ပြီးတော့ အရေးအသားလုပ်တိုင်း မိဘက ဝမ်းပန်းတသာနဲ့ လိုက်လိုက်လှဲလှဲ ဖက်လှဲတကင်းပြုတာလေးကို ကလေးက မှတ်မှတ်သားသား ဖြစ်နေရင် သိပ်ကောင်းပါတယ်။ ဒီတော့ ဒီလိုမျိုးလေး ပြောကြည့်ပေးပါ။ "မီးမီးက စာရေးဖို့အချိန်ကို တကယ်တန်ဖိုးထားတာကိုး" ဒါမှမဟုတ် "ဒီစာလုံးကို သားက တော်တော်ဂရုစိုက်ပြီး ရေးတာမဟုတ်လား"

## ကစားနည်းသုံးပြီး အရေးအသား တိုးတက်ဖို့

Typing Game၊ စာလုံးပါတဲ့ အစိတ်အပိုင်းများနဲ့ အိမ်ဆောက်ခြင်း၊ ရိုးရာကဗျာရွတ် လိုက်တမ်းပြေးတမ်း ကစားခြင်း(အရှုံးမကြီး မစာဥ) စသဖြင့်ပေါ့။ ကစားနည်းတွေဟာလည်း လမ်းကြောင်းတစ်ခုပါပဲ။

## အရေးအသားတိုးတက်ဖို့ မွေ့လျော်ဖွယ်လှုပ်ရှားမှုများ

မူကြိုအရွယ်ကလေးအနေနဲ့ စနစ်တကျ လည်ပတ်လာမယ့် စွမ်းရည်တစ်ခုရဖို့ အစပြု ကြိုးစားနေချိန်လေးဟာ ဆော့ကစားနေသလို ဖြစ်နေမှာပါ။ အရေးအသားနဲ့ ပတ်သက်ရင်တော့ စာလုံးဆက်ကစားနည်းလိုပါပဲ။ အရေး



အသားစွမ်းရည်ဟာ အရွယ်အလိုက် ပုံပေါ်လာပါလိမ့်မယ်။ မိဘဖြစ်သူတွေအနေနဲ့ကတော့ အရေးအသားကိစ္စဟာ ပျော်စရာ၊ စိတ်လှုပ်ရှားစရာ၊ စိတ်ဝင်စားစရာဖြစ်နေအောင် ပြသရမှာဖြစ်ပါတယ်။

ကလေးကို စာရေးဖြစ်အောင် အားပေးဖို့ရာ နည်းလမ်းတချို့ ဖော်ပြပေးထားပါတယ်။ သင်ကြားမှုစနစ်တွေဆီကနေ သင်ယူမှုနည်းလမ်းတွေ ကလေးဆီမှာ အများကြီး ရှိနေတတ်ကြပါတယ်။ ဒါပေမဲ့ ကလေးတွေအတွက် အကျိုးကျေးဇူးများစေမယ့် အကြံပြုချက်တွေကို ကဏ္ဍသုံးခု ခွဲခြားထားတယ်။

## လက်တွေ့ သင်ယူတတ်သူအတွက်

* **အတူတူရေးကြစို့**

ဘယ်လိုအကြောင်းကိစ္စအတွက်ပဲဖြစ်ဖြစ် စာနဲ့ရေးသားရတော့မယ်ဆိုရင် ကလေးကို ကိုယ့်အနားခေါ်ထားပြီး သူ့ကိုလည်း စာရွက်လွတ်တစ်ရွက် ပေးလိုက်ပေါ့။ ကိုယ်ရေးသလို ကလေးလည်း ရေးခွင့်ရပါစေ။ စာရေးသားခြင်းဟာ ဘဝမှာတတ်အပ်တဲ့ အတတ်ပညာတစ်ခုဆိုတာ ကလေး သဘောပေါက်လာပါလိမ့်မယ်။

* **သဲပြင်ပေါ်မှာ ရေးခြင်း**

သဲသောင်ပြင် ဒါမှမဟုတ် ပြေပြစ်သန့်ရှင်းတဲ့ မြေကြီးပေါ်မှာပေါ့ ...တုတ်နဲ့ဖြစ်ဖြစ်၊ လက်ချောင်းတွေနဲ့ပဲဖြစ်ဖြစ် ဆွဲခြစ်ပြီး စာရေးတာမျိုးတွေလည်း လုပ်ပြ သင်ပြပေးပါ။ စာရေးခြင်းကို ကစားနည်းတစ်ခုလို ဖန်တီးပေးနိုင်မယ်ဆိုရင် ကလေးက ပိုပြီး ကျေနပ်ပျော်ရွှင်သွားမှာပါ။ ဥပမာ – ဘော်ကြယ်မှုန်လေးတွေနဲ့ အလှဆင်ယင်ထားတဲ့ ကိတ်မုန့်မျက်နှာပြင်ပေါ်မှာ ခရင်မ်ညှစ်ချပြီး သူ့နာမည်ကို ရေးစေတာမျိုး၊ ဘီစကစ်အချိုးအပုံလေးတွေနဲ့ ဂျုံမှုန့်ကိုသုံးပြီး လုပ်ရင်လည်း ရပါတယ်။ အလုပ်ပြီးတာနဲ့ အလုပ်တစ်ခုလုံးကို ဝါးစားပစ်လို့ရမယ်ဆိုရင် လူကြီးတွေလည်း နှစ်သက်ကြတာပဲ မဟုတ်လား။ ကလေးဆိုရင်တော့ အတိုင်းသက်အလွန်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com




* ပုံပြစနစ်(သို့) လက်နဲ့ကိုင်လို့ရတဲ့ စာ

စာလုံးတစ်လုံးစီ ရေးထွင်းပုံနှိပ်ထားတဲ့ ကတ်ပြားလေးတွေ ဆောင်ထားရမယ်။ ပလတ်စတစ်လောင်းထားရင် ပိုကောင်းပါတယ်။ ကတ်ပြားတွေကို ခပ်သေးသေးကြိုးနဲ့ တွဲဆက်ထားပြီး စာလုံးတစ်လုံးချင်း ရွှတ်ပြရင်း ပဟေဠိ လုပ်လို့ရတယ်။ စက္ကူကတ်ပြားအပြင် အုတ်၊ ကြွေ စတဲ့ အခဲတွေနဲ့ လုပ်ထားတဲ့ ကတ်တွေဆို ပိုကောင်းပါတယ်။ စာလုံးတွေ မှတ်မိရုံတင်မဟုတ်ဘဲ လက်ချောင်းတွေပါ သန်မာလာမှာပါ။ စာရေးဖို့ဆိုတာ လက်ချောင်းလေးတွေမှာ လိုအပ်တဲ့ သန်မာမှုရှိနေရတာ မဟုတ်လား။

* ခရီးသွားမှတ်တမ်း

အသွားဆီသွားလည်တာအစ ဘယ်ကိုပဲ ခရီးထွက်ထွက် မှတ်တမ်းလေးတစ်ခု ပြုစုတဲ့အကျင့်လေး လုပ်ပေးထားပါ။ ဒီနေ့ ဘယ်ကိုသွားခဲ့သလဲ၊ ဘာတွေ တွေ့ခဲ့သလဲ၊ ဘာတွေလုပ်ခဲ့သလဲ၊ အစားအသောက်ကအစ မှတ်တမ်းပြုစုပါစေ။ ကလေးက သိပ်မမှတ်မိလို့ မရေးပြနိုင်ရင်လည်း မိဘက စိတ်ပျက်မသွားပါနဲ့၊ သူ့မှတ်ဉာဏ်နဲ့ မှတ်မိသလောက်ကလေးပဲပေါ့။ ... စာရေးဖို့အတွက် အလေ့အကျင့်တစ်ခု လုပ်ပေးနေတယ်ဆိုတာ သတိရပါ။ မိဘက လောဘမကြီးမိပါစေနဲ့။





အကြားအာရုံနှင့် သင်ယူလေ့ရှိသူအတွက်

* စာခေါ်ခြင်း

ကလေးပြောနေတဲ့ စကားတွေကို မိဘက စာရွက်ပေါ်မှာ လိုက်ရေးပါ။ ကလေးက သူ့မွေးနေ့ပွဲ အတွေ့အကြုံကို ပြောနေတာမျိုး၊ သီတင်းကျွတ်မှာ အဘိုးအဘွားကို ကန်တော့လို့ မုန့်ဖိုးရတဲ့အကြောင်း ပြောနေတာမျိုးတွေဆို အကောင်းဆုံးပေါ့။ ကလေးဟာ အရွယ်အရ သူကိုယ်တိုင် စာမရေးနိုင်သေးတာကလွဲရင် သူပြောလိုက်သမျှ မိဘက လိုက်ပြီး ရေးချနေတဲ့ စာတွေကို မြင်သွားမယ်။ ဒါဟာ သူ့ပါးစပ်က ပြောထုတ်လိုက်တဲ့ 'စကားလုံး'နဲ့ ရေးချလိုက်တဲ့ 'စာလုံး'တွေရဲ့ ဆက်သွယ်မှုကို နားလည်သဘောပေါက်လာဖို့ အလွန်ကောင်းမွန်တဲ့လမ်းစပါပဲ။ ကလေးအနေနဲ့ သူကိုယ်တိုင် ချရေးဖို့ကြိုးစားလာခဲ့ရင် မိဘက သူနဲ့ နေရာချင်းလဲယူလိုက်ရုံပဲပေါ့။

* ပုံပြစနစ်

မင်္ဂဇင်း၊ ဂျာနယ်နဲ့ ပုံပြင်စာအုပ်တွေ အတူတူကြည့်ကြမယ်။ မြင်ရတဲ့ပုံတွေအတိုင်း စာအုပ်ထဲကလူတွေ ဘာတွေလုပ်နေကြသလဲ၊ ဘာတွေ စဉ်းစားနေကြသလဲလို့ ကလေးကို မေးခွန်းထုတ်ပြီး သူပြန်ပြောသမျှကို ခဲတံနဲ့ ဖြစ်ဖြစ် စာတန်းလေးတွေ ထိုးပေးလိုက်ပါ။ ဒါမှမဟုတ် လူနှစ်ယောက် စကားပြောနေတဲ့ပုံမှာ ကလေးစိတ်ထဲမှာ ထင်မြင်သမျှ စကားပြောတွေကို မေးပြီး သူပြောသလိုရေးချပြပါ။

* စာအုပ်တစ်အုပ် ဖန်တီးမယ်

ဒီနှစ်ထဲမှာ ကလေး ရေးထား ခြစ်ထားတဲ့ပုံတွေ ရှာပြီးစုလိုက်ပါ။ ကတ္တူစက္ကူပြားပေါ်မှာ အဲဒါတွေကို ကပ်ပြီး ပုံတစ်ပုံချင်းစီအတွက် ဘာအဓိပ္ပာယ်လဲဆိုတာကို ရှင်းပြပါစေ။ သူ့ကိုပဲမေးပါ။ အထူဆုံးကတ္တူပြားကို မျက်နှာဖုံး သုံးကြမယ်။ မျက်နှာဖုံးအဆင်အပြင် ပန်းချီဆရာ ဒီဇိုင်နာလေးတော့ ကလေးကိုယ်တိုင်ပဲပေါ့။ ပြီးရင် စာအုပ်ကို ဘယ်လို နာမည်တပ်မှာလဲ ဆိုတာကိုပါ ကလေးကို မေးလိုက်ပါ။ သူပြောတဲ့နာမည်လေး စာအုပ်အဖုံးမှာ ရေးပေးလိုက်ပါ။ ဒါမှမဟုတ် သူ့ဟာသူရေးပါစေ။ စာရွက်တွေကို အပေါက်

www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြီး ပိုးကြိုး ဒါမှမဟုတ် ဖဲကြိုးနဲ့တွဲပြီး ချုပ်လိုက်ပါ၊ (ကလေးနဲ့အတူ တူပေါ့) စာအုပ်စင်ပေါ်မှာ ကလေးရဲ့ တခြားစာအုပ်တွေနဲ့အတူ တကယ့် စာအုပ်တစ်အုပ်အဖြစ် သတ်မှတ်ပြီး ထားပေးလိုက်ပါ။

## အမြင်အာရုံနဲ့ သင်ယူလေ့ရှိသူများ

### * ဓာတ်ပုံဂျာနယ်တစ်စောင် လုပ်ကြမယ်

ကလေးနဲ့အတူ သူငယ်ချင်းတွေ၊ ဆွေမျိုးမောင်နှမ တွေပါတွဲပြီး လျှပ်တစ်ပြက် ရိုက်ချက်တွေ ကြိုလုပ်ထားရပ လိမ့်မယ်။ မွေးနေ့ပွဲ၊ ပျော်ပွဲရွှင်ပွဲ စသည်ဖြင့် လုပ်တိုင်းမှာ တစ်ယောက်တည်း၊ နှစ်ယောက်တွဲနဲ့ အုပ်စုဓာတ်ပုံတွေ အရယူထားသင့်ပါတယ်။ အချိန်နဲ့တစ်ပြေးညီ မှတ်တမ်းတစ်ခု ပြုစုပြီးသားဖြစ်သွားမှာပါ။ ဂျာနယ်ပုံစံစာရွက်တွေဆင်ပြီး ပုံတွေကပ်ပါ။ ကလေးကိုမေးဖို့ကတော့ ဓာတ်ပုံထဲက ဘယ်သူလဲ၊ ဒီပုံထဲက နေရာဟာ ဘယ်နေရာလဲပေါ့။ ပြီးရင် သူပြောသမျှကို ပုံစာထိုးပေးဖို့ ဖြစ်ပါတယ်။။ ဒါ သိပ်ကောင်းတဲ့မှတ်တမ်းတစ်ခုပဲလို့ အရွယ်ရလာသမျှ သိသွားပါလိမ့်မယ်။ မိဘတွေကိုယ်တိုင်လည်း ဒါလေးကို လိုချင်မှာပါပဲ။

### * နေ့စဉ် မှတ်တမ်းရေးခြင်း

ကလေးတွေဟာ သူတို့အကြောင်း ပြောပြရတာကို သိပ်ကြိုက်တယ်။ ဒိုင်ယာရီရေးတဲ့အကျင့်ဟာ ကိုယ့်အကြောင်းကိုယ် မှတ်တမ်းတင်တဲ့သဘောပဲ။ ကိုယ့်အကြောင်းကို ကိုယ်တိုင်ပြောတဲ့ ပုံစံဟာ ဒီလို မှတ်တမ်းရေးတဲ့အလေ့ကို ဆိုလိုတာပါ။ မူကြိုအရွယ်မို့ အရေးအသား မလုပ်နိုင်သေးရင်တောင် စာလုံးသင်္ကေတသဘောမျိုး စာလုံးတစ်လုံး နှစ်လုံးတည်းနဲ့ ရေးနိုင်အောင် သင်ပြနိုင်ပါတယ်။ နေ့စဉ် အလုပ်တစ်ခုအဖြစ်ပေါ့။ နေ့စဉ်မှတ်တမ်းရေးတာကို နေ့စဉ်အချိန်ဇယားထဲမှာ နေရာချထားပေးပါ။ (အိပ်ရာဝင်ခါနီးအချိန်ဟာ အဆင်အပြေဆုံးပါပဲ) ကလေးကိုယ်တိုင် လုပ်နိုင်တဲ့အချိန်အထိ မိဘက လုပ်ပေးသင့်ပါတယ်။

အကြောင်းအရာတွေကို ပြောထွက်ဖို့ မေးခွန်း၊ အကြံပြုချက်နဲ့ တိုက်တွန်းအားပေးမှုတွေ လိုအပ်ပါတယ်။ မိဘက ရေးပေးနေတာကိုလည်း



အစအဆုံး ကလေးမြင်ပါစေ။ စာရေးချင်စိတ်ကို နှိုးဆွပေးတဲ့ကိစ္စတွေပါ။ လက်ရေးလှစရာ၊ အရေးအသား ပြေပြစ်စရာ လုံးဝမလိုပါဘူး။ စာလုံးတွေစီပြီး ဆက်ထားတဲ့ အနေအထား ဖြစ်နေမှာပါပဲ။ ဒါအစပဲဆိုတာ မမေ့နဲ့ပေါ့။

### * သံလိုက်စာလုံးများနဲ့ ကစားမယ်

ရေခဲသေတ္တာမှာကပ်လို့ရတဲ့ သံလိုက်စာလုံး၊ မျက်နှာပြင်နှစ်ဖက် ကပ်တဲ့ (Double Tape) စာလုံးတွေနဲ့ ကစားတာဟာ စာလုံးပေါင်းသိဖို့အတွက် ကောင်းပါတယ်။ တချို့သံလိုက်တွေဟာ ဘီစကစ်ပုံးမှာလည်း ကပ်လို့ရပါတယ်။ စာလုံးတစ်လုံးနဲ့ တစ်လုံးကြားမှာ ဟနေတာကို မင်တံနဲ့ ဆက်ဆွဲဖို့ ခွင့်ပြုရပါလိမ့်မယ်။ ဒါဟာ စာလုံးပေါင်းနေတာပါ။

### * အကွရာစဉ်စာအုပ်

ကတ္တူစာရွက်တွေကို စာအုပ်ပုံစံချုပ်ထားပေးပြီး စာမျက်နှာမှာ စာလုံးတစ်လုံး နှစ်လုံးနဲ့ ရေးချခိုင်းပါ။ ပြီးရင် တစ်မျက်နှာချင်း ဆက်စပ်ပြီး ဖတ်လို့ရတာပေါ့။ ဒီအတိုင်း ဖတ်ပြရင်းနဲ့ စာအုပ်တွေလုပ်သွားကြတာပေါ့။ စာလုံးတစ်လုံးမှာ ပုံတစ်ပုံ ဆွဲခွင့်ပြုထားရပါလိမ့်မယ်။

စကားနဲ့ စာနဲ့ ဆက်သွယ်မယ်။ ပုံနဲ့စာနဲ့ ဆက်သွယ်မယ်။ ပုံနဲ့စာနဲ့ ဆက်စပ်ပြီး စကားပြောမယ်။ ပြောတဲ့စကားကို စာလုံးတွေအဖြစ် ပြန်ပြောင်းလဲမယ်။ ဒါဟာ ဒီအရွယ်အတွက် အကောင်းဆုံး သင်ခန်းစာပါပဲ။

□



www.burmeseclassic.com

www.burmeseclassic.com

## အရေးအသား မှတ်တိုင်များ

### အရေးအသား သမိုင်းအစ

ကလေး စပြီး အားထုတ်တဲ့အချိန်ဟာ စာလုံး၊ စာစု၊ စာကြောင်းနဲ့ တူမှာ မဟုတ်ပေမဲ့ သူလုပ်လိုက်တဲ့ စာလုံးအစီအစဉ်၊ မျဉ်းကြောင်းတွေနဲ့ ပုံပန်းချီတွေဟာ ကကြီး ခကွေး၊ အေ ဘီ စီ ဒီ နဲ့ ၁ ၂ ၃ ၄ ဆိုတဲ့ အက္ခရာနဲ့ ဂဏန်းတွေ ဖြစ်လာမယ့် အစိတ်အပိုင်းတွေဆိုတာတော့ မိဘတွေ သိလောက်ပါပြီ။ ဒါဟာ ကလေးများရဲ့ အရေးအသား သမိုင်းအစပဲဖြစ်ပါတယ်။ ဒီကနေစပြီး ဂန္ထဝင်စာရေးဆရာတစ်ယောက် မွေးဖွားချင် မွေးဖွားလာနိုင်တာပေါ့နော်။

### ဖွံ့ဖြိုးလာတဲ့အခါ

အများအားဖြင့် ကလေးတွေဟာ တစ်နှစ်နဲ့တစ်နှစ် ကျော်လာရင် ဖယောင်း(ရောင်စုံ)ခဲတံကို ကိုင်ပြီး စာရွက်တစ်ရွက်ပေါ်မှာ ဖိဆွဲနိုင်တဲ့ အချိန်တွေ ရောက်လာခဲ့ပြီ။ အဲဒီကမှတစ်ဆင့် နှစ်နှစ်အရွယ်ကနေ ငါးနှစ် အရွယ် ကြားကာလတွေမှာ အရေးအသားနဲ့ ပုံပန်းချီဆွဲတဲ့အလေ့ တစ်စ ထက်တစ်စ ရင့်သန်ကောင်းမွန်လာတယ်။ ပြီးတော့ စာလုံးတချို့ ကိုယ်ပိုင် နာမည်တွေကို ရေးခြစ်လာကြတယ်။

### ဘယ်လိုဖွံ့ဖြိုးလာတတ်သလဲ

ပထမဦးဆုံး နှစ်ကုန်ပိုင်းကစပြီး ခန္ဓာကိုယ်ရဲ့ ဟန်ချက်အပါအဝင်



လုပ်ဆောင်နိုင်မှုစွမ်းရည်ဟာ မှန်မှန်ကြီး ဖွံ့ဖြိုးလာမယ်။ ရေးစရာကိရိယာကို ကိုင်နိုင်ဖို့ကတော့ နည်းနည်းကူရပါတယ်။ တစ်နှစ်ကျော်ကျော် မတ်တတ် စမ်းနေတဲ့အရွယ်မှာ စာလုံးတွေ တစ်လုံးချင်း သိတတ် ဆက်တတ်ဖို့ အဆင် သင့်ဖြစ်နေပါပြီ။ ဒီထက် နည်းနည်းပိုပြီး (တစ်ပတ်နှစ်ပတ်လောက်) နောက် ကျနေရင်လည်း စိတ်ပူစရာမလိုပါဘူး။ ဒါ ပုံမှန်ပါပဲ။

တစ်နှစ်ခွဲလောက် ရောက်လာရင်တော့ ပုံမှန်လေ့ ကျင့်လာတဲ့သူမှန် ရင် စာလုံးတွေဆက်ပြီး ပေါင်းတတ်လာပါတယ်။ ရေခဲသေတ္တာပေါ်မှာ သံလိုက်စာလုံးတွေကို မှန်မှန်ကန်ကန် ကပ်ပြီး နေရာချနိုင်လာပါပြီ။ ဒီနေရာ ကစပြီး နှစ်နှစ် နှစ်နှစ်ခွဲအထိကို အရောင်ခြယ်တဲ့ကိစ္စနဲ့ ပန်းချီဆွဲတဲ့ကိစ္စတွေ လုပ်လာတဲ့အထိ မြန်မြန်ဆန်ဆန် တိုးတက်လာပါလိမ့်မယ်။ သုံးနှစ်သား အရွယ်ဟာ ထောင့်မတ်မျဉ်းတစ်ကြောင်း ဆွဲနိုင်လာတတ်တဲ့အရွယ်ပဲ ဖြစ် ပါတယ်။

ဒီအရွယ်ကစလို့ ခဲတံကိုင်နိုင်လာပြီဖြစ်လို့ စာရေးတဲ့ပုံသဏ္ဌာန် အမှန် အတိုင်း လေ့ကျင့်လို့ရပါပြီ။ တချို့ကလည်း သုံးနှစ်ခွဲလောက်မှ စလို့ ရပါ လိမ့်မယ်။ ဒီအရွယ်မှာ ဝလုံးကို ဝိုင်းအောင်ရေးဖို့ကလွဲလို့ သိပ်ခက်တဲ့ စာလုံး တွေ ရေးခိုင်းဖို့ မသင့်သေးပါဘူး။ တချို့ကလေးတွေကတော့ မူကြိုမဝင်ခင် မှာကိုပဲ သူ့နာမည်ကို ရေးတတ်အောင် ကြိုးစားထားပြီး ဖြစ်နေတတ်ပါ တယ်။ တော်တော်များများကတော့ မရေးနိုင်ကြသေးတာကို တွေ့ရနိုင်တယ်။ ပြဿနာမရှိပါ။

> ကလေးဘက်က အဆင်သင့်အဖြစ်မချင်း စာကို ဖိအားပေးပြီး သင်ဖို့ မကြိုးစားပါနဲ့။ တကယ့်ကို စိတ်ဝင်စားလာပြီး စိတ် လှုပ်ရှားတက်ကြွလာတဲ့အထိသာ စောင့်ပေးပါ။ လေးနှစ်ခွဲ လောက်ရောက်ရင် အဆင်ပြေသွားပါလိမ့်မယ်။ တချို့က လည်း ငါးနှစ်ရောက်မှ စိတ်တက်ကြွလာတတ်ကြပါတယ်။


### နောက်တစ်ဆင့်

မူကြိုအဆင့်မှာ ကလေးဟာ ရေးလို့ကိုင်လို့ကောင်းတဲ့ ခဲတံကို ကိုင် နိုင်အောင် ကြိုးစားလာကြတယ်။ ပုံဆွဲတဲ့နေရာမှာလည်း အရင်ကထက်ပိုပြီး

www.burmeseclassic.com

www.burmeseclassic.com





သေသပ်တိကျလာတတ်ပါတယ်။ ၅ နှစ်မပြည့်ခင်မှာပဲ ကလေးဟာ မျဉ်းကို ဖြောင့်အောင်ဆွဲနိုင်တဲ့အထိ ကြိုးစားလာတတ်ကြသလို မျဉ်းကြောင်းတွေကို အသုံးပြုပြီး စက်ဝိုင်းနဲ့ လေးထောင့်ပုံတွေကို လူပုံတွေနဲ့အတူ ရေးဆွဲနိုင်လာကြပါတယ်။

သူငယ်တန်းဝင်တာနဲ့ အရေးအဖတ်သင်ဖို့ အသင့်ဖြစ်နေပြီပေါ့။

## မိဘများရဲ့ ကဏ္ဍ

ဘယ်လိုစွမ်းရည်မျိုးပဲဖြစ်ဖြစ် ကလေးဆီမှာ စဖွံ့ဖြိုးဖို့ဆိုရင် မိဘအနေနဲ့ အားပေးတိုက်တွန်းခြင်းနဲ့ ဖေးမကူညီတဲ့အလုပ်တွေ ထောက်ပံ့ဖြည့်ဆည်းပေးရမှာပါ။ အစောဆုံးအနေနဲ့ မွေးကာစက စပြီး ရေးဖို့ ခြစ်ဖို့ စိတ်ဝင်စားလာတဲ့ အရိပ်အယောင် ကလေးဆီမှာတွေ့ရတာနဲ့ အရောင်ခြယ် ရောင်စုံခဲတံတွေ၊ စာရွက်တွေနဲ့ အရောင်ခြယ်စာအုပ်တွေ မိဘတို့လက်ထဲမှာ အဆင်သင့် ရှိနေပါစေ။ ဘောပင်နဲ့ ခဲတံတွေကိုတော့ အရွယ်ရောက်ချိန်အထိ ခဏဖယ်ရှားပေးထားရလိမ့်မယ်။ ဒါတွေက ရောင်စုံခဲတံတွေထက် ပိုပြီး ချွန်ထက်တဲ့အတွက် မတော်တဆ တက်နင်းမိလို့ ချော်လဲရင် ထိုးမိတာတို့၊ စူးတာ ရှတာ ဒဏ်ရာအနာတရ ဖြစ်နိုင်လို့ပါ။ ကလေး နှစ်သက်သလို ရေးတာ ခြစ်တာတွေ စိတ်ကြိုက် လေ့ကျင့် ဆော့ကစားပါစေ။ ငြီးငွေ့သွားတဲ့အထိတော့ မဆော့စေနဲ့ပေါ့။



မျက်စိရှေ့တွေ့သမျှ စာရွက်တွေပေါ်မှာ ဖန်တီးချင်နေတဲ့ ကလေးရဲ့ အနုပညာဆန္ဒဖောတွေကိုတော့ ကန့်သတ်ထိန်းချုပ်နိုင်အောင် သင်ပေးရပါလိမ့်မယ်။ မိဘအနေနဲ့ဘယ် နကြိမ်ပဲပြောပြော နံရံကပ်ပိုစတာ၊ ကြမ်းပြင်၊ နံရံနဲ့ စာရွက်လွတ်၊ သတင်းစာ၊ ဂျာနယ်အသစ်တွေနဲ့ ရှိသမျှ မြင်သမျှ နေရာလွတ်တွေအားလုံးကို သူကတော့ ချမ်းသာပေးမှာ မဟုတ်ဘူးနော်။ သူဖန်တီးသမျှ အနုပညာလက်ရာတွေ သန့်ရှင်းရေးလုပ်ဖို့သာ ပြင်ဆင်ထားပါ။ (အချိန်ရရင်၊ ကင်မရာတစ်လုံးလောက် အဆင်သင့်ရှိရင်တော့ ဓာတ်ပုံလေး ရိုက်ယူထားလိုက်ပါ) ပြန်ဖျက်ဖို့လွယ်ကူတဲ့ ရောင်စုံခဲတံမျိုး ပေးထားရမှာပေါ့။ ကလေးက သူ့အတွက် ထားပေးထားတဲ့ သင်ထောက်ကူကိရိယာတွေကို ဝါးမစားဖို့လည်း သတိထားနေရမှာပါ။ တိရစ္ဆာန်ကလေးကို ခြယ်တဲ့ အရောင်တွေ မည်းသည်းပြီး ကျွမ်းနေအောင် ခြယ်တတ်တဲ့စနစ်ကလည်း မလွဲမသွေ တွေ့ကြုံရမှာပါပဲ။ ဒီအတွက် အပြစ်ဒဏ်ပေး ဆုံးမစရာ လုံးဝမလိုပါဘူး။ သူ့စိတ်ထဲက မှန်းဆထားတဲ့ အရောင်၊ ဒါမှမဟုတ် သူ့စိတ်ထဲမှာ ကျေနပ်သွားတဲ့အထိ ခြယ်ပစ်လိုက်တာ ဖြစ်ချင်ဖြစ်မှာမို့ပါ။

စာလုံးတွေရေးလာပြီဆိုတဲ့အခါမှာ အရေးအကြီးဆုံးက ကလေးဟာ သူ့စိတ်ကူးနဲ့သူ လေ့လာအားထုတ်ခွင့်ရဖို့ပါ။ 'စာလုံးနဲ့ ကဏန်းတွေ တင်ကြိုသင်ပေးရတာ သိပ်ကို လွယ်လွန်းပါတယ်' လို့ T.Beray Bragelton ရေးတဲ့ 'touchpoints' ဆိုတဲ့ စာအုပ်ထဲမှာ ဖော်ပြထားပါတယ်။ ပြီးတော့ သူက 'ကျုပ်အတွက်တော့ အချိန်ကိုက် သင်ပေးဖို့ထက် ကလေးက လိုလိုချင်ချင် ဆန္ဒရှိနေတာက ပိုအရေးကြီးတယ်။ ဒါတွေ သင်ယူဖို့ စိတ်ကူးက ကလေးရဲ့တောင်းဆိုမှုပဲ ဖြစ်ရမယ်။ ဒီအရွယ်မှာ သင်ယူဖို့ငြင်းနေတဲ့၊ မလိုချင်တဲ့ကလေးကို တွန်းအားပေးဖို့က သိပ်လွယ်ကူတယ်။ ဒါပေမဲ့ တတ်တာထက် ထိခိုက်မှုက ပိုများတယ်။

သူငယ်တန်းတက်မဲ့ ကလေးတွေဟာ စိတ်မပါဘဲနဲ့ စာရေးစာဖတ်အတွက် ဖိအားအပေးခံခဲ့ရမယ်ဆိုရင် မူကြိုအတူတက်ခဲ့ဖူးတဲ့ သူငယ်ချင်းအတန်းဖော်တွေထက်တော့ သာတယ်လို့ ထင်ရတယ်။ ဒါပေမဲ့ လေ့လာတွေ့ ရှိချက်မှာ အဲဒီကလေးတွေဟာ အရွယ်ရောက်လာလေ မှတ်တဲ့စနစ်မှာ ချို့ယွင်းလေ


www.burmeseclassic.com



ဖြစ်ရတာကို တွေ့ရတယ်လို့ ဖော်ပြထားပါတယ်။ ဒါဟာ ကလေးရဲ့ဘဝမှာ စာရေးစာဖတ်ကနေတစ်ဆင့် သင်ယူလေ့လာရမယ့် သင်ယူလေ့လာချင်စိတ်ကို ထိန်းသိမ်းထားနိုင်စွမ်း ပျက်စီးလျော့ပါးသွားတာပါပဲ။

ဒီတော့ ကလေးကို တတ်နိုင်သလောက် စကားများများပြောပြီး စာအုပ်များများ ဖတ်ပြရမှာပါပဲ။ ဘာသာစကားတွေ ကြားရသလောက် ကလေးရဲ့ ဦးနှောက်ဟာလည်း ဖွံ့ဖြိုးရင့်ကျက်လာရမှာပါပဲ။ အရေးအသား အပါအဝင် လူမှုဆက်ဆံရေးအတွက်ပါ အရှည်သဖြင့် ကျေးဇူးကြီးမားပါတယ်။

❑



BURMESE CLASSIC .com

## ရင်ခွင်ပိုက်၊ လမ်းလျှောက်စနဲ့ ကလေးသူငယ်မှန်သမျှကို စာဖတ်ပြခြင်းနဲ့ ပတ်သက်၍ ..

ဘာကြောင့် . . .

ဘယ်သဘော . . .

ဘယ်လို ဘယ်လောက် . . .

ဒီစာမျက်နှာမှာ အောက်ဖော်ပြပါမေးခွန်းများရဲ့ အဖြေတချို့ ရှိပါတယ်။

* ကလေးကို စာဖတ်ပြတာဟာ သိပ်ကောင်းတယ်ဆိုတဲ့ အကြောင်းရင်း။
* ဘာကြောင့် ကလေးပိစိတွေကို စာဖတ်ပြရမှာလဲ။
* စာဖတ်မကောင်းတဲ့သူဆို ဘယ်လိုလုပ်မလဲ။
* ဘယ်လို ဖတ်ပြသင့်သလဲ ... အသက်အရွယ်အလိုက် လမ်းညွှန်မှုနဲ့ ဆောင်ရန် ရှောင်ရန်။
* အသက်အရွယ် အချိန်အခါအလိုက် သင့်တော်တဲ့ စာအုပ်အမျိုးအစားကို ဘယ်လိုရွေးရမလဲ။

မှတ်ချက် –

ဒီနေရာကစပြီး 'ကလေး'လို့ပဲ သုံးပါမယ်။ ဒီစာအုပ်ကို ဖတ်ဖြစ်တဲ့ မိဘတွေထဲက သမီးရှင်များကိုတော့ ကြိုပြီးတောင်းပန်ပါရစေ။ ဒါပေမဲ့ ကလေးလို့ပြောလိုက်၊ ကလေးမလို့ပြောလိုက် လုပ်ဖို့ မသင့်ဘူးမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ကလေးဆိုတာ ကလေးမပါ ပါတယ်လို့ သဘောပေါက်ပေးကြပါ။

စာဖတ်ခြင်းက 'ကလေး' အားလုံးအတွက် သာတူညီမျှ အခွင့်အရေးပါပဲ။

**ကလေးကို စာဖတ်ပြတာ သိပ်ကောင်းတယ်ဆိုရတဲ့အကြောင်း**

* ပထမဦးဆုံးအချက်ကတော့ မိဘကိုယ်တိုင် ကိုင်တွယ် ဖြေရှင်းနိုင်တဲ့ ကိစ္စဖြစ်လို့ပါပဲ။ ပြီးတော့ ကြိုးစားသလောက် တန်ဖိုးလည်း မြင့်မားလှပါတယ်။ ဘာကြောင့်များလဲ ...?
* ဘာသာစကားအပေါ် ကွဲပြားတဲ့ပုံစံတွေ၊ အသံဟန်၊ ဌာန်နဲ့ မာန်ပေါ့။ ဒီအတွေ့အကြုံကို ပေးပါတယ်။
* သုတေသနပြုခဲ့သမျှ အချက်အလက်တွေကလည်း စာဖတ်ပြခြင်း၊ မိဘ–ပတ်ဝန်းကျင်နဲ့ စကားအမေးအဖြေ အပေးအယူ များများလုပ်ခဲ့တဲ့ ကလေးဟာ ကျောင်းစာသင်ခန်းထဲမှာ အဆင်တပြေနဲ့ သင်ကြားခြင်းအတွက် အဆင်သင့်ဖြစ်နေတယ်လို့ ညွှန်ပြ ကောက်ချက်ချထားတယ်။
* နေ့စဉ်သုံး စကားတွေထဲမှာ မပါနိုင်တဲ့ အချက်အလက် အတော်များများကိုလည်း လက်ရောက်ပေးပို့ နိုင်ပါတယ်။
* ကလေးနဲ့ စိတ်ချမ်းချမ်းသာသာ တရားဝင်နေထိုင်နိုင်တဲ့ အခွင့်အရေး တစ်ခုလည်း ဖြစ်တယ်ပေါ့။
* သိပ်တည်ငြိမ်အေးဆေးတဲ့ အခြေအနေတစ်ခုကို ပိုင်ဆိုင်ရရှိခြင်းပါ။

သတိ !!

စာဖတ်ခြင်းဟာ နှစ်လိုဖွယ်ရာကိစ္စတစ်ခုဖြစ်ရမယ်။

အလုပ်တစ်ခု မဟုတ်ဘူး။

စာဖတ်ခြင်းနဲ့ ပညာရေးဟာ သာမန်ကြည့်ရင်တော့ သိပ်အရေးကြီးတဲ့ အသည်းအသန်ကိစ္စပါ။ ဒါပေမဲ့ အဲဒီလိုတကယ်သဘောထားရမှာက ဆရာတွေနဲ့ မိဘတွေပါ။



ကလေးတွေမဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် ပျော်စရာမကောင်းရင်တော့ ကလေးက လုပ်မှာကို မဟုတ်ဘူးနော်။

ပြီးတော့ ...

ကလေးတွေမှာ သူတို့မလုပ်ချင်တာတွေကို ရှောင်ရှား ငြင်းပယ် ဆန့်ကျင်ဖို့အတွက် မဟာဗျူဟာမြောက် နည်းလမ်းပေါင်းစုံ ရှိနေတယ်။ ဥပမာ– 'မလုပ်နိုင်'ချင်ယောင် ဆောင်တာမျိုး။ လုပ်ခိုင်းနေတဲ့မိဘကိုယ်တိုင် အပြစ်မကင်းသလို၊ နောက်ကျောမလုံသလိုနဲ့ 'ကလေးကို ငါ ဖိအားတွေ သိပ်ပေးနေမိပြီလား' ဆိုတဲ့ အတွေးမျိုးတွေ ဝင်လာနိုင်တဲ့အထိ သူတို့(ပြောရရင် အဲဒီသောက်ကလေးတွေ) စွမ်းဆောင်နိုင်ကြပါတယ်။ မွေးရာပါ မှော်ပညာရှင်ကြီးတွေပေါ့။

ကလေးကတော့ သူ မကျေနပ်တဲ့ကိစ္စကို ကြိုးစားကြည့်မှာကို မဟုတ်ဘူး။ သိပ်ခက်တယ်လို့ ထင်လိုက်တာနဲ့ 'ငါ ဒီကိစ္စမှာညံ့တယ်'လို့ ထင်သွားတတ်တယ်။ ဒီတော့ မိဘတွေရဲ့အလုပ်က လွယ်ကူသက်သာ ပျော်ရွှင်စွာဆိုတာမျိုးကို ဖန်တီးပေးရမှာပါ။

ကလေးပိစိလေးတွေရော ... ဒါပေါ့ အတူတူပဲပေါ့ ...

သူတို့လေးတွေအတွက်က ပိုပြီး အကျိုးကျေးဇူး ကြီးပါတယ်။ ရုပ်ပုံတွေအပေါ် အာရုံစိုက်ဖို့ အားထုတ်ခြင်းဟာ မျက်လုံးကြွက်သားတွေကို ဖွံ့ဖြိုးစေပါတယ်။ စကားလုံးတစ်လုံး ကြားလိုက်တိုင်းမှာ သူ့မှတ်ဉာဏ်ထဲ စွဲမြဲနေအောင် မှတ်သားသွားတယ်။ စဉ်းစားကြည့်ပါ။ လူတွေရဲ့ဦးနှောက်တွေ ဘယ်လိုများ သင်ယူနေသလဲ .. ပြုလုပ်ခြင်းနဲ့ပဲ သင်ယူပါတယ်။ ကလေးရဲ့ မြင်တာ၊ ကြားတာ၊ ဘာပဲဖြစ်ဖြစ် တစ်ခုခုကို ခံစားတာမှန်သမျှဟာ ဦးနှောက်ဆီကိုပဲ အဆက်အစပ်လုပ်ရတာပါပဲ။ တစ်ဆက်တည်းမှာပဲ အဲဒီအဆက်အစပ်ပြုခြင်းတွေကပဲ "ကျွမ်းကျင်မှု" ဒါမှမဟုတ် "ပညာဉာဏ်" အပိုင်းအစတွေအဖြစ် ထုတ်လုပ် ဖန်တီးလိုက်တာပါပဲ။

**အသံထွက် စာဖတ်ကောင်းသူ မဟုတ်ပါ**

ဒီလိုလူတစ်ယောက်ဖြစ်ဖို့ လုံးဝမလိုအပ်ပါဘူး။ အသံထွက်သာ ပီသပါစေ။ 'တ' နဲ့ 'သ'နဲ့ မကွဲတာမျိုး၊ 'ရ' နဲ့ 'ခ' မကွဲတာမျိုးတော့ မဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



စေနဲ့။ ဖြည်းဖြည်းလေးလေးနဲ့ တစ်လုံးချင်းသာဖတ်ရမှာပါ။ ဒီလိုဖတ်တာဟာ တစ်လုံးချင်း ပီပီသသ ကြည်ကြည်မြမြ ကြားရတာမို့ ကလေးအတွက် ပိုကောင်းပါတယ်။

ဒီလိုဖတ်တာကိုပဲ အဆင်မပြေဘူးလို့ ထင်နေသေးရင်တော့ အကြံပြုစရာ နှစ်ချက်ရှိပါတယ်။


- ✱ ကလေးကို စာဖတ်မပြခင်မှာ ဖတ်ပြဖို့ စီစဉ်ထားတဲ့ ပုံပြင်စာအုပ်ကို အရင် အသံထွက်ပြီး လေ့ကျင့်ဖတ်ရှုပါ။
- ✱ ကိုယ့်အရင်စောပြီး မိဘဖြစ်နေတဲ့သူတွေ၊ ဆရာ ဆရာမတွေနဲ့ ကလေးသူငယ်ဆိုင်ရာ အဖွဲ့အစည်းတွေကို မေးမြန်းစုံစမ်းရမယ့် အချိန်ပါပဲ။ မေးပါ၊ စုံစမ်းပါ၊ အင်တာနက်ကို သုံးပါ။

BURMESE CLASSIC .com

### ဘယ်လိုဖတ်ရမှာလဲ

ပထမဦးဆုံး သက်သောင့်သက်သာ အနေအထားနဲ့ အခြေအနေထဲကို မိဘနဲ့ ကလေး နှစ်ဦးစလုံး ရောက်ရှိနေပါစေ။ အေးဆေးငြိမ်သက်နေရမယ် ပေါ့။ ကြားနေရတဲ့ပုံပြင်ကလည်း ကလေးကို သိချင်စောနဲ့ အာရုံစူးစိုက်တည်ငြိမ်နေစေမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ မိဘ ဖတ်နေတဲ့စာအုပ်နဲ့အတူ စာသားကိုပါ ကလေးအနေနဲ့ မျက်ခြည်မပြတ် မြင်နေရပါစေ။





### ၂ နှစ်နဲ့အောက် ကလေးသူငယ်များအတွက်

- ✱ ရုပ်ပုံပေါ်မှာ လက်ထောက်ပြီး ပြောခြင်း၊ ဘာပုံလဲလို့ မေးခြင်း။
- ✱ သီချင်းဆိုနေသလို လေသံယိမ်းနွဲ့စီရီပြီး ဖြည်းညင်းစွာ ရွတ်/ဖတ်ပါ။
- ✱ ဇာတ်ကောင်အလိုက် အသံကို ကွဲပြားအောင် ဟန်ဆောင်ပြီးပြောပါ။ (ဖျော်ဖြေမှုတစ်ခုလို့ သဘောထား)
- ✱ နောက်တစ်မျက်နှာ မလှန်ခင် စာမျက်နှာပေါ်က ရုပ်ပုံအကြောင်းကို ပြောဖို့ ရှင်းလင်းဖို့ အချိန်ယူပါ။ (ပြီးပြီးရော စာမျက်နှာတွေ အမြန်ကျော်ပြီး မဖတ်ပါနဲ့)
- ✱ မိဘက မေးပြီး ကလေးကို ပြန်ညွှန်ပြ၊ ထောက်ပြခိုင်းပါ။ ရှာဖွေခိုင်းပါ။
- ✱ ကလေးက မှန်ကန်အောင် ရှာပြ၊ ထောက်ပြနိုင်တဲ့ အကြိမ်တိုင်း ကလေးကို ပွေ့ဖက်နမ်းရှုံ့ ကောင်းချီးပေးပါ။ မမှန်ကန်ရင်လည်း ပြင်ပေးပြပေးပြီး ပွေ့ဖက်တဲ့အလုပ်ကို လုပ်ပါ။ ဒါဟာ မေတ္တာတရားရဲ့ အခြေခံပေါ့။

### ၂ – ၄ နှစ် အရွယ် ကလေးများအတွက်

- ✱ မိဘက ဖတ်မပြခင် စာအုပ်ထဲက ပုံတွေကို ကြည့်ဖို့ အချိန်ပေးရမယ်။
- ✱ 'ဘယ်နေရာလဲ ...' 'ဒါကို ဘာခေါ်သလဲ ...' 'မင်း သမီးလေး ဘာလုပ်နေတာလဲ' စတာတွေ မေးခွန်းထုတ်ရပါမယ်။
- ✱ ဖတ်နေတဲ့ စာလုံးနဲ့ စာကြောင်းပေါ်မှာ မိဘရဲ့လက်က အမြဲတမ်း ညွှန်ပြနေရမယ်။
- ✱ ရင်းနှီးပြီးသား ပုံပြင်တွေဆိုရင် စာကြောင်းရဲ့အဆုံးသတ်တွေကို ကလေးက ဝင်ရွတ်သလား၊ ဒါမှမဟုတ် အစနိဒါန်းတွေကို ကြိုပြောသလားဆိုတာလေး သတိထားလိုက်ပါ။
- ✱ 'သူ ဒါကို ဘာကြောင့်လုပ်ရတာလဲ ...' 'ဒါပြီးရင် ဘာဆက်ဖြစ်မှာလဲ ...' ဆိုတဲ့ မေးခွန်းမျိုးလေးတွေ မေးပေးပါ။
- ✱ ပုံပြင်ထဲက ကြိုက်တဲ့ အကြောင်းအရာ၊ မကြိုက်တဲ့ အကြောင်းအရာတွေအကြောင်း အပြန်အလှန် ဆွေးနွေးပါ။

www.burmeseclassic.com

www.burmeseclassic.com



၄ နှစ်နဲ့အထက် (တချို့ ၃ နှစ်သားတွေ)

အထက်က အချက်အလက်တွေအပြင် ...

* ပုံပြင်ထဲက ခေတ်အခြေအနေ၊ လူတွေရဲ့ စိတ်နေသဘောထားတွေ မှတ်မိနိုင်ဖို့ မေးပေးရပါလိမ့်မယ်။
* အတူတူဖတ်ကြပါ။ သံပြိုင် ဖတ်ချင်ဖတ်၊ တစ်ယောက်တစ်ကြောင်း ဖတ်ချင်ဖတ်ပေါ့။ မိဘနဲ့ ကလေး အပေးအယူမျှရင် ပြီးတာပဲပေါ့။

## ထူးခြားတဲ့လှုပ်ရှားမှု

စာဖတ်ခြင်းအတွက် ကလေးဟာ အဆင်သင့်ဖြစ်နေပြီလို့ ခံစားမိရင် ဒီလိုလေးလုပ်ကြည့် ...

ခေါင်းထဲမှာ ဖျတ်ခနဲပေါ်လာတဲ့ နာမည် ဒါမှမဟုတ် စကားစုတစ်ခု၊ အခေါ်အဝေါ်တစ်ခုကို ပြောပြပြီး ဘာအဓိပ္ပာယ်လဲ၊ တခြားတူတဲ့ စကားလုံးကို သိသလားဆိုတာမျိုး ဉာဏ်စမ်းကလေးပေါ့။ စာလုံးတွေကို မှတ်မိနေတာ သေချာရင်လည်း ပထမဦးဆုံး ကြည့်ပြီး ပြောခိုင်းပါ။ မကြည့်ဘဲပြောတဲ့ အဆင့်ကတော့ သူ့ဟာသူ ဆက်လုပ်သွား ပါလိမ့်မယ်။


စာဖတ်ခြင်းဟာ ဘဝရဲ့အစိတ်အပိုင်းတစ်ခုဆိုတာကို ကလေး သိမြင်ပါစေ။ 'အလိမ္မာ စာမှာရှိ' ကို မိဘက ပြောပြလို့ လက်ခံသွားတာထက် ကလေးကိုယ်တိုင် သဘောပေါက် သိမြင်တာက ပိုကောင်းတယ်မဟုတ်လား။ အိမ်မှာ စာအုပ်နဲ့ ဂျာနယ်၊ မဂ္ဂဇင်းတွေရော ရှိနေပါရဲ့လား ...

## စာအုပ်အမျိုးအစား

သိပ်ငယ်နေသေးရင်တော့ အမြင်အာရုံက မလိုက်နိုင်သေးဘူး။ ရုပ်ပုံကြီးကြီး၊ လိုင်းရှင်းရှင်းနဲ့ရုပ်ပုံ၊ နီ၊ စိမ်း၊ ပြာနဲ့ အနက်ရောင်တွေကတော့ ထုံးစံအတိုင်း အကောင်းဆုံးပေါ့။ ရောင်စုံစာအုပ်တွေဆို ကလေးတွေ ကြိုက်တတ်ပါတယ်။

ကလေးကို စာဖတ်ပြတဲ့အချိန်ဟာ အလုပ်နှစ်ခုကို တစ်ချိန်တည်းမှာ လုပ်ရတာပါပဲ။ ရုပ်ပုံပေါ်ထောက်ပြီး အခေါ်အဝေါ်တစ်ခုကို ရွတ်ပြနေမယ်။ ကလေးက အရုပ်အပြင် အသံကိုပါ အာရုံစိုက်နေရမယ်။





ဒါကတော့ စာအုပ်ကို ဝါးစားဖို့ထက်ပိုပြီး စိတ်ဝင်စားလာတဲ့ ကလေးသူငယ်တွေအတွက် ထုံးတမ်းစဉ်လာ တစ်ခုပါပဲလေ။

နောက်တစ်ခုက စာဖတ်နေတဲ့အချိန်မှာ မိဘအသံကို နာယူနေရင်း သူ မကြားဖူးသေးတဲ့ ဘာသာစကားတစ်ခုနဲ့ လေယူလေသိမ်းကို ကြားနေရမှာပဲ။ ဒါဟာ ဘာသာစကား မိတ်ဆက်အဖွင့်သင်ခန်းစာပဲပေါ့လေ။

စံတစ်ခုအနေနဲ့ စာအုပ်သုံးမျိုး ရှိပါတယ်။

* ထင်ရှား၊ တောက်ပ၊ ပြတ်သားတဲ့ ပုံရိပ်တွေပါတဲ့ ရုပ်ပုံစာအုပ်တွေဟာ အာရုံစိုက်ခြင်းနဲ့ မှတ်သားမှုကို ကူညီမယ်။
* ကဗျာ၊ သီချင်းနဲ့ ပုံပြင်တွေပါတဲ့ 'မိဘကိုယ်တိုင်က' ဖတ်ချင်နေတဲ့ ပုံပြင်စာအုပ်တွေ။
* ကလေးနားမှာ ထားခဲ့လို့ရမယ့် စာအုပ်အမျိုးအစား။

ဒါမှလည်း စာအုပ်ရဲ့အရသာကို ကလေးက စမ်းသပ်ခွင့်ရမှာပေါ့။ (စာအုပ်ပေါ်က သတိပေးစာတန်းကို သေသေချာချာ ဖတ်ထားပါ)

## လမ်းလျှောက်စနဲ့ မူကြို

ကြားရသမျှ အသံတွေကို နားလည်နေပြီဆိုတဲ့ ကလေးတွေအတွက်တော့ နည်းနည်းကွဲပြားသွားပြီ။ သူ ဖတ်မယ့်စာအုပ်ကို သူ့ဟာသူ ရွေးချင်ရွေးပါစေ။ လမ်းညွှန်တာမျိုးတော့ လုပ်ပေးရမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုစာအုပ်မျိုးလေးတွေ လိုပါလိမ့်မယ် ...

* ဘာသာစကားတစ်ခုတည်းကမှ မတူတဲ့ အရေးအသား ပုံစံမျိုးစုံပါတဲ့ စာအုပ်တွေ (ကဗျာ၊ စာညွှန့်၊ ရိုးရာပုံပြင်၊ စိတ်ကူးယဉ်ပုံပြင်တွေ)

* ဖတ်ရလွယ်ကူရမယ် (အရေးအသားရှင်းလင်းခြင်း) စာနည်းရမယ် (စာကြောင်းများ တိုတောင်းပြတ်သား ခြင်း)။ ဒီလိုမှ ကလေးဟာ စာ စဖတ်တဲ့အချိန်ကတည်းက အမှီအခိုကင်းကင်းနဲ့ သူ့ဟာသူ ဖတ်တဲ့အကျင့်ကို ရလာမှာပါ။ ကြားဖူးပြီးသား ပုံပြင်တွေဆို ပိုကောင်းပါတယ်။

* ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ကလေးသိပ်နှစ်သက်တဲ့ စာအုပ်ပဲ ဖြစ်ရပါမယ်။ (ဘိုးဘိုးကြိုက်တဲ့ ကောင်မကလေးတွေပုံပါတဲ့ စာအုပ်မျိုးက လွဲရင်ပေါ့လေ)

သတိ !!

ပတ်ဝန်းကျင်မှာ စာလုံးတွေ ရှိနေပါတယ်။ နေ့စဉ် ဖတ်ရှုနေရတာ စာအုပ်တွေချည်းပဲ မဟုတ်ဘူးဆိုတာ မမေ့ပါနဲ့။ ဈေးဆိုင်နဲ့ ဆိုင်ပေါင်းစုံရဲ့ ဆိုင်းဘုတ်တွေ၊ ခေါင်းစည်းတွေ၊ ကြော်ငြာတွေ၊ လမ်းညွှန်စာတန်း၊ သတိပေးစာတန်း၊ ဖိတ်စာ၊ လက်ကမ်းကြော်ငြာ၊ ဖတ်ရှုခြင်းနဲ့ ဆက်စပ်သမျှ၊ ဖတ်လို့ရတာ အားလုံး ကလေးကို ပြပေးပါ။

## အခြေအနေနဲ့ သက်ဆိုင်တဲ့ စကားများ

လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်တဲ့အနေနဲ့ စကားပြောကြရပါတယ်။ စကားပြောခြင်းနဲ့ စာဖတ်ခြင်းဟာ ဒီဆက်သွယ်ရေးကို ကျွမ်းကျင်လာအောင် ကလေးကို လေ့ကျင့်ပေးတာပါ။ နေ့တစ်နေ့ရဲ့ အခြေအနေတွေ၊ အိမ်ထဲက အကြောင်းအရာတွေ၊ အရာဝတ္ထုတွေရဲ့ အနေအထားတွေ ကလေးကို ပြောပြခြင်းဟာ သူ ပြောပြနိုင်လာတဲ့ အခြေအနေရောက်အောင် ပျိုးထောင်ပေးနေတာပါပဲ။ စကားလုံး၊ စာလုံးဆက် ကစားနည်းတွေဟာလည်း ကိုယ့်ဘာသာစကားအပေါ် သိချင်စောတွေ ကလေးဆီမှာ ဖြစ်



ထွန်းလာဖို့ ပျော်စရာကောင်းတဲ့ နည်းလမ်းတွေပါ။ ပတ်ဝန်းကျင်ကို ကလေးနဲ့ လမ်းလျှောက်ထွက်ရင်း တွေ့သမျှ မြင်သမျှ အရာတွေအားလုံးကို တစ်ယောက်တစ်လှည့် နာမည်တပ်ခြင်း၊ အပြန်အလှန် မေးမြန်းခြင်း၊ ဖြေဆိုခြင်း၊ ဖွင့်ဆိုရှင်း ပြခြင်းတွေ လုပ်နိုင်သမျှလုပ်ပေးပါ။ ဒါမှမဟုတ် ရိုးစင်းတဲ့ ကာရံလေးတွေ ပြောကြည့်ပါ။ ရပ်ပ်(Rap) လေးတွေပေါ့လေ။

ဥပမာ ...

'မနက်ခင်း၊ ကြွက်ပျင်း

နပ်ရင်းနဲ့ ကော်ဖီသောက်' တို့ ဘာတို့ပေါ့ ...

အင်္ဂလိပ်လိုကတော့ စာသေးတယ်ထင်ရင်လည်း မလုပ်ပါနဲ့။ ဒီအရွယ်ကတည်းက စထားတာ ကောင်းတယ်၊ သဘောကျတယ်ဆိုရင်လည်း ...

the pot is hot,

the cat in the hat

လိုမျိုးလေးတွေ ပြောကြည့်ပေါ့။

ကလေးစကားပြောတာကို စိတ်ရှည်ရှည်နဲ့ အချိန်ပေးဖို့က အဓိကပါပဲ၊ စိတ်စောတွေ ရှေ့ရောက်မနေပါနဲ့။ ကလေးပြောသမျှကိုလည်း နားစိုက်ထောင်ပြီး တုံ့ပြန်ဖို့ မမေ့ပါနဲ့။ မသိကျိုးကျွံ မလုပ်လိုက်ပါနဲ့။ ဂူးဂူးဝါးဝါး အသံတွေပဲဖြစ်ဖြစ် ဂရုစိုက်နားထောင်ပေးရပါလိမ့်မယ်။ ဒါကလည်း တစ်ချိန်မှာ 'မင်း ငါ့စကား နားမထောင်ဘူးလား'လို့ ဖြစ်မလာအောင်လို့ပါပဲ။

စကားကတော့ သိကြတဲ့အတိုင်းပေါ့... 'သားသားလေးက ဘယ်မှာလဲ မီးမီးလေးကဘယ်မှာလဲ၊ ဒီမှာ ... ဒီမှာ" ကပဲ စကြရမှာပဲလေ။

သတိနည်းနည်းထားဖို့ကတော့ ကလေးက အလွဲတွေလုပ်ရင် အမှန်ပြင်ပေးဖို့ အလောတကြီး မလုပ်ဖို့ပါပဲ။ လွဲတဲ့ အတိုင်းလေး အသာထားပြီး ပြင်နိုင်လောက်တဲ့အနေအထား ရောက်မှ ပြင်ပေးရမှာပါ။ အမှားကြီး အမှားခင် အမှားလေးကိုတော့ ခဏ ခွင့်ပြုထားရပါလိမ့်မယ်။

မိဘတွေ သိထားဖို့က ...

ကလေးမှာ အမှားအမှန်ဆိုတာ မရှိသေးဘူး။

လုပ်ချင်တာနဲ့ မလုပ်ချင်တာပဲ ရှိသေးတယ်။

BURMESE CLASSIC .com

www.burmeseclassic.com


www.burmeseclassic.com



လုပ်ချင်တာ လုပ်ခွင့်ပေးပြီး
မှားနေတာတွေကို မလုပ်ချင်တော့အောင်
လမ်းကြောင်းပေးကြရမှာပေါ့။

ကဲ ... ကလေးတိုင်း စာဖတ်ခြင်း၊ စာရေးခြင်းမှာ ပျော်မွေ့လာအောင်၊ စာဖတ်ကောင်းသူတွေဖြစ်လာအောင် မိဘတို့ ကူညီကြပါစို့လား။

❑




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ကလေးကို
# စာ
# ဖတ်ပြတဲ့အခါ

BURMESE CLASSIC .com



www.burmeseclassic.com